www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၆ ဇန်နဝါရီ
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ချယ်ရီမေ(အင်းစိန်)
အတွင်းဖလင် - ADORN၊
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၀၃၇၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြ-၀၀၄၅၉)၊
စိုးဧမဏ္ဍာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ကေန်မင်း ၃၉၈.၂
မဖဲဝါကို ပြန်ခြောက်တဲ့သရဲ/ကေန်မင်း
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၆။
၂၀၁-စာ၊ ၁၂ × ၁၈ စင်တီ

BURMESE CLASSIC .com

# မဖဲဝါကို ပြန်ခြောက်တဲ့သရဲ

ကေန်မင်း

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


၁။ ပေဖဲဝါကိုပြန်ခြောက်တဲ့သရဲ ၃

၂။ အစအနှောက်သန်စေသောခေါင်းပြတ်သရဲ ၄၁

၃။ သရဲစကားဝိုင်း(၁) ၅၂

၄။ သရဲစကားဝိုင်း(၂) ၇၀

၅။ ပေဖဲဝါကိုစိန်ခေါ်သူ ၈၉

၆။ အလှူသွားစားသည့်တစ္ဆေကြီး ၁၀၇

၇။ ဘောက်ချောင်းဗိုလ်တစ္ဆေကြီး ၁၃၈

၈။ စလောင်မီးလက်နက် ၁၇၀

၉။ တစ္ဆေတကယ်ရှိသည် ၁၉၁


BURMESE CLASSIC .com



# ပေဖဲဝါကို ပြန်ခြောက်တဲ့သရဲ

အနောက်တောင်ဆီမှ မိုးသားမိုးမည်းတို့က တရိပ်ရိပ်တက်လာသည်။ လေနှင့်အတူ မိုးကာပါရွာလိုက်လာသည်။ ညနေငါးနာရီခန့်မှ ပြီး မိုးက သည်းသည်းမည်းမည်းရွာနေသည်။

ဒေါ်ဟင်္သာ၏ သုတ်အဖွဲ့မှ ထွေးခင်၊ ဖွေးလှ၊ တင်မေတို့ ဆယ်ယောက်သောဂိုဏ်း၊ ပုံမှန်စိုက်လျှင် သုံးရက်စာစိုက်ရမည့် စပါးကို နှစ်ရက်နှင့်အပြီး ပုတ်ပြတ်စိုက်လိုက်ကြသည့်အတွက် စောစော ပြီးဘဲ ငါးနာရီခွဲမှပင် စိုက်ကွက်ပြတ်သည်။

"ရွာကို ခြောက်နာရီရောက်ရင် ကံကောင်းပဲ"

ကိုတင်အေး၏ လက်ကျန်လယ်ကွက်ကို မိန်းကလေး ဆယ်ယောက် နှစ်ရက်တည်းနှင့် အပြတ်ပြတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သုတ်သူကြီး ခေါ်တင့်လက်အောက်တွင် ကောက်စိုက်သမ နှစ်ဆယ့်ငါးယောက် ရှိသည်။

လယ်စိုက်ရန် သင့်တော်သလို လူလွှတ်ပေးသည်။ နောက်နေ့ ကိုတိုးမြင့် လယ်ဆယ်ဧကကို စ၍ စိုက်ရမည်ဟု သိထားသည်။

ထွေးခင်တို့ မိန်းကလေးဆယ်ယောက်မှ ငါးယောက်က ရဲနွယ်ချောင်းထိပ်မှ ရွာထဲဝင်သောလမ်းအတိုင်း ဝင်ခဲ့ကြသည်။

ထိုအချိန် မိုးက မှောင်သထက်မှောင်လာသလို မိုးကလည်း ငါးလုံးတိုး ရွာချနေသည်။ မိုးသက်လေပြင်းများက ဟဒိုးဒိုး၊ တဝုန်းဝုန်း မြည်ဟောင်တိုက်ခတ်လာသည်။

ခမောက်နှင့် မိုးကာကတစ်ဖက်၊ ထမင်းချိုင့်ကတစ်ဖက် လက်နှစ်ဖက် မအားရအောင် မိုးနှင့်လေက အလုပ်ရှုပ်စေသည်။

သွားရမည့်လမ်းက သချိုင်းဘေးလမ်းက သွားရမည်။ သူတို့ဆယ်ယောက်မှ ငါးယောက်က သဲကောကျောင်းရှေ့လမ်းမှ ကိုးနဝင်းရပ်ကွက်ဝင်သောလမ်းကို ခွဲ၍သွားသဖြင့် သချိုင်းဘေး လမ်းကို ငါးယောက်သား ကြောက်ကြောက်နှင့် ဖြတ်ပြန်ရတော့သည်။

"တို့နောက်ကလည်း အဖော်မပါဘူး"

"ဘာဖြစ်လို့လဲ"





"မိုးသားမိုးရိပ်တွေကြောင့် ပိုပြီးမှောင်လာတယ်။ ငါမသွား ရဲဘူး"

"အခုမှ ခြောက်နာရီကျော်ကျော်ပဲ ရှိသေးတာ၊ ဒါတိုင်းလည်း သွားနေကျပဲဟာ"

"အခုက ... အရင်ထက်မှောင်နေတယ်။ ဟိုရှေ့ကိုကြည့်... မှောင်နေတာတွေ့လား"

ကဲပါ တို့ငါးယောက် ဘာကြောက်စရာရှိလဲ။

ထိုစဉ် မိုးက လေပြင်းတချက် မွှေ့လိုက်သဖြင့် ဝေါခနဲ အော်ကာ ရေသွန်ချလိုက်သလို ရွာလိုက်ပြန်သည်။

ဝုန်း ...

ဂျိမ်း ... ဂျိမ်း ...

"အမလေး"

မိုးကြိုးပစ်သံနှင့်အတူ လျှပ်စီးပါ လက်သွားသဖြင့် မိန်းကလေး တစ်စု လန့်ဖ်အော်လိုက်ကြသည်။

"ရှေ့မှာ မည်းမည်းကြီး တွေ့လိုက်တယ်"

"မဟုတ်ပါဘူး၊ ငါတို့မတွေ့ပါဘူး။ နင့်ကြောက်စိတ်က နင့်ကို ခြောက်နေတာ"

ငါ သေသေချာချာ တွေ့လိုက်တယ်။ မတ်တတ်ကြီး ရပ်နေ



www.burmeseclassic.com

www.burmeseclassic.com

ကယ်။

သချိုင်းအတွင်း သရဲလိုလို အကောင်တစ်ကောင်ကို မြင်လိုက်သည်ဟု ဒွေးလှက ဆိုလာသလို ထွေးခင်ကလည်း သရဲလား၊ လူလားမသိ။ ကိုင်းတောနားမှာ ရပ်နေတာ တွေ့လိုက်သည်ဟု ဆိုသည်။

"ကဲပါ ညည်းတို့ စိတ်တင်လို့ဖြစ်ပါလိမ့်မယ်။ လာ မြန်မြန် လျှောက်လိုက်ကြ။ လမ်းက တစ်ဖြောင့်တည်းမဟုတ်တဲ့ ခပ်ကိုက်ကိုက် ဖြစ်နေသဖြင့် ခပ်ဝေးဝေးတိ မမြင်နိုင်သလို သချိုင်းပတ်လည်မှာ ရင်ခို့ခနဲ့ ကိုင်းပင်ပေါက်များ လူတစ်ရပ်ကျော်ကျော်တို့ဖြင့် အကာအကွယ်ကဲ့သို့ ဖြစ်နေသည်။

သချိုင်းလမ်းမှာ ညခြောက်နာရီကျော် ခုနစ်နာရီခန့်မှစ၍ တစ်ယောက်တည်း မသွားဝံ့ကြ။

နွေရာသီဆိုလျှင် သစ်ပင်သစ်ရွက်၊ ကိုင်းပင်တို့ ကျိုးတိုးကျဲတဲသာပေါက်ပြီး ခပ်လှမ်းလှမ်းအထိ မြင်နိုင်သည်။

ယခုလို မိုးပြိုင်းပြိုင်းကျနေသော ဝါဆိုလမှာ သစ်ပင်ပေါက်တို့ လျှင်မြန်စွာ ကြီးထွားလာသည်။ သို့ကြောင့် သရဲလိုလို၊ လူလိုလို မြင်လိုက်သော်လည်း သစ်ပင်ချုံနွယ်တို့ ပေါများစွာ ပေါက်နေခြင်း ကြောင့် မျက်စိမှားသည်လားဟု ဇဝေဇဝါဖြစ်ကြသည်။





ဝရော ... ဝုန်း ဝုန်း

ရုတ်တရက် မိန်းကလေးငါးယောက် လျှောက်လာရာ လမ်းဘေး ချုံကိုင်းကြီး ဝုန်းခနဲ လှုပ်သွားသလို ချုံပင်နောက်မှ မည်းမည်းကြီးကို မြင်လိုက်ကြသည်။

"အမယ်လေး"

"သရဲကြီးတော့"

"အား ... အမယ်လေး အမေရဲ့"

ဝုန်း ... ခလွမ်း

အသံပေါင်းစုံထွက်ပြီး မိန်းကလေးတစ်အုပ် ပြေးကြတော့သည်။

ဝုန်း

ထိုအထဲမှ ဒွေးလှ ခြေထောက်ချော်ပြီး ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်သွားသလို ထမင်းချိုင့်က အဝေးသို့ လွင့်သွားတော့သည်။

"ဘာလဲ ဘာဖြစ်လို့လဲ"

"ဟိုနောက်မှာ ဒွေးလှ လဲကျန်နေခဲ့ပြီ"

"လာကြဦး သွားကူပေးရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမသွားရဲဘူး ... သရဲက သူ့ဘေးက ချုံနောက်မှာ ရှိတယ်"

"လာပါ ဒီတို့သူ့ကို ထားခဲ့လို့ မဖြစ်ဘူး"

ထွေးခင်၊ တင်တင်မေ၊ မသီ၊ ဌေးဌေးဝင်းတို့ နောက်ကြောင်းပြန်လှည့်လာပြီး ထွေးလှ ချော်လဲရာသို့ ရောက်လာကြသည်။

"ရရဲ့လား ထွေးလှ"

"ထလို့ရမယ် ထင်တာပဲ၊ ဒီ့ထမင်းချိုင့် ဘယ်ဘက်လွင့်သွားပြီလဲ မသိဘူး"

"တဲ့ မိသိ ... ထမင်းချိုင့် ရှာစမ်းပါဦး"

"နင့်ကို ထူပေးမယ်၊ လမ်းလျှောက်လို့ ဖြစ်မယ်ထင်တယ်"

ထွေးလှအား လက်ဆွဲပြီး ထူလိုက်ကြသည်။

"ခါးနည်းနည်း မြက်သွားတယ်၊ လမ်းလျှောက်လို့ ရမယ်ထင်တာပဲ"

"ဟောဒီမှာ ထမင်းချိုင့် တွေ့ပြီ။ တော်သေးတယ်၊ ချိုင့်မပွင့်သွားဘူး"

ထွေးလှအား အသက်ကြီးသော မထွေးခင်က တွဲခေါ်လာခဲ့သည်။

မိုးကလည်း သည်းသည်းမည်းမည်း ရွာကောင်းတုန်း။





မိန်းကလေးတွေနောက်မှ မည်သူမှ ပါမလာ၊ သူတို့အား သရဲက ထပ်မခြောက်လှန့်တော့။

မိန်းကလေးတို့ ခြေလှမ်းမှန်မှန်နှင့် ဘုရားစာရွတ်ပြီး လျှောက်လာကြသည်။

မကြာခင်မှာပင် သုသာန်ဘုန်းကြီးကျောင်းရှေ့ ရောက်သွားသဖြင့် ကြောက်စိတ်၊ စိုးရိမ်စိတ်တို့ ပြေလျော့သွားကြတော့သည်။

သုသာန်ကျောင်းရှေ့ရောက်ပြီဆိုလျှင် ရွာဟဲဝင်ပြီဖြစ်သည်။

"ကဲ ... ထွေးလှကို သူ့အိမ်အရောက်ပို့ပြီးမှပဲ ကိုယ့်အိမ်ကိုယ် ပြန်ကြတာပေါ့"

မိန်းကလေးတစ်စုတို့လည်း ထွေးလှတို့ အိမ်အရောက် လိုက်ပို့ကြတော့သည်။

* * *

ဟား ... ဟား ... ဟား ...

"စိဝင်းတို့ကတော့ တကယ့်စံပဲ"

"တကယ်ပါကွာ။ ဒီက ဒို့ရည်းစားနဲ့ တွေ့မလို့၊ ရှဲနွယ်ချောင်းဘေးက အကြော်တဲမှာ သွားစောင့်နေတာ။ ဒို့ရည်းစားက သူ့အစ်မ ပါနေလို့၊ သဲကောကျောင်းဘက်လမ်းက ပြန်သွားတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



လမ်းလွဲသွားတယ်”

“မင်းက လမ်းလွဲမှန်း ဘယ်လိုသိတာလဲ”

“ကိုအေးမောင် ရွာကို ပြန်လာတာတွေ့လို့ စိုးစိုးမေတို့အဖွဲ့ ပြန်မလာသေးဘူးလား မေးလိုက်တာ”

“သူ့အစ်မနဲ့ အဝူတူ သဲကောကျောင်းဘက်လမ်းက ဝင်သွားပြီလို့ ပြောတယ်”

“ငါက ... မလာ မလာနဲ့ စောင့်နေတာ၊ မိုးက လည်းသည်း ခါတိုင်းလာနေကျဆိုတော့ မလာမချင်းစောင့်နေတာ၊ ကိုအေးမောင် နဲ့ တွေ့လို့ပေါ့”

“မင်းသိတဲ့အချိန်နဲ့ဆို သူက အိမ်ရောက်နေလောက်ပြီ”

“ဟုတ်တယ်၊ ငါလည်း ... ပြန်မယ်လို့ မြင်လိုက်ပြီး မိုးကာဝတ်လိုက်တယ်”

“စိတ်ဓာတ်ကျပြီး သချိုင်းက တစ်ယောက်တည်း ပြန်လာခဲ့တာပေါ့။ အဲဒီအချိန်မှာ နောက်ဘက်က ရွာသစ်ကြီးဟာ ကြက်မတို့ အုပ်စု မိုးသံလေသံကြားမှ စကားဖောင်အောင်ပြောပြီး လာနေတာကို တွေ့လိုက်တယ်။

“ငါလဲ စိုးစိုးမေနဲ့ လွဲသွားလို့ ဒေါ်ပွပြီး ပြန်လာခဲ့တာ၊ တွေးခင်တို့ အုပ်စုကိုမြင်တော့ တစ်ခုခု ပညာပေးဖို့ စိတ်ကူးရလိုက်



တယ်”

“အဲ့ဒါနဲ့ပဲ ... လမ်းကွေ့မှာ ရုတ်တရက် ကိုင်းပင်အုပ်စုနောက် ကို ပြေးဝင်လိုက်တယ်”

“သူတို့ထဲက တစ်ယောက်က မည်းမည်းကြီး မြင်လိုက် တယ်လို့ ပြောတယ်”

မဟုတ်ဘူး မမြင်ဘူး၊ ဟုတ်တယ်နဲ့ ငြင်းခုံရင်း ငါ့ကို ကျော်တက်သွားတဲ့ အချိန် ချုံပုတ်ကို အားကုန် ဆွဲလှုပ်ခါယမ်း လိုက်တယ်။

“သစ်ကိုင်းလှုပ်ယမ်းသွားတာလဲမြင်၊ ငါ့ကို မည်းမည်းကြီး လည်း မြင်ဆိုတော့ ငါးယောက်လုံး ငယ်သံပါအောင် အော်ဟစ်ပြီး ပြေးပါလေရော”

“ခွေးလှ ... ပေါ့ ခွေးလှ၊ ဗိုင်းခနဲ ခြေထောက်နှစ်ချောင်းကို မိုးပေါ်ထောင်ပြီး ပစ်လဲပါလေရော”

သူပြုံးထားတဲ့ မိုးကာတခြား၊ ခမောက်တခြား၊ ဖျင့်ကတခြား ပြီးတော့ ...

“ပြောလေကွာ ... မင်းက ကောင်းမှ ရပ်ပစ်လိုက်တယ်။ ခြေထောက်နှစ်ချောင်း မိုးပေါ်ထောင်ပြီး ပစ်လဲသွားတယ်ဆိုတော့”

“ဟဲဟဲ ... သဘောပေါက်ပြီ ထမီလှန်ပြီး ခေါင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



စွပ်နေတယ်နဲ့တူ ... တူ..."

"ကကောင်ရ ... အဲဒီလောက်တော့ အခြေအနေ မဆိုးပါဘူး"

"ငြိမ်းငြိမ်းချက်ချက်တော့ မြင်လိုက်ရတယ် မဟုတ်လား"

"ငါ ပြေးထူပေးချင်စိတ် ပေါက်သွားတယ်"

ပြီးမှ ... ငါ့မှန်းသိသွားရင် စိုးစိုးမေကို ပြန်ပြောလို့ ရှင်းမရဖြစ်မှာစိုးကာနဲ့ ဆက်ပြီး ငြိမ်နေလိုက်ရတာ။

"ခဏနေတော့ သူ့သူငယ်ချင်းတွေ လာထူပြီး ခေါ်သွားကြတယ်"

"ငါလည်း သူတို့နောက်ကနောက်ကသွားပြီး ရွာထဲပြန်ခဲ့တယ်"

"အဲဒီသချိုင်းက မင်းကို သရဲထွက်ပြီး မခြောက်လိုက်ဘူးလား"

"မခြောက်ပါဘူးကွာ"

"မင်းမို့လို့ သချိုင်းကုန်းထဲသွားပြီး သရဲခြောက်ရတယ်လို့"

"မထင်မှတ်ပဲ ခြောက်မိသွားတာပါကွာ"

"အဲဒီအချိန်က ကောင်မလေးတွေရဲ့ အဖြစ်ကို ပြေးမြင်ပြီး တကယ်ရယ်ရတယ်"

* * *





နောက်နေ့ ဖွေးလှ၊ ကောက်စိုက် မဆင်းနိုင်ပါ။ ခါးနာမသက်သာသလို လက်မောင်းက နောက်သို့ တောက်လိုက်သဖြင့် လက်မောင်းရင်းသို့ လောင်သကဲ့သို့ဖြစ်ကာ လှုပ်လိုက်တိုင်း နာနေသည်။

ထိုကဲ့သို့ ဖြစ်ပြီးနောက် ကောက်စိုက်သမများ သရဲအခြောက်ခံရသောသတင်း တစ်ရွာလုံးသို့ ပျံ့ခဲ့သည်။

ထိုနေ့ညနေ စံပင်းတစ်ယောက် ထုံးစံအတိုင်း စိုးစိုးမေကို လာစောင့်နေသည်။

ဒီနေ့လည်း စံဝင်းတစ်ယောက် ကံမကောင်းခဲ့ပါ။ စိုးစိုးမေတို့စိုက်သော လယ်ကွက် ပုတ်ပြတ် စောစောပြီးသဖြင့်၊ ညနေသုံးနာရီ မထိုးမီကပင် ရွာသို့ ပြန်သွားကြပြီဖြစ်ကြောင်း သိလိုက်သည်။

"တောက် ... ဘယ်လိုဖြစ်ရတာလဲ၊ ရည်းစားလေး တစ်ယောက် ထားပါတယ်။ အစ်မကိုကြောက်လို့ ချိန်းတာကို ဖျက်လိုဖျက် ...

ခါတိုင်း ပြန်နေကျလမ်းကမပြန်၊ အခုရက်ပိုင်း အသွဲ့အချော်ချော် ဖြစ်လာတယ်"

သူကတော့ တာဝန်မပျက်၊ ညနေ လေးနာရီ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ရွာထဲမှ ထွက်ကာ မိုးရွာရွာ၊ နေပူပူ လာ၍စောင့်မြဲ။

စိုးစိုးမေ၏ အစ်မ၊ ကောက်ဝိုက်ရာ မပါခဲ့သော ယာခင်ရက်များတွင် စံဝင်းကို တွေ့လိုက်သည်နှင့် အဖော်များက ရှေ့ကသွားကာ သူကို့နှစ်ယောက်က နောက်မှနေ၍ လမ်းလျှောက် စကားပြောရင်း ရွာသို့ဝင်နေကျ။

စိုးစိုးမေတို့ နေသည်က ရွာလယ်ပိုင်းမှာမို့ သဲကောကျောင်းလမ်းမှ ဝင်လည်းရသည်။ သချိုင်းဘက်လမ်းမှ ဝင်လည်းရသည်။

လမ်းဆိုး၍ သဲကောကျောင်းလမ်းမှ အသွားအလာ သိပ်မရှိ။

ဗုဒ္ဓသစ်ကြီး၊ ကျောင်းကြီးကွက်သစ်၊ ချမ်းမြေ့သာစည်၊ ရိုးလေးပိုင်းရပ်ကွက်များက လူအားလုံးနီးပါး သချိုင်းဘေးလမ်းမှသာ သွားကြသည်။

ယခု အစ်မကြောင့် စိုးစိုးမေ လမ်းကြောင်း ပြောင်းသွားသည်။ စိုးစိုးမေ အစ်မက ညီမနှင့် စံဝင်းကို သဘောမတူနိုင်။ စံဝင်းလာစောင့်မည်မှန်းသိ၍ လမ်းမကောင်းသော်လည်း သဲကောကျောင်းလမ်းမှသာ ပြန်တော့သည်။

စံဝင်း စိတ်ဓာတ်ကျပြီး ရွာပြန်လာသည်။

ထုံးစံအတိုင်း သချိုင်းဘေးလမ်းသို့ဝင်တော့ စိတ်ကူးပေါက်လာပြန်သည်။





"ငါအပြန် တစ်ယောက်ယောက်ကို စောင့်ပြီး ခြောက်လိုက်ဦးမယ်"

သချိုင်းလမ်းထဲ မဝင်သေးဘဲ ဦးမြစံကဲ့စု အလွန် ကိုင်းပင်ရုံလေးဘေးမှာ ဝင်ထိုင်နေလိုက်သည်။ လွန်ခဲ့သော ရက်ကကဲ့သို့ မိုးမှောင်ကြီးမကျ၊ မိုးမသည်းတော့ပေ။ ပုံမှန်သာ ဖွဲဖွဲလေး ရွာနေသည်။

ထိုစဉ် သချိုင်းဘက်သို့ အမျိုးသားကြီးတစ်ယောက်နှင့် အမျိုးသမီးကြီးတစ်ယောက်တို့ လာနေသည်ကို တွေ့လိုက်သည်။ လင်မယားနှစ်ယောက် ဖြစ်ပုံရပြီး အသက်ငါးဆယ်ခန့်ရှိမည်ဟု စံဝင်းမှန်းကြည့်လိုက်သည်။

အဒေါ်ကြီးက တောင်းတစ်လုံး ခေါင်းမှာ ရွက်ထားသည်။

သူမျှော်လင့်ထားသလို ကောက်စိုက်သမလေးများက ပြန်မလာ။ သူသရဲခြောက်လျှင် ပျော်စရာတော့ ဖြစ်မယ်မထင်။

အခန့်မသင့်လျှင် ပြေးပေါက်ပင် ရှာရနိုင်သည်။ ဒါပေမယ့် စံဝင်းမခြောက်ဘဲ မနေနိုင်သည့်အတွက် ရှေ့နားသို့ ကြိုပြီး သွားလိုက်သည်။

သူ မိုးကာအင်္ကျီကို ခြုံပြီး ကိုင်းပင်နောက်မှာ ပုန်းပြီး ရပ်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ သူ့ရှေ့သို့ ထိုလင်မယား ရောက်လာသည်။ ကိုက်ဆိုင်စွာ မိုးက သည်းသည်းမည်းမည်း ရွာချလိုက်သည်။

ဝရော ... ဝေါ ...

ကိုင်းပင်ကြီးများကို စုကိုင်လိုက်ပြီး အားရပါးရ လှုပ်လိုက်သည်။

အခြားအပင်များ မလှုပ်ဘဲ ကိုင်းပင်ပုတ်တစ်ခုကသည်းကွက်၍ လှုပ်ခြင်းသည် သရဲခြောက်ခြင်းဖြစ်သည်ဟု တွေးမိလိုက်သည်။

"အမယ်လေး ... သရဲကြီးတော့"

"ဘယ်မှာလဲ ... သရဲ"

ချုံနောက်မှာ

စံဝင်း ဖြစ်လိုရာဖြစ် ဆက်လှုပ်လိုက်သည်။

ဝုန်း ... ဝုန်း ...

"ခွမ်း ... ခွလွမ် ..."

အဒေါ်ကြီးလည်း ခေါင်းပေါ်မှ တောင်းကိုပစ်ချကာ ကိုယ်လွတ်ပြေးထွက်သွားသည်။

"ဟဲ့ မြမေ ... တောင်းကြီးပစ်ချပြီး ဘာကြောင့် ပြေးရတာလဲ အကုန်ထွက်ကျကုန်ပြီ"

"လာ ... လာ ... မကောက်နဲ့ ကျုပ်ကြောက်တယ်"





ယောက်ျားဖြစ်သူက တောင်းထဲမှ ထွက်ကျကုန်သည့် အိုးခွက် ပန်းကန်တို့ကို ကောက်မည်ပြုရာ ဇနီးဖြစ်သူ အကြောက်လွန်နေသည့်အတွက် မကောက်တော့ဘဲ ဇနီးဖြစ်သူထံ ပြေးသွားပြီး တွဲခေါ်သွားသည်။

သရဲကြောက်၍ ပြေးသွားသော လင်မယား ခပ်လှမ်းလှမ်းရောက်မှ စံဝင်း ကိုင်းတောနောက်က ထွက်လာသည်။

အဒေါ်ကြီး လွှတ်ချထားခဲ့သော တောင်းအတွင်းမှ ထွက်ကျသည့် ဒန်အိုး၊ ပန်းကန်၊ ဇွန်းများကို တစ်ခုချင်း ကောက်ထည့်လိုက်သည်။

"ဒါ ဒါတွေ သူတို့အိမ်ရှေ့မှာ သွားထားပေးလိုက်မယ်။ ကိုယ့်အပြစ်နဲ့ ကိုယ်ဆိုတော့ ဒီလောက်တော့ လုပ်ပေးနိုင်ရမယ်။

စံဝင်းလည်း ကိုယ်ပဲယားနေသော အိမ်ကိုသိသဖြင့် နောက်က တောင်းထမ်းပြီး လိုက်သွားသည်။

ဒေါ်မြမေတစ်ယောက် အိမ်ရောက်နေပြီ။ သရဲအခြောက်ခံရပုံကို အိမ်နီးနားချင်းများအား လှမ်းအော်ပြောနေသံ ကြားရသည်။

စံဝင်းလည်း ဒေါ်မြမေ ခြံဝအတွင်းပိုင်းမှာ တောင်းကို ချထားပြီး ပြန်ခဲ့သည်။ မနက်လင်း၍ တောင်းနှင့်ပစ္စည်းများ ပြန်တွေ့လျှင် သရဲလာပြန်ပို့သွားသည်ဟု ဂုဏ်ယူစွာ ပြောမည်



www.burmeseclassic.com

www.burmeseclassic.com


အသံ ကြားယောင်ရင်း ပြုံးမိလိုက်သည်။

ထိုသို့ နှစ်ကြိမ် သုံးကြိမ်မျှ စံဝင်းလှုတွေကို သရဲလုပ်ခြောက်သည့် အရသာ သဘောကျလာသည်။

ညနေရောက်တော့ စံဝင်း ချောင်းသို့ ထွက်လာခဲ့သည်။ မိုးက တဖွဲဖွဲရွာနေသဖြင့် မိုးကာအင်္ကျီ ဝတ်လာရသည်။

ဤအခေါက်မှာ အကြော်တဲက မစောင့်တော့ဘဲ မောင့်ကျောက်တို့ တဲစုထိပ်က သွားစောင့်သည်။ သဲတောင်ကျောင်းဘက် ဝင်သည့် လမ်းထိပ်က သွားကြိုစောင့်ခြင်းဖြစ်သည်။

ထိုလမ်းက လယ်ကန်သင်းများ ရေမြောင်းလေးများကို ဖြတ်၍ သွားရသဖြင့် လူသွားလူလာ နည်းသည်။

စံဝင်း ကြိုးစားပြီး လာစောင့်ပေမယ့်၊ ညနေငါးနာရီ ကျော်သည်အထိ၊ ဒေါ်တင်ဦးစီးသော ကောက်စိုက်သမအုပ်စု လာသည်ကိုမတွေ့။ အခြားကောက်စိုက်အဖွဲ့များ တဖွဲ့ပြီးတစ်ဖွဲ့ ရွာသို့ ပြန်လာကြသည်။

စံဝင်း ထင်လိုက်သည်။ ဒေါ်တင်အဖွဲ့ နှစ်နာရီ၊ သုံးနာရီခန့်ကတည်းက ရွာသို့ ပြန်ရောက်နေပြီ ဖြစ်နိုင်သည်။

စံဝင်း လက်လျှော့ပြီး ပြန်လာခဲ့သည်။ ရဲနွယ်ချောင်းထိပ်၊ ရွာဝင်သောလမ်းဆုံသို့ အရောက်၊ ရွှဲနွယ်ချောင်း တစ်ဘက်တမ်းမှ



တက်လှေတစ်စီး ကောက်စိုက်သမဆယ်ယောက်ခန့်နှင့် ဒီဘက်ကမ်း ကပ်လာသည်။

စံဝင်းလည်း ချစ်သူစိုးစိုးမေကို မေ့သွားသည်။ ဤအုပ်စုကို သရဲအယောင်ဆောင်၍ ခြောက်လိုက်ရလျှင် အတော် ကြည့်လို့ ကောင်းမည်ဟု တွေးလိုက်သည်။

အခြေအနေ အကဲခတ်ကြည့်လိုက်သည်။

ကောက်စိုက်သမလေးများ ကမ်းပေါ် တက်လာကြသည်။ မိန်းကလေးသုံးယောက်ခန့်က ဦးမြစံတဲစု၊ မောင်မောင်တို့ တဲစု ဘက်သို့ ထွက်သွားကြသည်။

ကျန်မိန်းကလေးအုပ်စုက သချိုင်းလမ်းအတိုင်း ရွာထဲသို့ ဝင်လာကြသည်။

ဝါဆိုလအတွင်း တစ်ရက်မှ မိုးက မရပ်သေး။ သည်းလိုက်၊ မှန်လိုက်၊ ဖွဲဖွဲလေးရွာလိုက်နှင့် မိုးကောင်းသောလဖြစ်သည်။

ငါးနာရီခွဲ ခြောက်နာရီခန့် မိုးသားတိမ်လိပ်တို့ကြောင့် ပတ်ဝန်းကျင်မှာ ရှိသင့်သည်ထက် ပိုမှောင်လာနေသည်။

စံဝင်းကတော့ ထုံးစံအတိုင်း တောနောက်သို့ ရောက်နေပြီ။

စံဝင်းရှိရာ ကိုင်းတောအနီးသို့ မိန်းကလေးတစ်အုပ် ရော


www.burmeseclassic.com

www.burmeseclassic.com



လာသည်။

မိုးရွာသည်ကို မမှု၊ နောက်ရင်း၊ ပြောင်ရင်း၊ စရင်းနှင့် လာနေကြသည်။

စံဝင်းပုန်းနေရာမှ ဝါးတစ်ပြန်ခန့်အလွန် လက်ထဲမှာ ကျုံးကိုင်ထားသော သဲများဖြင့် မိန်းကလေးများ နောက်ကျောဘက်သို့ အားကုန် ကျဲပက်လိုက်သည်။

"ဟင် ... သဲ ... သဲတွေနဲ့ ပက်တယ်"

မိန်းကလေးများက တအံ့တသြဖြစ်ပြီး လှည့်အကြည့် စံဝင်းလည်း ကိုင်းတောကြီးကို ...

"ဝရော ... ဝေါ ... ဝုန်း"

အားကုန်ပွေ့ပြီး ဆွဲလှုပ်ခါလိုက်သည်။

ကိုင်းတောချုံပုတ်ကြီး ရုတ်တရက် လှုပ်ယမ်းသွားသည်ကို မြင်လိုက်ရသော မိန်းကလေးများလည်း ...

အမယ်လေး ... သရဲ ... သရဲ ...

အမေရေ ... သရဲ ... သရဲကြီး ...

အသံကုန်အော်ပြီး ပြေးကြရာ တစ်ယောက်နှင့်တစ်ယောက် တိုက်မိ၊ တိုးမိပြီး လဲသူကလဲ ချိုင့်များ၊ ခမောက်များ လွတ်ကျသူက လွတ်ကျနှင့် ရုတ်ရုတ်သည်းသည်း ဖြစ်ကုန်တော့သည်။





လဲကျသူများက ကုန်းရုန်းထနိုင်သော်လည်း သူတို့အထဲမှ မိန်းကလေးတစ်ယောက်က မထနိုင်ဘဲ လဲကျန်ခဲ့သည်။

"ဟီး ... ဟီး ... ဟီး ... မအေးမြင့်ရေ ... လာပါဦး ... လာပါဦး ..."

လဲနေသော မိန်းကလေးက အားကုန် ကျုံးအော်နေသဖြင့် ရှေ့သို့ ပြေးသွားနေသော မိန်းကလေးသုံးယောက် မရဲတရဲနှင့် နောက်သို့ ပြန်လျှောက်လာသည်။

"ထလို့ ရရဲ့လား"

မိန်းကလေးအား လက်ကိုဆွဲပြီး ထူပေးလိုက်သည်။

"အား ... နာတယ် ... နာတယ် ... ပေါင်ရင်းက နာတယ်"

"ပြည်းပြည်းသာလျှောက် လေဝင်သွားလို့ဖြစ်မယ်"

"နင့်တစ်ကိုယ်လုံး ရွှံ့တွေ ပေကုန်ပြီ"

ခြေထောက်နာနေသော မိန်းကလေးကို တွဲခေါ်သွားကြသည်။

စံဝင်းမှာ မိန်းကလေးများကို ကြည့်ပြီး ပျော်ချင်၍ နောက်ပြောင်မိကာမှ၊ အကြောက်လွန်သူများနှင့် တိုးပြီး၊ ပျော်ရော မပျော်တော့။ စိတ်မကောင်းစရာများနှင့်သာ ကြုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ရက် နှစ်ရက်အတွင်း စံဝင်းတစ်ယောက် ရဲနွယ်ချောင်းဘက်သို့ မရောက်ဖြစ်တော့။

ထိုရက်အတွင်း စိုးစိုးမေနှင့် ဆုံလိုက်သေးသည်။

သူ့ကို မေ့လိုက်ပါတော့ဟု ပြောသွားသည်။

အသက်ပင် နှစ်ဆယ်ရောက်နေပြီ။ မိဘလုပ်စာ ထိုင်စားနေသော စံဝင်းအား စိုးစိုးမေ၏ မိဘများရော၊ အစ်ကို၊ အစ်မများကပါ သဘောမတူခြင်းကြောင့် နောက်ကို မတွေ့နိုင်ကော့ပါဟု အပြတ်ပြောသွားသည်။

စံဝင်းက စိုးစိုးမေ၏ ပတ်ဝန်းကျင်က ပြောလည်းပြောချင်စရာပါ။ မိဘ လယ်ဆယ့်ငါးဧကကို ဖခင်နှင့် အိမ်ထောင်ကျနေပြီဖြစ်သော အစ်ကိုကြီးက ဦးစီး လုပ်ကိုင်နေသည်။

ဆယ်တန်းနှစ်ခါကျ စံဝင်းက လယ်အလုပ် ဝင်ပြီး မလုပ်။ လုပ်စရာ မလိုဟုပင် စိတ်ပိုင်းဖြတ်ထားခြင်းကြောင့် အိမ်မှာ မိဘလုပ်စာ ထိုင်ဖြုန်းကီးနေသော လူပိုတစ်ယောက်သာလျှင် ဖြစ်ခဲ့သည်။

စိုးစိုးမေနှင့် ချစ်သူဖြစ်ကတည်းက မိဘအလုပ်ကို ဝင်လုပ်ရန် ပြောပေမယ့် နားမဝင်ခဲ့။

ယခုတော့ စိုးစိုးမေက သူ့မိဘ ညီအစ်ကို မောင်နှမများ





စကား လက်ခံကာ သူ့ကို အဆက်ဖြတ်သွားခဲ့ပြီ။

ထို့ကြောင့် စိုးစိုးမေက လက်တွဲ ဖြုတ်မှတော့ ယခင်ကတည်းက စိတ်ဝင်စားမှုရှိခဲ့သည့် ဋ္ဌေးဋ္ဌေးဝင်းအား ရည်းစားစကားပြောရန် စိတ်ပိုင်းဖြတ်လိုက်တော့သည်။

စပါးစိုက်ရာသီမကုန်ခင် သူ၏အချစ်များကို ဋ္ဌေးဋ္ဌေးဝင်းအား အပိုင်ပေးနိုင်ရန် သူတို့ကောက်စိုက်အဖွဲ့ ပြန်ရာလမ်းမှ ဆက်စောင့်ရန် ဆုံးဖြတ်ချက် ချလိုက်သည်။

ထို့ကြောင့် ရဲနွယ်ချောင်းထိပ် အကြော်ဆိုင်မှာ လာထိုင်စောင့်နေသည်။

ဋ္ဌေးဋ္ဌေးဝင်းတို့ အုပ်စုက ရောက်မလာ၊ အသက် (၂၅)နှစ်အရွယ် လုံးကြီးပေါက်လှ အမျိုးသမီးတစ်ယောက် တောင်းတစ်လုံးခေါင်းတင်ပြီး လျှောက်လာသည်။

“မောင်လေး ဘယ်သူ့ စောင့်နေတာလဲ”

“အသိတစ်ယောက် စောင့်နေတာပါ အစ်မ”

“မင်းက ချောင်းရင်းရွာကလား”

“ဟုတ်ကဲ့”

“မပြန်သေးဘူးလား”

“ဟုတ်ကဲ့ ပြန်တော့မှာပါ။ အသိတွေ လာမလာ၊ စောင့်နေတာ


www.burmeseclassic.com

www.burmeseclassic.com

မလာတော့ဘူး ထင်ပါတယ်"

"ဒါဆို အစ်မနဲ့ အဖော်ပြန်လိုက်ခဲ့ပါလား"

"ဟုတ်ကဲ့"

"ဖြစ်တယ်မို့လား"

"ဖြစ်ပါတယ် အစ်မ၊ ကျွန်တော်လည်း ပြန်တော့မလို့ စိတ်ကူးနေတာ"

"အစ်မက ဘယ်ရပ်ကွက်မှာ နေတာလဲ တစ်ခါမှ မမြင်ဘူးဖူး"

"အစ်မလည်း အဖေနဲ့ အညာက ရောက်လာတာ နွေကတည်းက ဆိုပါတော့။ ဒီရွာအစွန် ကျူးကျော်ကွက်သစ်မှာ နေတာ။ ဒီသချိုင်းမှာ ဆိုပါတော့"

"သြော် ဒါကြောင့် မတွေ့ဖူးတာ"

အစ်မတို့က သားအဖနှစ်ယောက်တည်း၊ ကောက်စိုက်၊ ပဲစိုက်၊ ဖရဲစိုက် ကြုံသလို လုပ်မလို့ လာခဲ့တာ။ အခု အဖေ အညာခဏ ပြန်သွားတယ်။

အစ်မ ဒီလမ်းက ဖြတ်ဖြတ်သွားတာ မကြောက်ဘူးလား"

"ဘာကြောက်စရာရှိလဲ။ ညည့်နက်သန်းခေါင်သွားတာမှ မဟုတ်တာ"





"ဒီနားမှာ အခုတလော သရဲခြောက်နေတယ်လို့တော့ ပြောသံကြားတယ်"

"ဟုတ်တယ်၊ မိန်းကလေးတွေ ခဏခဏ အခြောက်ခံရတယ်လို့ ပြောသံကြားတာပဲ"

"ဒါနဲ့ ငါမောင်ကရော၊ မကြောက်ဘူးလား"

"ကျွန်တော်လည်း အစ်မလိုပေါ့၊ ညည့်နက်သန်းခေါင်သွားလာတာ မဟုတ်တော့၊ မကြောက်ဘူးပေါ့ ... သရဲလည်း မရှိနိုင်ပါဘူး"

စကားတပြောပြောနှင့် လာခဲ့ရာ ... ရွာဘေးကပ်ရက်လမ်းသို့ ရောက်လာခဲ့သည်။

ဒါတိုင်း ရွာဝင်လမ်းနှင့် ရွာစပ်က ပေနှစ်ရာ သုံးရာနီးပါးဝေးသော်လည်း ယခု ခြံများကို တိုးချဲ့ယူလာရာ၊ အိမ်ဆယ်လုံးနီးပါးမျှ ရွာပြင်ဘက်မှာ တိုးလာခဲ့သည်။

စံဝင်းနှင့် အတူပါလာသော အမျိုးသမီးလည်း ကျူးကျော်ရပ်ကွက်မှာနေသည်ဟု ဆိုသည်။

"ကဲ အစ်မအိမ်နားရောက်ပြီ သွားတော့မယ်။ အစ်မနဲ့ အဖော်လိုက်ပေးတာ ကျေးဇူးတင်ပါတယ်။

"လမ်းကြုံလို့ပါ ကျွန်တော်သွားပြီ အစ်မ"


www.burmeseclassic.com

www.burmeseclassic.com



ထိုအမျိုးသမီး ထွက်သွားသည်နှင့် စံဝင်းလည်း ရွာဘက်သို့ ဆက်လျှောက်ခဲ့သည်။

မိုးကမရွာဘဲ နေခဲ့ရာမှ ဖွဲဖွဲလေး ရွာချလာသည်။

ညနေက နေထွက်သဖြင့် မိုးကာ ယူမလာမိသော စံဝင်း သစ်ပင်အောက် ခိုကပ်ရင်း ခြေလှမ်းသွက်သွက် လျှောက်ခဲ့သည်။

ခြောက်နာရီကျော်ပြီမို့ အမှောင်ထုက ကြီးစိုးလာတော့သည်။

* * *

နောက်နေ့တွင် အလုပ်လုပ်ရန် မစဉ်းစားသော စံဝင်း အချိန်မှန် ရဲနွယ်ချောင်းထိပ်သို့ ညနေလေးနာရီခွဲသည်နှင့် ရောက်လာမြဲ။

ထိုအချိန်တွင် လယ်ကွင်းထဲမှ ကောက်စိုက်သမများ၊ လယ်သမားများ တဖွဲဖွဲပြန်လာကြသည်။

သုတ်သူကြီး ဒေါ်တင်နှင့်တွေ့တော့၊ သွယ်ဝိုက်ပြီး မေးကြည့်လိုက်သည်။

"ဒေါ်ကြီး ဒီနေ့ လူနည်းလှပါလား"

"နည်းဆို ရွာသစ်ကြီးအလှူ နားတာယ်လေ။ မနက်ဖြန်မှ လူစုံမှာ မင်းကတော့ ဝတ္တရားမပျက်ပါလား"



"ကြိုးစားရမယ့် အချိန်မှာ ကြိုးစားမှ တော်ကာကျမယ် မဟုတ်လား ဒေါ်ကြီး"

"ငါ့ကို အားကိုးပါဆို အားမကိုးဘူး"

"လိုအပ်ရင် ပြောမှာပေါ့"

"ကဲ ... တာဝန်အရ စောင့်ပေဦး ... အဒေါ်တို့သွားတော့မယ်"

ဒေါ်တင့် ထွက်သွားတော့ စံဝင်းအား သူနှင့်အတူ ပါလာသော မိန်းကလေးအုပ်စုက ပြုံးစေ့စေ့ လုပ်သွားကြသည်။

စံဝင်းလည်း တွေ့ချင်သူကို မတွေ့ရမှတော့၊ မနေ့က မမကို စောင့်ရန် ဆုံးဖြတ်လိုက်သည်။

ထိုမမကို သချိုင်းကုန်းအတွင်းမှာ ကြိုစောင့်ပြီး သရဲခြောက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဒီအချိန်ဆိုလျှင် မနေ့က မမလာချိန်နီးပြီ။ သို့ကြောင့် အကာအကွယ်ကောင်းသော ကိုင်းပင်အုပ်စုနောက်သို့ ဝင်လိုက်သည်။

ဘုရား ... ဘုရား လက်မတင်လေး စောသွားတယ်။

အကြောင်းက ခပ်လှမ်းလှမ်းမှာ မမလာနေသည်ကို တွေ့ရသည်။

ထိုမမက ... ခပ်မှန်မှန် လျှောက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



စံဝင်း ပုန်းအောင်းနေသော ချုံပုတ်ကို ကျော်သွားသည်။

ခပ်လှမ်းလှမ်းအရောက် နောက်မှ သဲတစ်ဆုပ်ကို မမနောက်သို့ လှမ်းပေါက်လိုက်သည်။

မမက ခဏမျှ ရပ်လိုက်ပြီး နောက်သို့ပင် လှည့်မကြည့်ဘဲ ဆက်လျှောက်သွားသည်။

"ဒေါ် ... ဝေါ် ... ဝေါ် ..."

ကိုင်းပင်တို့ အားကုန်ဆွဲလှုပ်ပစ်လိုက်သည်။

မမက ခြေလှမ်းအလျှောက်မပျက် ဆက်လျှောက်သွားသည်။

"ဟာ ... ငါခြောက်တာ မမ လုံးဝမကြောက်ပါလား ... ငါ့သရဲအတု လုပ်ခြောက်တာများ သိလို့လား"

"ဒီ နောက်က ချက်ချင်းလိုက်သွားလို့ မဖြစ်သေးဘူး။ ငါ ခြောက်တာ သိလို့မဖြစ်ဘူး"

"သွားပြီ။ ဒီနေ့တော့ ငါ့အတွက် ဘာမှ အကြောင်းမထူးပါလား။ တွေ့မယ် ... မနက်ဖြန် ဒေွးဒွေးဝင်းကို လာစောင့်ပြီး သူတို့ သွားမှ မမကြီးကို ထပ်ပြီးခြောက်ရမယ်"

ညနေ ငါးနာရီခန့် ထုံးစံအတိုင်း စံဝင်း ရဲ့ရွယ်ချောင်းထိပ်မှာ သွားစောင့်ဖြစ်သည်။

မကြာခင်မှာပဲ ဒွေးဒွေးဝင်းတို့ မိန်းကလေးတစ်စု ရွာပြန်လာကြသည်။





စံဝင်းလည်း ထိုင်နေကျ အကြော်ဆိုင်ရှိ ခုံတန်းလျားပေါ် ထိုင်လျက်က ဒွေးဒွေးဝင်းထံ အကြည့်ကို စူးစိုက်ထားသည်။

ဒါမှ သူမ ဂရုပြုမိမှာ မဟုတ်ပါလား။

စံဝင်း မျှော်လင့်ထားသလို အနားရောက်လာသော မိန်းကလေးများ ဒွေးဒွေးဝင်းကို စိုက်ကြည့်နေသော စံဝင်းကို တွေ့လိုက်သဖြင့် အနီးကဖြတ်သွားရင်း မကြားတကြား ပြောသွားသည်။

"ဒွေးဒွေးဝင်းတို့ ကံပေါ်တော့မယ်နဲ့တူတယ်"

"**အံမယ်လေး ကံမကောင်းချင်ပါဘူးတော်**"

"ဟား ... ဟား ... ဟိဟိ"

သူတို့စကား သူတို့ သဘောကျသလို ရယ်မောသွားကြသည်။

ဘာပဲပြောပြော ပစ်မှတ်ကို ထိသွားပြီဖြစ်သည့် အဖော် မိန်းကလေးများလည်း ရိပ်မိသွားပုံရသည်။

စံဝင်း ခုံကို လက်သီးနှင့်ထုရင်း ကြွေးကြော်လိုက်သည်။

"ငါကွ"

စံဝင်း မနေ့က မမကြီးကို ဆက်စောင့်လိုက်သည်၊ ဒီနေ့ သရဲခြောက်ရန် စိတ်ကူးမရှိတော့။

အချိန်က တရွေ့ရွေ့ကုန်လာသည်။ ညနေ ခြောက်နာရီ



www.burmeseclassic.com

www.burmeseclassic.com



ကျော်လာပြီဖြစ်သလို မိုးကလည်း ရွာလာတော့သည်။

"ဒီအချိန်ထိ မလာသေးပုံထောက်တော့ မမ အလုပ်သွားလုပ်တဲ့ တဲမှာပဲ အိပ်မယ်နဲ့တူတယ်"

စံဝင်း မိုးကာကို ဝတ်လိုက်ပြီး အကြော်တဲအပြင်ဘက် ထွက်လိုက်သည်။

အကြော်တဲ အပြင်ရောက်တော့ ခပ်လှမ်းလှမ်းမှာ မမ ထီးခမောက်ဆောင်းပြီး လာနေသည်ကို တွေ့လိုက်သည်။

အဝါရောင် အောက်ခံပိတ်သားပေါ်မှာ အနီပွင့်လေးများ ရိုက်ထားသော ထမိနှင့် အင်္ကျီဝမ်းဆက် တစ်ပတ်နွမ်းဝတ်စုံဖြင့် လျှောက်လာသည်ကို တွေ့လိုက်ရသည်။

ထိုအဝတ်အစားနှင့် မမလိုက်ဖက်လှသည်ဟု စိတ်ထဲက မှတ်ချက် ပြုလိုက်မိသည်။

ခဏနေတော့ စံဝင်း အနားရောက်လာသည်။

"မသွားသေးဘူးလား ဘယ်သူ့ စောင့်နေတာလဲ"

"သွားတော့မလို့၊ အပြင်ထွက်တုန်း မမကို တွေ့လိုက်လို့ ရပ်စောင့်နေတာ။ မမက ဒီနေ့သိပ်လှနေတာပဲ"

"သိပ် မချီးမွမ်းနဲ့ မမက ဘာမှ ကျွေးစရာမရှိဘူး။ ကဲလာ အတူသွားကြမယ်"





စကားစ ပြတ်သွားပြီး ကိုယ့်အတွေးနဲ့ကိုယ် လျှောက်ခဲ့ရာမှ မမက စကားစလာသည်။

"မနေ့ညနေက ဒီရှေ့နားမှာ မမကို သရဲခြောက်သေးတယ်။ ဟိုရက်တွေက မိန်းကလေးတွေကို ခြောက်တဲ့သရဲပဲဖြစ်မှာ"

"မမလည်း လန့်ပြီး ထွက်ပြေးသေးလား"

"မပြေးပါဘူး။ မမက သရဲမကြောက်တတ်တော့ ခြောက်တဲ့ သရဲလည်း လက်မြှောက်သွားတယ်နဲ့ တူပါတယ်"

"မမက ဘယ်ဆိုးလို့လဲ"

"နောက်ရက်တွေဆို ကျွန်တော်လည်း အပြန်မှာ မမကို စောင့်ပြီး ပြန်ရမယ်"

"ဘာဆိုင်လို့လဲ"

"ဒီလမ်းကို သရဲမကြောက်တတ်တဲ့ အဖော်ပါတော့ အားရှိကာပေါ့"

"ဒါနဲ့ မမကို အိမ်အထိ လိုက်ပို့ရင် ဖြစ်တယ်မဟုတ်လား"

"ဖြစ်ပါတယ်။ ဒါဖေက အညာက ပြန်မရောက်သေးဘူး။ လိုက်ခဲ့လေ စကားပြောဖော် ရတာပေါ့"

စံဝင်းလည်း မမနောက်က ကပ်ပါသွားသည်။

လမ်းမပေါ်မှ မမတို့ခြံများဆက်ဝင်သော ဖြတ်လမ်းလေးက



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားသဖြင့်

"မမ ... တကယ်လိုက်ခဲ့ရမှာလား"

"လိုက်ခဲ့ပါလို့ ခေါ်နေမှ လိုက်ခဲ့ပေါ့"

"ဒါဆို လိုက်ပြီ"

မကြာခင် ဆယ့်လေးပေခန့် ပတ်လည်ရှိသော တဲတစ်တဲ ရှေ့သို့ မမဦးဆောင်ပြီး ခေါ်သွားသည်။

"ကဲကဲ တဲပေါ်တက် တို့က ဆင်းရဲတယ်နော်"

"ဟာ ... မဟုတ်တာ မမတို့က စီးပွားရေးအရ ရေကြည်ရာ မြက်နုရာ လာခဲ့တာပဲ၊ ဒီလောက်တော့ ဖြစ်ပါတယ်"

တဲပေါ်တွင် ထိုင်ကြသည်။

စံဝင်းက မိုးကာအကျႌကိုချွတ်ပြီး ထရံမှာ ချိတ်လိုက်သည်။

"ကဲ နောက်ဘက် ခဏလှည့်နေဦး မမ ထမိန်ရေစို လဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ ရပါတယ်"

ခဏကြာတော့ မမအနားလာထိုင်သည်။

"မမနာမည် အခုထိ မသိရသေးဘူး၊ ကျွန်တော့်နာမည်က စံဝင်းပါ"

"မမနာမည်က မဝါဝါပါ။ နာမည်အရင်းတော့ ရှိပါတယ်။

မိတ်ဆွေစာပေ



မင်းကတော့ မဝါဝါလို့ပဲ သိထားပါ"

"ကျွန်တော်ကတော့ မမဝါလို့ပဲခေါ်မယ်"

"မင်းကြိုက်သလို ခေါ်နိုင်ပါတယ်"

"မမဝါက ဘယ်သူ့လယ်မှာ အလုပ်သွားလုပ်ပေးနေတာလဲ"

"ဦးထွန်းရွှေတဲမှာ မနက်ညှ ထမင်းဟင်း သွားချက်ပေးနေတာ။ ညစာထမင်းစားပြီးမှ ပြန်လာလို့ နောက်ကျနေတာ"

ထို့နောက် ရောက်တတ်ရာရာ ပြောနေရင်းက

"ဝှါမောင် သချႋုင်းစောင့်တဲ့ မဖဲဝါအကြောင်း ကြားဖူးလား"

"ဟင်အင် မကြားဖူးပါဘူး၊ မမက ကြားဖူးလို့လား"

မဖဲဝါဆိုတာ သချႋုင်းတွေရဲ့ အကြီးအကဲလို့ ဖေဖေပြောတာ ကြားဖူးတယ်"

"သချႋုင်းထဲမှာ ခြောက်နေတာ အဲဒီမဖဲဝါများလားလို့"

"မဖြစ်နိုင်ပါဘူး။ အခြားသရဲတွေလည်း ရှိနိုင်တာပဲ။ မဖဲဝါ တော့ မဖြစ်နိုင်ပါဘူး"

"သူက သချႋု [illegible] ခေါင်းချုပ်မဟုတ်လား။ သူ့ရဲ့သချႋုင်း ထဲမှာ အခြားက လာခြောက်တဲ့ သရဲဖြစ်နေရင် အဲဒီမဖဲဝါက ဆုံးမမှာပေါ့"

"မဆုံးမပါဘူး၊ မဖဲဝါက သဘောကောင်းပုံရပါတယ်။

မိတ်ဆွေစာပေ

www.burmeseclassic.com

www.burmeseclassic.com

မင်းက ဘယ်ဆိုးလို့လဲ။ ဘာလဲ မင်းက သရဲမယောင်ဆောင်ပြီး ခြောက်ဖူးလို့လား"

"ဟာ မမကလဲ ကျွန်တော်က ဘယ်လောက်သတ္တိကောင်းလို့ သင်္ချိုင်းထဲမှာ သရဲမယောင်ဆောင်ပြီး ခြောက်ရမှာလဲ"

ထိုစဉ် မိုးက သည်းကြီးမည်းကြီး ရွာလိုက်သလို လေပြင်းလည်းပါလာသည်။

"ဒုက္ခပဲ အိမ်ပြန်လို့ ရတော့မယ် မထင်ဘူး"

"ဟုတ်တယ် ... မင်းပြန်ရင် သင်္ချိုင်းဘက်က ပြန်ရမှာ"

"စောစောက စကားပြန်ဆက်ရဦးမယ်၊ မဖဲဝါဆိုတဲ့ သရဲမက မဆုံးမပါဘူးဆိုပြီး အသေအချာပြောနေလို့ မင်းများ ခြောက်ဖူးလားလို့မေးရတာပါ..."

"မမဝါကလည်း ဒီလိုမိုးသည်းသည်းမှာ သရဲအကြောင်း သိပ်မပြောပါနဲ့။ နည်းနည်းတောင် ကြောက်ချင်လာပြီ"

"ကဲ ... ဒါဆို ဒီည ... ဒီမှာပဲ အိပ်သွားတော့"

"ဗျာ မမနဲ့ ကျွန်တော်နှစ်ယောက်တည်း"

"ဘာလဲ မင်းက ငါနဲ့အတူတူ အိပ်ရမယ် ထင်လို့လား"

"မင်းက ... ဒီမှာအိပ် ... ငါက ... ဟိုမှာ အိပ်မယ် ငါ့အဖေနဲ့ငါ ... ဒီလိုပဲ အိပ်နေကျ"





"မင်းကို ငါ့မောင်လေးတစ်ယောက်လို သဘောထားပြီး အိပ်ခိုင်းတာ"

"စိတ်ချပါ ကျွန်တော် ဒီနားမှာပဲ အိပ်ပါ့မယ်"

"ကျွန်တော်က ခေါင်းအုံးပေါ်ခေါင်းချတာနဲ့၊ အိပ်ပျော်တတ်တာ"

"မှန်အိမ်မီးကို မှိန်မှိန်လေးပဲ ထွန်းထားမယ်၊ ခေါင်းအုံးအောက်မှာ ဖေဖေခြုံတဲ့စောင် ယူခြုံလို့ရတယ်"

"ဟုတ်ကဲ့ရပါတယ်။ ကျွန်တော့်အတွက် စိတ်မပူပါနဲ့"

စံဝင်းလည်း ပမ၏ ဖခင်အိပ်သော အိပ်ရာပေါ်မှာ အိပ်ရန် မှိန်လိုက်သည်။

ဖမက နောက်ဘက်ကျုကျုမှာ အိပ်ရာပြင်နေသည်။ တစ်ယောက်နှင့်တစ်ယောက် ဆယ်ပေခန့်သာ ကွာသည်။

ဆယ်မိနစ်ခန့်ကြာတော့ စံဝင်းအိပ်ပျော်သွားသည်။

* * *

ဝုန်း ... ဝုန်း

မိုးက သည်းကြီးမည်းကြီး ရွာချလိုက်သလို မိုးကြိုးတစ်ချက် ပစ်လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


အိပ်မောကျနေသော စံဝင်းနိုးသွားသည်။ စံဝင်းနိုးလာတော့ တစ်ဖက်မှာ အိပ်နေသော မမ၏အသက်ရှူသံကို ကြားလိုက်သည်။

မိုးသံလေသံကြောင့်လား မသိ၊ တစ်ဖက်မှ ဘာသံမှ မကြားရပါ၊ မျက်လုံးဖွင့်ပြီး မမအိပ်ရာကို လှမ်းကြည့်လိုက်သည်။

မှန်အိမ်က မီးရောင်မရှိတော့။ အပုပ်နံ့ ရနေသည်။

ပတ်ဝန်းကျင်မှာ အလင်းရောင်လိုလို ထရံအပေါက်များမှ မြင်လိုက်သဖြင့် လျှပ်ရောင်မဟုတ်၊ ငါးနာရီခန့်ရှိပြီဟု မှန်းမိလိုက်သည်။

ထို့ကြောင့် စံဝင်း၊ ရုတ်တရက် ခေါက်ခနဲ ထထိုင်ပြီး မမအိပ်ရာကို ကြည့်လိုက်သည်။ အပုပ်နံ့က စူးစူးရှရှ

"ဟင် ... ဘာလဲ"

သရဲမ အသေကောင် အပုတ်အပွကြီး။

အရိုးမကျတကျ၊ အရိုအရွဲများက ကျနေသေးသည်။

အသေကောင်ကြီးက မျက်စေ့အောက်မှာပင် ခေါက်ခနဲ ထထိုင်လိုက်သည်။

"အမယ်လေး သရဲမကြီး"

"နင်က ငါ့သင်္ချိုင်းမှာလာပြီး လူတွေကို ခြောက်နေတာ၊ ငါ မသိဘူးမှတ်လား"



"ငါ ... နင့်ကို ဆုံးမရမယ်။ ဟီး ... ဟီး ... ဟီး"

"အမယ်လေး ကြောက်ပါပြီဗျ"

"ဝုန်း"

စံဝင်း အိမ်တံခါး ကန်ဖွင့်ပြီး၊ အိမ်အောက်သို့ ခုန်ဆင်းပြီး ပြေးတော့သည်။

မနက် ငါးနာရီကျော်ပြီမို့ ရွာထဲမှ လယ်သမားတချို့နှင့် ကောက်စိုက်သမများ လယ်ထဲသို့ ထွက်လာကြသည်ကို စံဝင်း တွေ့လိုက်သည်။

"ဘာဖြစ်တာလဲကွ"

"သရဲ ... သရဲ ... သရဲမကြီး ... ဟိုအိမ်ထဲမှာ"

"ဟာ ... မဟုတ်က ... ဟုတ်က"

"ဟုတ်တယ်၊ အခုပဲ အဲဒီတဲပေါ်က ပြေးဆင်းလာတာ"

ထိုအချိန်မှာပဲ ထိုကျူးကျော်တဲ အစုတွင်းက လူနှစ်ယောက် ထွက်လာသည်။

"သရဲက ဘယ်မှာလဲ"

"ဟို ရှေ့က တဲထဲမှာ"

"မဖြစ်နိုင်ပါဘူး၊ အဲဒီတဲမှာ လူမှမနေတာ"



www.burmeseclassic.com

www.burmeseclassic.com

"ရှိတယ်၊ အဖိုးကြီးတစ်ယောက်နဲ့ အသက်အစိတ်လောက်ရှိတဲ့ အမျိုးသမီးတစ်ယောက်ရှိတယ်"

"ကျုပ်တို့ သိထားတာကတော့ အဲဒီအိမ်လေးမှာ လူမနေတာ နှစ်လသုံးလလောက်ရှိပြီ"

"လာ ခင်ဗျားတို့ လိုက်မယ်ဆိုရင် သွားကြည့်ကြမယ်"

"စံဝင်း ရှေ့က ဦးဆောင်သွားသဖြင့် စိတ်ဝင်စားသောလူလေးယောက်ခန့် နောက်မှလိုက်ခဲ့သည်။

"ဟောဒီတဲထဲမှာ"

စံဝင်း တံခါးလုပ်ထားသော ထရံကိုကန်ပြီး ထွက်လာသဖြင့် တံခါးပွင့်နေသော အိမ်အတွင်း အတိုင်းသား မြင်လိုက်သည်။

"ဟင်"

စံဝင်း ပြောသမျှအရာဟူ၍ အထဲမှာ ဘာမှမရှိ၊ စောင်မရှိ၊ ခေါင်းအုံးမရှိ၊ ဖျာလည်းမရှိ၊ ပြောင်သလင်းခါနေသည်။

ညက ထွန်းထားသော မှန်အိမ်လည်းမရှိ။ ထရံမှာ ချိတ်ထားသော စံဝင်း၏ မိုးကာအင်္ကျီတစ်ထည်သာရှိသည်။

"ကောင်လေး မင်းအရက်မူးလာပြီး လူမရှိတဲ့တဲမှာ တက်အိပ်မိရာက သရဲကို အိပ်မက်နေတာဖြစ်မယ်"

စံဝင်းလည်း ဘာမှ မရှင်းပြဖြစ်တော့။ ချော်လဲရောထိုင်လိုက်သည်။

ဟုတ်မယ်။ ညက လယ်ကွင်းထဲက အရက်မူးလွန်လာပြီး ဘယ်မှာ အိပ်ဖြစ်လိုက်မှန်း မသိလိုက်ဘူး။

"မင်း ဒီလူမရှိတဲ့ အိမ်ပေါ် တက်အိပ်မိတာနေမှာပေါ့"

ထိုလူများ ထွက်သွားတော့ စံဝင်း ရွာထဲသို့ ပြန်လာခဲ့သည်။ စံဝင်း ထိုအချိန်မှစ၍ သရဲခြောက်ဖို့လည်း မစဉ်းစားတော့။ ညနေလေးနာရီထိုးသည်နှင့် ရဲနွယ်ချောင်းထိပ် ရောက်နေကျ မရောက်ဖြစ်တော့။

ဌေးဌေးဝင်းရှိရာသို့လည်း မရောက်တော့။ ဒို့ကို မဖဲဝါက သူ့သင်္ချိုင်းမှာ သရဲအယောင်ဆောင် လာခြောက်နေလို့ ပညာပေးလိုက်တာပဲ။

"ဒါကလည်း သရဲကိုမှ သွားခြောက်လိုက်မိသေးတယ်"

"ကံကောင်းလို့၊ ဒို့ကို အသေမသတ်သွားတာ"

"တော်ပြီ။ နောက်ကို ကိုယ်ပျော်ဖို့ သူများကို သရဲအဖြစ် ဘယ်တော့မှ မခြောက်တော့ဘူး"

မဖဲဝါနှင့် တွေ့လိုက်သော စံဝင်းအသိတရား ရသွားကာ မိဘအလုပ်ကိုလည်း တာဝန်သိစွာ ဝင်လုပ်တော့သည်။ အရာရာ ပေါ့ပျက်ပျက်မနေတော့။



www.burmeseclassic.com

 www.burmeseclassic.com

စိတ်ချယုံကြည်လောက်အောင် စောင့်ကြည့်ခြင်းနှင့်အတူ စံဝင်း၏ လုပ်ရည်ကိုင်ရည်ကို ကြည့်ပြီး၊ အချစ်ဦး စိုးစိုးမေက ဘဝကြင်ဖော်အဖြစ် ထာဝစဉ်လက်တွဲဖြစ်ခဲ့လေတော့သည်။



# အစအနောက်သန်သော ခေါင်းပြတ်သရဲ

မအေးတင့် အသက်က သုံးဆယ်၊ တောင်ဥက္ကလာ (၁၃) ရပ်ကွက်မှာ ယသာဝတီ၊ အနော်မာကောလိယ၊ ဒေဝဒတ္တလမ်းများတွင် မနက်ဝေလီဝေလင်းမှစ၍ မနက် ခုနစ်နာရီခန့်အထိ ကောက်ညှင်းပေါင်းကို ပဲပြုတ်သည်နှင့် အမြိုင် ရောင်းနေသူဖြစ်သည်။

ကောက်ညှင်းပြန်ပေါင်း၊ ပဲပေါင်း၊ ချိတ်ပေါင်း အသံစာစာနှင့် နေ့စဉ်ပုံမှန် အရောင်းမပျက်ခဲ့။

ညဘက် ကောက်ညှင်းသုံးပြည်နှင့် ချိတ်စာစ်ပြေတို့ကို ရေစိမ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်ကာနီးသည့်အချိန်ရောက်သည်နှင့် ရေသွန်ပြီး ရေစိမ်ထားလိုက်သည်။

မနက် နှစ်နာရီထိုးခန့်မှစ၍ ကောက်ညှင်းကို စပေါင်းသည့်ညဘက် မကျက်တကျက် ပြုတ်ထားသော ပဲလွန်းနှင့် ကောက်ညှင်းဆန်ရော၍ တစ်အိုးပေါင်းလိုက်သည်။

မီးဖိုမှစ်ဖိုနှင့် ပေါင်းအိုးနှစ်အိုးကို ဇယ်ခတ်သလို ပေါင်းတော့သည်။

ပထမကျက်သည့် ကောက်ညှင်းအိုးကို ကောက်ညှင်းပြန်ပေါင်းပြုလုပ်သည်။

ကောက်ညှင်းပေါင်းနေစဉ် အုန်းသီးကို တစ်ခြမ်းပြီးတစ်ခြမ်းခြစ်နေလိုက်သည်။

မနက် ငါးနာရီ၊ ငါးနာရီခွဲခန့်ဆိုလျှင် ရပ်ကွက်အတွင်း လှည့်လည်ရောင်းရန် အဆင်သင့်ဖြစ်ပြီ။

တစ်ခွဲဝင်တောင်းအတွင်း ပိတ်ဖြူစခံကာ၊ ကောက်ညှင်းပေါင်းများကို သုံးကန့်ခွဲထည့်ပြီး လင်ဗန်းပေါ်တင်၍ အရောင်းထွက်တော့သည်။

မနက်ခုနစ်နာရီကျော်ခန့်ဆိုလျှင် ကောက်ညှင်းပေါင်းများကုန်ပြီ။

အကယ်၍ မကုန်သေးလျှင် ဒေဝဒဟလမ်းရပ်ကွက်ဈေးမှာ





ချရောင်းလိုက်သည်။

တစ်ပတ်ကို တစ်ရက်၊ နှစ်ရက်ခန့်ဈေးမှာ လက်ကျန်ဖြတ်ရသည်။

ထိုကဲ့သို့ နေ့စဉ်မပျက် လုပ်လာခဲ့ရာ တစ်ရက်၊ မနက်နှစ်နာရီခန့်မှစ၍ ကောက်ညှင်းပေါင်းနေသည်။

အိမ်ရဲ့ နောက်ဘက်ရေကပြင်မှာ အကာအရံမရှိ ခြံအတွင်းအတိုင်းသား မြင်ရသည်။

မနက်သုံးနာရီခန့်ရောက်တော့ ပထမပေါင်းအိုး ကျက်သွားပြီ။

နောက်တစ်အိုး မတင်ခင် ပေါင်းခံအိုးကို ရေထပ်ဖြည့်ပြီး မီးကို နိုင်နိုင်ထိုးလိုက်သည်။

ထိုအိုးပေါ်မှာ ပဲလွန်းရောထားသော ကောက်ညှင်းအိုးကို တင်လိုက်သည်။ အောက်ခံအိုး၏ နှုတ်ခမ်းပတ်ပတ်လည်ကို ပိတ်စဖြင့် ရေငွေ့လုံရန် ပတ်ပြီး ရေနွေးငွေ့ ထွက်မထွက် သေချာစွာ စစ်ပြီး အငွေ့မထွက်လျှင် ကျက်သည်အထိ မီးထိုးပေးရန်သာ ရှိသည်။

ထိုကဲ့သို့ လုပ်စရာရှိသည်ကို လုပ်ကိုင်၍ ခဏမျှထိုင်ပြီး အုန်းသီးခြစ်နေစဉ် အိမ်နောက်ဘက်၌ စိုက်ထားသော ငှက်ပျောပင်များ ရှိသည့်အနက် ငှက်ပျောတစ်ပင်မှ ငှက်ပျောတစ်ရွက်က



www.burmeseclassic.com

www.burmeseclassic.com



လေမတိုက်ပါဘဲ အပေါ်အောက် လှုပ်ရှားလိုက် ဘေးဘက်သို့ ခါလိုက် အမျိုးစုံလှုပ်ပြနေသည်။

"အံမယ် ... အံမယ် ... ဌါ့ကို ခြောက်နေတာပေါ့ ဟုတ်လား"

မအေးတင့်က ထိုသို့ပြောလေ သွက်သွက်လေး လှုပ်လေပင်။

"ဌါက ကြောက်မယ်များ ထင်လို့လား မကြောက်ရေးချ မကြောက်ပဲဟေ့"

အုန်းသီးခြမ်းကို ဘေးချပြီး နောက်ဘက်သို့ကြည့်ကာ လှမ်းအော်နေသည်။

ငှက်ပျောရွက်တစ်ရွက်ကတော့ အလှုပ်မပျက် လှုပ်ဆဲ။

"တွေ့မယ် ... တွေ့မယ် မနက်ကျမှ အဲဒီအရွက်ကို ခုတ်ပြီး ကောက်ညှင်းပေါင်း ထုတ်ရောင်းပစ်မယ်"

ထိုသို့ ပြောပြီး မအေးတင့်လည်း ငှက်ပျောရွက်ကို ဂရုမစိုက်တော့ဘဲ လုပ်စရာရှိသမျှ ဆက်၍ လုပ်နေလိုက်တော့သည်။

မနက် ငါးနာရီကျော်သည်နှင့် ဓားတစ်ချောင်းကိုယူကာ သူ့အား လှုပ်ပြခဲ့သည့် ငှက်ပျောရွက်ကို အရိုးရင်းမှ ခုတ်ယူလိုက်ပြီး အိမ်ပေါ်တက်ခဲ့သည်။





အရွက်များ အရိုးရင်းမှ ဓားနှင့် ဖဲ့ယူလိုက်ပြီး တောင်းပေါ်မှာတင်ကာ ကောက်ညှင်းပေါင်း အရောင်းထွက်ခဲ့သည်။

ယသာဝတီလမ်းမှစ၍ ထွက်ခဲ့ပြီး သံသုမာလမ်းမကြီးအထိ အော်ရောင်းခဲ့သည်။

"ကောက်ညှင်းပြုန်ပေါင်း၊ ဖြူပေါင်း ပဲပေါင်း ငချိတ်ပေါင်း"

မနက်လင်းအားကြီး ဝယ်စားမည့်သူ မရှိတတ်သေး။ မနက်စောစော အလုပ်သွား အလုပ်ဆင်း ဈေးဖွင့်သူများနှင့် တိုးလျှင်ရောင်းရသည်။

မအေးတင့်က (၁၈)လမ်းက စရောင်းမည်ဆို့ သံသုမာလမ်းသို့ ထွက်ခဲ့သည်။

သံသုမာလမ်း မရောက်ခင် (၁၄)လမ်းထိပ်အရောက်။

"ကောက်ညှင်းပြုန်ပေါင်း"

အသံတစ်ချက် ပေးအော်လိုက်သည်။

"ကောက်ညှင်းပြုန်ပေါင်းလာပါဦး"

ခေါ်သံကြား၍ နောက်သို့ ပြန်လှည့်လိုက်စဉ် "အမယ်လေး" ကောက်ညှင်းပေါင်းဝယ်ရန် လှမ်းခေါ်လိုက်သူမှာ ခန္ဓာကိုယ်သာရှိပြီး ခေါင်းမရှိသော ယောကျ်ားတစ်ယောက် ဖြစ်နေသည်။

"အမလေးတော့"



www.burmeseclassic.com

www.burmeseclassic.com



ကောက်ညှင်းပေါင်းထည့်သော တောင်းကို လက်နှစ်ဖက်နှင့် သေသေချာချာကိုင်ပြီး နောက်သို့ ပြန်လှည့်ပြေးတော့သည်။

လူက ထွားထွားကျိုင်းကျိုင်း အိမ်ထောင်ကျပြီး ကလေး နှစ်ယောက်သာရသေးသူ မအေးတင့် ကောက်ညှင်းပေါင်းလေးပြည် တောင်းအပြည့်နီးပါးကို ရွက်ကာ ပြေးစွမ်းနိုင်သမျှ ပြေးခဲ့သည်။

သံသုမာလမ်းတစ်လျှောက် ပြေးခဲ့ပြီ (၃၈)လမ်း အဝင် ရောက်မှ အပြေးရပ်ကာ နောက်သို့ ကြည့်လိုက်သည်။

ခေါင်းပြတ်သရဲကြီး မရှိတော့။

သို့ကြောင့် (၃၈)လမ်းမှစ၍ အော်ရောင်းတော့သည်။ လမ်းဆုံ တော့ ရပ်ကွက်ချောင်းလေး ခြားထားသည် ရပ်ကွက်သို့ လျှောက် ခဲ့သည်။

ထိုနေရာမှာ အိမ်မရှိ၊ ချောင်းကူးတံတား ᠁ားရောက်တော့ ခေါင်းပြတ်သရဲ ပါမပါ ကြည့်လိုက်မိသည်။

သရဲ နောက်က မလာမှန်းသိမှ စိတ်ချလက်ချနှင့် ဦးချစ် မုန့်ကင်းခါးဖိုရှေ့မှစ၍ (၃၇)လမ်း၊ (၃၆)လမ်း၊ (၃၅)လမ်း လှည့် ရောင်းလိုက်သည်။ ထိုမှ ဒေဝဒဟလမ်းဘက် ပြန်လာကာ (၃၉)လမ်း နှင့် လမ်း(၄၀) ဝင်ရောင်းလိုက်သည်။

လမ်းအဝင်နောက်မှ တောင်းကို လှမ်းဆွဲထားသလို ဖြစ်နေ





သဖြင့် မအေးတင့် နောက်သို့လည်း လှည့်မကြည့်ရဲ ... ရှေ့သို့ ခြေလှမ်းကြည့်သော်လည်း တောင်းက နောက်သို့သာ လန်နေ သည်။

ခေါင်းပေါ်မှ ပြုတ်မကျရန် ရပ်နေရတော့သည်။

"လွှတ်ပေးပါ တောင်းကို လွှတ်ပေးပါ"

အချိန်က ခြောက်နာရီထိုးခန့်ရှိပြီမို့ လမ်းအတွင်းက အသိ တချို့ အလုပ်သွားရန် ထွက်လာကြသည်။ ရပ်နေသော မအေးတင့် ကို မြင်သဖြင့်

"မအေးတင့် ကောက်ညှင်းတောင်းကြီး ရွက်ပြီး ဘာရပ်လုပ် နေတာလဲ"

ကပရမှာ ရပ်နေသော ကိုညိုထွန်းက အထူးအဆန်းသဖွယ် ကြည့်ပြီး မေးလိုက်မှ တောင်းကိုလွှတ်လိုက်ပုံရသည်။

"အော် ... ခြေထောက်ညောင်းလို့ ခဏရပ်နေတာ"

"ဒီမှာ့ဗျာ တောင်းချပြီး နားမှပေါ့"

တစ်လမ်းဝင် တစ်လမ်းထွက်ရောင်းခဲ့ရာ မနက်ခုနစ်နာရီခွဲ အရောက် ပါသမျှ ကုန်သွားတော့သည်။

ဒေဝဒဟလမ်း ဆန်ဆိုင်မှာ ကောက်ညှင်းနှင့် အုန်းသီးများ ဝယ်ပြီး ဈေးမှာ ဟင်းစားဝယ်ကာ အိမ်သို့ပြန်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မအေးတင့် အိမ်သို့ပြန်ရောက်လာသည်။ ဈေးတောင်းကို အိမ်ပေါ်မှာ ရှိုးရိုးတန်းတန်း မချဘဲ မီးဖိုအတွင်း ပစ်သွင်းလိုက်သည်။

ကောက်ညှင်းဆန်များက ကျွတ်ကျွတ်အိတ်နှင့် ထည့်လာ၍ အနည်းငယ်သာ ဖိတ်စင်ကျသော်လည်း အုန်းသီးများ ဟင်းစားများ ပြန့်ကျဲကုန်တော့သည်။

ခင်ပွန်းဖြစ်သူနှင့် ကလေးများက မအေးတင့်အား ကြည့်ပြီး အံ့အားသင့်နေသည်။

အိမ်ပေါ်မှာ ခြေဆင်းထိုင်လိုက်ပြီ မိမိခန္ဓာကိုယ် ပေါင်၊ ခြေထောက်၊ ပါးတို့ကို ထုရိုက်နှက်နေသည်။

"ဟဲ့ မအေးတင့် မလုပ်နဲ့။ ကိုယ့်ကိုယ်ကို ထုရိုက်နေတော့ နာကျင်ကုန်မှာပေါ့။ မင်း ဘယ်ရန်သူနဲ့ ရန်ဖြစ်ခဲ့တာလဲ"

"မကျေနပ်ဘူး ... မကျေနပ်ဘူးကွ"

မအေးတင့်အသံက ပုံမှန်မဟုတ်။ အသံသြသြကြီး မျက်လုံးနှစ်လုံးက နီလာကာ ပါးစပ်ကလေးကို တဖူးဖူး မှုတ်ထုတ်နေသည်။

"ဒီကောင်မကို နာအောင်လုပ်ရမယ်"

မအေးတင့်မှာ ခြေထောက်များ၊ ပေါင်များကို ထုရိုက်ရင်း၊





ခေါင်းနှင့် ကြမ်းပြင်ကိုပါ ဆောင့်နေသည်။

မအေးတင့်ယောကျ်ား ကိုစိုးက မအေးတင့်အမေကို သွား ခေါ်ရန် သားကြီးအား လွှတ်လိုက်သည်။

ခဏအတွင်းမှာပင် မအေးတင့် အမေ ရောက်လာသည်။ မအေးတင့်အခြေအနေကို ကြည့်လိုက်သည်။

"မကျေနပ်ဘူးဟေ့၊ မကျေနပ်ဘူး"

"ဘယ်သူ့ကို မကျေနပ်တာလဲ"

"ဒီကောင်မ မအေးတင့်ကို မကျေနပ်လို့"

"ဘာကြောင့် မကျေနပ်တာလဲ ပြောပြမှ သိမှာပေါ့"

"ငါက စချင်ပြောင်ချင်လို့ ငှက်ပြောရှက် လုပ်ပြခဲ့တယ်...။ ငါလုပ်ပြတာ သူ့အတွက် ပျော်စရာမဖြစ်ဘဲ ငါလုပ်ပြခဲ့တဲ့ ငှက်ပျော ရှက်ကိုခုတ်ပြီး ကောက်ညှင်းပေါင်း ထည့်ထုတ်ပစ်လိုက်တယ်"

"ဒါကို စော်ကားတာပဲ"

"ငါက ပျော်စေ ချင်စေ ဆိုပြီး လုပ်တာ၊ ဒါကို စော်ကား တယ်။ ငါမကျေနပ်လို့ပေါ့ မကျေနပ်လို့"

"သည်းခံပေးပါ၊ နောက်ပြောင်မှန်း မသိလို့ အခုလို လုပ်မိ တာပါ။ နောက်ကို အခုလို မပြုမိအောင် ပြောဆို ဆုံးမပေးပါမယ်"

"ငါ ဒီခြံထဲမှာ နေတာ ဆယ်နှစ်ကျော်ပြီ။ ငါ တွင်းမှ



www.burmeseclassic.com

www.burmeseclassic.com

မခြောက်မလှန့်ဘူးဆိုတာ သိတယ်မဟုတ်လား"

"သိပါတယ်"

"ဝို့ကို နောက်ထပ် မစော်ကားရင်တော့ အခုလို သူ့ကို နာကျင်အောင် သူ့ကိုယ်သူ ပြန်ထုရိုက်သလိုမျိုး ဆိုးမနေတာထက် ပိုတဲ့ ပြစ်ဒဏ်ပေးမယ်"

"နောက်ကို မလုပ်စေရပါဘူး။ ကတိပေးပါတယ်"

"အေး အခုတော့ မကျေနပ်ချင်ဘဲ ခွင့်လွှတ်လိုက်မယ်... ဝို့ကို တောင်းပန်တဲ့အနေနဲ့ ညကျရင် ထမင်းနဲ့ကြက်အသည်း အမြစ်ဟင်းကို အိမ်ရှေ့ခြံဝမှာ ချထားပေးပါ"

"လုပ်ပေးပါ့မယ်"

"ဒါဆို ဝိသွားတော့မယ်"

"မအေးတင့်လည်း မျက်ထောင့်နီကြီးဖြင့် မိမိခန္ဓာကိုယ်အား ဝင်ရောက်နှိပ်စက်နေသည့် ဝိညာဉ်ထွက်သွားတော့မှ ...

"ဟင်း"

သက်ပြင်းချ ညည်းညူကာ ထိုင်ရာက လဲကျသွားတော့ သည်။

"ညည်းနှယ် ဖြစ်လိုက်ရင် ကျော်မကောင်း ကြားမကောင်း ပဲ"





"သူ့ဟာသူ ငှက်ပျောရှက် လှုပ်ပြတာကို သွားစုတ်ပစ်ရ တယ်လို့ ... သရဲက စိတ်ဆိုးပြီး ... နောက်က တကောက် ကောက် လျှောက်လိုက်နေတာပေါ့"

"နောက်ကို ... အချိန်မတော် အချိန်တော် သွားလာနေ ရတာ။ ပါးစပ်အပြောအဆိုလည်း ဆင်ချင်"

"တစ်ကိုယ်လုံး နာကျင်နေရတဲ့အထဲ အမေကပါ အနား လာပြီး ပူညံပူညံ လုပ်နေရသေးတယ်။ အားလုံး သဘောပေါက် တယ်"

"အဲဒီ ပါးစပ် ... အခုတင် ပြောနေသေးတယ်"

"ကဲ ... ငါပြန်မယ်။ ဟဲ့ ငစိုး ဈေးမသိမ်းခင် ကြက် အသည်းအမြစ်သွားဝယ်ပြီး ချက်ထားဦး ညနေလာပြီး ပြောဆို တင်မြောက်ပေးမယ်။

မအေးတင် အမေလည်း သမီးအတွက် စိတ်ချသွားပြီမို့ အိမ်ပြန်သွားတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

# သရဲစကားဝိုင်း (၁)

တန်ဆောင်မုန်း၊ နတ်တော် စပါးသိမ်းပြီး ဆောင်းတွင်းမှသည် နွေကာလအထိ ဖရဲ၊ ပြောင်း၊ နှမ်း၊ ပဲအမျိုးမျိုး စိုက်ကြသည်။ တပေါင်း၊ တန်ခူးဆိုလျှင် အားလုံး အခင်းသိမ်းပြီဖြစ်သည်။

တန်ခူးလမှ ကဆုန်လကုန်အထိ လယ်သမား၊ ကိုင်းသမားတို့ လယ်ယာအလုပ်မှ အနားရကာ အိမ်ပြင်စရာရှိလျှင် ပြင်ကြသည်။

ထင်းခွေ၊ ဝါးခုတ်၊ သက်ကယ်ရိတ်အလုပ်ကို လုပ်ကြသည်။

မိုးမကျခင် အိမ်ပြင်၊ အိမ်မိုးရန် ကိစ္စရှိလျှင် ကြိုတင်ပြင်ဆင်ကြသည်။

ညဘက်ဆိုလျှင် အသိမိတ်ဆွေများအိမ် လည်ပတ်ပြီး ရေနွေးကြမ်းသောက် စကားဝိုင်းဖွဲ့ကြသည်။





လူငယ်ကာလသားများကလည်း ခြေခင်းလက်ခင်းသာသဖြင့် ညည့်နက်သည်အထိ လည်ပတ်စကားပြောကြသည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စု ညဘက်လသာသာမှာ ရွာစပ်ရှိ မျိုးသိန်းတို့၏ လယ်တဲသို့သွား၍ လက်ဖက်စား၊ ရေနွေးကြမ်း သောက်ပြီး စကားဝိုင်းဖွဲ့ကြသည်။

လူစုံတော့ ရပ်ထဲရွာထဲကအကြောင်း ရောက်တတ်ရာရာ ပြောကြသည်။

ယခု ထိုအကြောင်းအရာများကို မပြောဖြစ်ကြတော့။ အားလုံး စိတ်ဝင်တစားရှိမည့် စကားများ ရှာကြံပြောကြသည်။

အားလုံး စိတ်ဝင်တစား ပြောဖြစ်ကြသည့် အကြောင်းအရာကတော့ သရဲအကြောင်း၊ သရဲအတွေ့အကြုံများ၊ လူကြီးသူမများ ပြောပြသော သရဲအကြောင်းများကို သိထား ကြားထားသလို စကားဝိုင်းမှာ ပြောကြခြင်းဖြစ်သည်။

"ကဲ ဘယ်သူ စပြောမှာလဲ၊ မျိုးသိန်း မင်းစပြော"

"ငါ မနေ့ညက သိထားသမျှ ပြောပြီးပြီ"

မြင့်ဦးက သောင်းမြင့်အား

"သောင်းမြင့် မင်းမနေ့ညကလည်း ဘာမှမပြောဘူး။ လက်ဖက်ပဲ စားနေတယ်။ အခု မင်းပြော"



www.burmeseclassic.com

 www.burmeseclassic.com

"နားထောင်ချင်တယ် ဆိုတော့လည်း ပြောရတာပေါ့"

သောင်းမြင့်က စကားမစသေးဘဲ လက်ဖက်တစ်ဇွန်းကို ခပ်စား လိုက်သည်။

"ပြောမယ့်တာ မပြောဘဲ သောက်စားပဲစားနေတယ်"

"ငါစကားပြောနေတုန်း မင်းတို့နားထောင်သလိုနဲ့ လက်ဖက်ကို အပြတ်မပဟဲ့ခင် ကြိုပြီးစားထားတာ"

"ကဲ ငါ သရဲအကြောင်း စပြောမယ်"

သောင်းမြင့်က ရေနွေးကြမ်းတစ်ခွက် မော့သောက်လိုက်ပြီး၊ သရဲအကြောင်း စပြောပါတော့သည်။

"ညောင်လေးပင်မြို့နယ်ထဲက ရွာတစ်ရွာမှာပေါ့ကွာ"

"ဟော့ကောင် ယုတ္တိရှိအောင်ပြော။ မင်းဇာတ်လမ်းကတော့ တကယ်ဟုတ်ရဲ့လား"

"နားမထောင်ချင်ရင် ထသွား၊ အမေးအမြန်း မထူနဲ့။ ညောင်လေးပင်ဆို၊ ညောင်လေးပင်လိုက်ပေါ့ကွာ တကတည်း နားလည်းထောင်ချင်သေးတယ် စကားကလည်း များသေး"

မောင်ကျော်က လက်ကာပြလိုက်သဖြင့် မည်သူ့မှ စကား မဟတော့။

ညောင်လေးပင်ရွာမ ရပ်ကွက်မှာနေတဲ့ မောင်တင့်ဆိုတဲ့





လူငယ်တစ်ယောက်က ပုဇွန်မြောင်းသူ မစိုးနဲ့ ချစ်ကြိုက်နေကြသည်။

ချစ်သူတို့ သဘာဝ၊ ချစ်ပြီးတော့ အိမ်ထောင်ပြုရန် အဆင့်တက် ကြံစည်ကြသည်။

မိန်းကလေး မိဘများက မောင်တင့်အကြောင်း စုံစမ်းပြီး အလုပ် လုပ်သော်လည်း လောင်းကစား ဝါသနာကြီးသူဆိုတော့ သဘောမတူနိုင်ခဲ့။

မှန်ပါသည်။ မောင်တင့်က အလုပ်မလုပ်ဘဲတော့ မနေ၊ လုပ်သင့်သည့်အလုပ်ကို ပြီးအောင် လုပ်ပါသည်။

ဒါပေမယ့် သူ့ကို နာမည်ပျက်စေသည့် အမဲစက်က သူ့အကျင့်စရိုက်ပင်။

လောင်းကစား ဝါသနာပါခြင်းဖြစ်သည်။

ဖဲရိုက်၊ ကြက်တိုက် အလွန်ဝါသနာပါသည်။

တိုက်ကြက်ကို ကိုယ်တိုင်လက်သပ်မွေးပြီး တိုက်သည်။

သို့ကြောင့် အလုပ်မည်မျှပင် လုပ်ပါစေ၊ လောင်းကစား ဝါသနာပါလွန်းသည့်အတွက် မိန်းကလေးရှင်များက မောင်တင့်ကို မကြိုက်ရန် မောင်တင့်စကား နားမယောင်ရန် ကြိုတင်မှာထားသည်။



www.burmeseclassic.com

www.burmeseclassic.com

နပူးစာရှာလည်သည်ဟုပင် ပြောရတော့မည်။ လူကြီးတွေ့မည်မျှသာဘောမတူနိုင်သော်လည်း လူငယ်နှစ်ဦးက တစ်သက်မခွဲခွာတန်း သစ္စာပြုထားလေသည်လားမသိ။

မောင်ဖေါ်ရာ မေလိုက်ခဲ့တော့သည်။

ယနေ့ ညဆယ်နာရီခန့် လာခိုးရန် ချစ်သူက မှာထားသဖြင့် မောင်တင့်လည်း ညခုနစ်နာရီခန့် အိမ်မှထွက်ခဲ့သည်။

ထမင်းမစားရသေးသဖြင့် ခေါက်ဆွဲနှစ်ထုပ်ဝယ်လိုက်ပြီး လွယ်အိတ်ထဲ ထည့်လိုက်သည်။

တိုက်ကြက်ကို တစ်ဖက်က ပွေ့လိုက်သည်။

မိန်းမခိုးလျှင် အိမ်သို့ပြန်၍မဖြစ်၊ သူငယ်ချင်း ထွန်းလှ၏ ရွာသို့ တစ်ပတ်ခန့်လာနေမည့်အကြောင်း ကြိုပြောထားသည်။

ထွန်းလှတို့ရွာမှာ ကြက်ပွဲရှိလျှင် ကြက်တိုက်ရန် လက်သပ်မွေးထားသောကြက်လေးကို မိန်းမခိုးသည့်နေရာအထိ သယ်လာခြင်း ဖြစ်သည်။

ထို့ပြင် ညရေးညတာအတွက် ငှက်ကြီးတောင်ဓါးလွက်ကို လက်တစ်ဖက်ဖြင့်ကိုင်ရင်း ချစ်သူရှိရာ အချိန်မီရောက်ရန် ထွက်ခဲ့သည်။

ချိန်းထားသော နေရာရောက်တော့ အချိန်က ဆယ်နာရီခွဲ





မစိုးကို အဆင်သင့်တွေ့ပါသည်။

မစိုးမှာ ခရီးဆောင်အဝတ်အစားထည့်သော အိတ်တစ်လုံးပါသည်။

"ကဲ ... အစ်ကို့ရဲ့ တစ်ကိုယ်လုံးလည်း လွယ်အိတ်ရော၊ ဓါးရော၊ ကြက်ရော မိန်းမလာခိုးတာနဲ့ မတူတော့ဘူး"

"ဘာနဲ့ တူနေလို့လဲ"

"သူခိုးတစ်ယောက်နဲ့ တူနေပြီ"

"ပြောတော့မယ် စိုးကလည်း"

"အခု ဘယ်သွားမှာလဲ"

"အစ်ကို သူငယ်ချင်း ထွန်းလှတို့ရွာကို သွားမယ်"

"မှန်မှန်လျှောက်သွားရင်း တစ်နာရီခွဲလောက်ဆို ရောက်မယ်။ နှစ်နာရီ သုံးနာရီလောက်တော့ အပင်ပန်းခံ လျှောက်ရဦးမယ်"

"နားနားပြီး သွားကြတာပေါ့"

သို့ဖြင့် နှစ်ယောက်သား တဖြည်းဖြည်းချင်း လျှောက်လာခဲ့ရာ ညဆယ့်နှစ်နာရီလောက်အရောက် မစိုးက

"ကျွန်မ ညောင်းလာပြီ ခဏလောက် နားရအောင်"

"ဟိုရှေ့က သစ်ပင်အောက်မှာ ခဏနားကြမယ်။ အချိန်ဆို နောက်က ဘယ်သူမှ လိုက်မလာတော့ပါဘူး"


www.burmeseclassic.com

www.burmeseclassic.com



သူတို့ သစ်ပင်အောက် ရောက်သွားသည်။ သစ်ပင်အောက်မှာ အမှိုက်သရိုက်၊ မြက်ကို့မရှိ၊ ပြောင်ပြောင်ရှင်းရှင်းရှိသည်။

ပုဆိုးတစ်ထည် ဖြန့်ခင်းပြီး ထိုင်လိုက်ကြသည်။

"ကျွန်မ ထိုင်မနေချင်ဘူး။ ခဏလောက် တုံးလုံးလှဲချင်တယ်"

"ကိုယ့်ပေါင်ပေါ် ခေါင်းတင်ပြီးအိပ်၊ နာရီဝက်လောက် အိပ်ချင်အိပ်လိုက်၊ ပြီးမှ ကိုယ်နှိုးမယ်။ ဒါနဲ့ ခေါက်ဆွဲပါလာတယ် စားမလား"

"မစားတော့ဘူး။ အိပ်လို့နိုးမှ စားချင်ရင် စားတော့မယ်။ ဒါဆို ကိုယ်စားနှင့်လိုက်မယ်"

"စားလိုက်"

မစိုးက ထိုမျှသာပြောပြီး တစ်နာရီခွဲ နှပ်နာရီနီးပါးမျှ လျှောက်လာခဲ့သဖြင့် ပေါင်ပေါ်ခေါင်းတင်ပြီး မျက်လုံးမှိတ်လိုက်သည်နှင့် အိပ်ပျော်သွားတော့သည်။

ထိုအခါ မောင်တင့်လည်း ခေါက်ဆွဲတစ်ထုပ်ကို အိတ်ထဲမှ ထုတ်ပြီး ဖြည်စားရန် ပြင်လိုက်သည်။

ခေါင်ဆွဲထုပ် ဖြည်လိုက်သည်နှင့် ဆာနေသူကို သွားရည်များ ကျလာအောင်ပင် တရှုတ်မဆလာအနံ့က မွှေးသွန်းလှသည်။





ထိုစဉ် သူ့ရှေ့မှ လူလိုလို မည်းမည်းအကောင်တစ်ကောင် အနားသို့ လျှောက်လာနေသည်ကို တွေ့လိုက်သဖြင့် ခေါက်ဆွဲကို မစားသေးဘဲ အခြေအနေ ကြည့်နေလိုက်သည်။

ထိုမည်းမည်းအကောင်က သူ့ရှေ့မှာ ဆောင့်ကြောင့် လာထိုင်လိုက်သည်။

ထိုအခါမှပင် သူ့ရှေ့က အကောင်သည် လူမဟုတ် နာနာဘာဝတစ်ကောင်ဖြစ်နေမှန်း သိလိုက်သည်။

ဟင်း ... ဟင်း ... ပေး ... ပေး ...

ခေါက်ဆွဲများကို သူ့ကိုပေးရန် လက်ညှိုးထိုးနေသဖြင့် သူ့လက်ထဲသို့ ခေါက်ဆွဲနည်းနည်း ခွဲပေးလိုက်သည်။

ခေါက်ဆွဲများကို ပါးစပ်အတွင်းသို့ ထိုးသွင်းပြီး စားလိုက်သည်။

ထို့နောက် မောင်တင့်ပင် မစားရသေး လက်ဖြန့်ပြန်သည်။

"ဟာ ရှေ့ရှေ့ တော်တော့"

သရဲက မောင်တင့်ကြုံးထည့်ပေးလိုက်သော ခေါက်ဆွဲကို တစ်လုပ်ထဲ စားပစ်လိုက်သည်။

ထို့နောက် ထပ်တောင်းပြန်သည်။

"ငါ့ခေါက်ဆွဲကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သရဲက ထမသွားသေးဘဲ လွယ်အိတ်ထဲက ခေါက်ဆွဲထုပ်ကို တောင်းပြန်သည်။

မတတ်နိုင်တော့။ ဇနီးအသစ်စက်စက်ကလေး နိုးသွား၍မဖြစ်၊ ခေါက်ဆွဲထုတ်ကို ဖြည်ပြီး တစ်ဝက်ခွဲပေးလိုက်သည်။

ထိုင်ရာက ထမသွားဘဲ ကုန်အောင်ထိုင်စားနေသည်။

မစိုးအတွက် ချန်ထားသော ခေါက်ဆွဲတစ်ဝက်ကိုပါ တောင်းနေပြန်သည်။

ထိုတစ်ဝက်ကိုလည်း မောင်တင့်ရှေ့မှာပင် ကုန်အောင် စားလိုက်သည်။

"တောက် တရားလွန်နေပြီ"

အသံမထွက်ဘဲ စိတ်ထဲက အမြင်ကပ်နေပြီ၊ သရဲထွက်သွားအောင် မည်သို့လုပ်ရမည်မသိ။

သရဲက ပါးစပ်ကို လျှာနှင့်သိမ်းနေပြီး မျက်လုံးက ဟိုကြည့်သည်ကြည့် မျက်လုံးအကြည့်က သူ့ပေါင်ဘေးမှာ ကပ်လျက်အိပ်နေသည့် တိုက်ကြက်လေးဆီမှမခွာ

"သွားတော့ မင်းခေါက်ဆွဲနှစ်ထုတ် စားပြီးသွားပြီ"

သရဲက ခေါင်းခါပြပြီး လက်က ကြက်ကလေးကိုထိုးပြနေသည်။





ခက်တော့ပြီ။ မပေးရင်လည်း နေရာမှ ထမည်မထင်။ မစိုးနိုးမည်စိုးသဖြင့် မောင်တင့်စကားကျယ်ကျယ် မပြောဖြစ်။

ကြက်ကို မဖြစ်မနေ ပေးရတော့မည်မှန်း သိသည်။

သို့ကြောင့် ကြက်ကိုလည်းပေးရင်း အနီးမှထွက်သွားရန်လည်း ပြောလိုက်သည်။

သရဲကြီးလည်း ကြက်ကလေးကို ပါးစပ်ထဲသို့ထည့်ပြီး ကျွတ်ကျွတ် ဝါးစားနေသည်၊ သွားကြားက သွေးများ စီးကျလာသဖြင့် ရှုံစရာကောင်းသော လျှာကြီးဖြင့် လျက်သိမ်းနေပြန်ပါသည်။

ကြက်တစ်ကောင်လုံး စားပြီးလျှင် ထွက်သွားမည် ထင်ထားသော သရဲက ထွက်မသွား။

သူ့အကြည့်က အိပ်မောကျနေသော ဇနီးလောင်းလေးအားလက်ညှိုးထိုးပြပါတော့သည်။

ဇနီးထိတော့ မောင်တင့်သရဲကို ဖြစ်သည့်နည်းနှင့် ရင်ဆိုင်ရန် ဆုံးဖြတ်လိုက်သည်။

ဖြစ်လိုရာဖြစ် သူ့ဆန္ဒမပြည့်ရန် ဆုံးဖြတ်လိုက်ပြီး၊ ဒူးခေါင်းအောက်မှ ချထားသော ဂုက်ကြီးတောင်ဓားကို ရုတ်တရက် ကောက်ယူလိုက်ကာ ဟနေသော သရဲပါးစပ်ကြီးထဲ စွပ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဆောင့်ထိုးသွင်းလိုက်သည်။

အား .....

ကြောက်မက်ဖွယ် အသံကြီး အော်ဟစ်ပြီး ချုံတောထဲ ပြေးဝင်သွားတော့သည်။

ထိုသရဲအော်သံကြီးကြောင့် အိပ်ပျော်နေသော ဇနီးလောင်းလေး မစိုး နိုးလာသည်။

"ဘာဖြစ်တာလဲ ကိုတင့်"

"ဘာကြားလို့လဲ၊ ဘာမှမဖြစ်ပါဘူး"

"အော်သံကြီး ကြားလိုက်သလားလို့"

"အိပ်မက် မက်နေတာလားမှမသိတာ"

"အော် ... တိုက်ကြက်လေး ဟိုတောထဲ ဝင်ပြေးသွားလို့ လှမ်းအော်လိုက်တဲ့ အသံကို ကြားတာဖြစ်မယ်"

"ကဲ နိုးပြီဆိုလဲ ထတော့ သွားကြမယ်"

"ခေါက်ဆွဲ စားဦးမယ်လေ"

"လာ ... ဟိုရောက်မှပဲ စားတော့မယ်။ ဒီမှာမစားနဲ့၊ တစ်နာရီလောက်နဲ့ ရောက်အောင် သွားကြမယ်"

မစိုးလည်း ဇဝေဇဝါနှင့် မောင်တင့် ရှေ့မှ ထွက်သွားသည့်အတွက် နောက်မှ အမြန်လိုက်ခဲ့သည်။





ိုးအတွက် ထူးခြားနေသည်က မောင်တင့်ရဲ့ ဖါးလည်း တော့။ ကြက်လည်းမတွေ့၊ ခေါက်ဆွဲနှစ်ထုတ်ပါသည်ဆိုပြီး မတွေ့တော့ခြင်းပင်။

ွန်းလှတို့ ရွာနားရောက်မှ သရဲနှင့်ကြုံတွေ့ပုံကို မစိုးအား ိုက်ရာ မစိုးမှာ နားထောင်ပြီး တအံ့တသြဖြစ်နေတော့

"ကဲ ငါ့သရဲအကြောင်းကတော့ ဒီလောက်ပဲ"

နဲ့ မင်းရဲ့သရဲ ဖားစာမိပြီး ဘာဖြစ်သွားလဲ"

သရဲအာခေါင်ဖါးစိုက်ပြီး အဝေးကို ပြေးသွားပြီလို့ မှင် ရှပေါ့ကွာ"

ငါ သောင်းမြင့်ရဲ့ ဇာတ်လမ်းကို ဆက်ပေးမယ်ကွာ"

သရဲဖါးစူးသွားပြီးနောက် မောင်တင့်တို့လည်း ထွန်းလှတို့ ရောက်သွားတယ်ပေါ့ကွာ။ နောက်နေ့မိုးလင်းတော့ ရွာကို လာတဲ့လူတစ်ချို့က လမ်းမှာ ပါးစပ်ကို ဖါးစူးနေတဲ့ ကောင်ကိုတွေ့တယ်ပေါ့ကွာ ဖြစ်မယ်မို့လား"

မင်းက ပဒတ်ကောင်လို့ ဘာကြောင့်ပြောရတာလဲ"

ဘကြီး ပြောဖူးတယ်၊ သရဲတွေ သေရင် သမင်၊ ဒရယ်၊ တ်၊ ဖွတ်၊ ပဒတ်၊ ပုတ်သင်ညို၊ ကင်းလိပ်ချော ပုံစံ



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုး ပြောင်းသွားကတ်တယ်တဲ့။ အဲဒါကြောင့် ဒီ…
ဇာတ်လမ်းကို အဆုံးသတ်ပေးလိုက်တာ"

"ဟုတ်ပါပြီ ကဲ … နောက်ဘယ်သူပြောဦးမလဲ"

"ဟော့ကောင် သိန်းဇော် မင်းဘာသိလဲ ပြော"

"အေး ငါ့အဖိုး လယ်ထဲမှာ ငါးရှာတုန်းက သရဲနဲ့ ကြုံ…
အကြောင်း ပြောပြမယ်"

"ပြော … နားထောင်ရတာပေါ့"

"ငါ့အဖိုး စပါးစိုက်ပြီး လယ်ကွက်တွေထဲ ရေမခန်း…
လယ်ကြားငါးကို ညတိုင်းစောင့်ဖမ်းခဲ့တယ်"

"ငါ့အဖိုးနာမည်က ဦးဇော်"

ငါတို့အဖိုးရဲ့ လယ်အစပ်မှာ ရေစပ်စပ်ရှိတဲ့ မြောင်း…
တစ်ခု ရှိတယ်။ မြောင်းရေက ရိုးလဲစီးပင်တယ်။ အဲဒီ မြောင်း…
မှာ ရေဟားပြီး လယ်ကွက်တွေထဲက မြောင်းထဲဝင်လာတဲ့ ငါး…
ညတိုင်း ဖမ်းယူနေကျ။

ရတဲ့ ငါးကြီး၊ ငါးခူတွေကို မသေအောင် မြောင်းထိပ်…
လူလုပ်ကျင်းတစ်ကျင်း တူးထားပြီး ရေနည်းနည်းနဲ့ ငါး…
ထည့်ထားတယ်။

အချိန်က ညရှစ်နာရီလောက်ရှိပြီ။ ငါ့အဖိုးလည်း ယင်းပေါ်…





…ကို ကောက်ချိန်မရောက်သေးလို့ ဆေးပေါ့လိပ်တစ်လိပ် မီးညှိ
…ငါးရှာတဲမှာ ထိုင်သောက်နေတာပေါ့။

တော်သလင်းလပေမယ့် မိုးကမရွာ၊ လရောင်လေးပင် ထွက်
…သေးသည်။

ထိုအချိန် တဲနားသို့ လူတစ်ယောက်ရောက်လာပြီး

"ငါးနည်းနည်းစားပါရစေ"

ထိုလူက တဲအနီးဆိုပေမယ့် ပါးနှစ်ပြန်စာ အဝေးခန့်မှာရှိ
…ကွင်းအနီးမှာ ရပ်နေခြင်းဖြစ်သည်။

"အဲဒီမှာ ငါးကွင်းရှိတယ် လိုသလောက်ယူ"

…တဲနီးနားချင်း တစ်ယောက်ယောက်က၊ ဟင်းစားတောင်း
…လာတင်ပြီး သမကြည့်တော့ဘဲ ဆေးလိပ်ကို ဆက်ဖွာနေလိုက်
…သည်။

ထိုလူ တွင်းဝတွင် ထိုင်ပြီး ကုန်းကုန်း ကုန်းကုန်းနှင့်
… မပြီးနိုင်။

သို့ကြောင့် မသင်္ကာသဖြင့် အသေအချာ ကြည့်တော့မှ ငါး
…ကို တစ်ကောင်ချင်း ယူစားနေသည်ကို တွေ့လိုက်သည်။

"ဟဲ့ ငါးတွေ အကုန်လုံး အစိမ်းလိုက်ယူစားနေတာပဲ၊ လူမှ
…ဟုတ်ရဲ့လား … သရဲက လူယောင်ဆောင်ထားတာလား"



www.burmeseclassic.com

www.burmeseclassic.com



ဦးတော်လည်း တဲတစ်တဲနှင့် တစ်တဲ အကော်လှမ်း
အကူအညီတောင်း၍လည်း မဖြစ်၊ သို့ကြောင့် ထိုင်ကြည့်
တော့သည်။

ဆေးလိပ်တစ်လိပ် ကုန်သည့်အချိန်လောက်တွင် ထိုလူ
ဦးတော်၏ ငါးရှာတဲအနီးသို့ လျှောက်လာသည်။

"ငါးပေးပါ ... မဝသေးဘူး"

"တွင်းထဲမှာ ငါးတွေရှိတယ်"

"စားပစ်လိုက်ပြီ"

"ဒါဆို ... ဒီတဲမှာတော့ ဘာမှမရှိဘူး"

"ရှိတယ် ... ဟိုမှာရှိသေးတယ်"

ထိုလူ အပြင်ကနေပြီး တဲခေါင်မိုးမှာ ထိုးထားသော
ထားသည့် လယ်ကြွက်တစ်ကောင်ကို ညွှန်ပြလိုက်သည်။

"ဒီကောင် တရားလွန်ပြီ၊ ငါးတွင်းထဲက ငါးတွေကုန်
စားတဲ့အပြင် ငါ အရက်နဲ့ မြည်းဖို့ ကင်ထားတဲ့ ကြွက်
မချန်၊ အကုန်တောင်းတယ်"

သရဲကောင်ကို ရင်ဆိုင်ရန်လည်း အနီးနားမှာ လက်နက်
တစ်ချောင်းမှမရှိ။

ဓားနှင့် ငါးထိုးသည့် မှိန်းကလည်း တဲအောက်မှာ၊





ယူမတင်ရသေး။ အခုနေယူ၍လည်း မဖြစ်တော့။

သို့ကြောင့် သရဲကောင်လက်ဆန့်တန်းနေသည်ကို ငါးစိမ်း
တုတ်ဖြင့်ညှပ်၍ တင်ထားသော ကြွက်ကင်ကို ခေါင်မိုးမှ ယူလိုက်ပြီး

"ရော့ကွာ ... အားရပါးရစား"

ဦးတော်ပါးစပ်က ပြောလည်းပြော လက်က သရဲ၏ ပြူးကျယ်
နေသောမျက်လုံးကို တဲပေါ်မှနေ၍ တရှိန်ထိုး သံတံနှင့် ဆောင့်ထိုး
ပစ်လိုက်သည်။

"ဝေါ ... ဝုန်း ... ဝုန်း ... ဝေါ"

ခိုပ်ခနဲ ရိပ်ခနဲ စပါးတောထဲ ပြေးထွက်သွားသည်ကို တွေ့
လိုက်သည်။

မနက်လင်းတော့ စွပ်ကြောင်းတိုင်း လိုက်ကြည့်ရာ

"ဘာကောင်ကြီးတွေ့တယ်တဲ့လဲ"

မင်းတို့ပဲ ... ဇာတ်လမ်းကို ပိတ်ပေးပေါ့ကွာ။ ဘာကောင်
ဖြစ်နိုင်လဲ"

ငါပြောသလို ပုတ်သင်တို့၊ ကင်းလိပ်ချောတို့ တစ်ကောင်
ကောင်ပေါ့။

အေးပါ ... မင်းတို့စိတ်ထဲ ဖြစ်ချင်တဲ့ အကောင်ဖြစ်လိုက်
ပေါ့ ကွာ"



www.burmeseclassic.com

www.burmeseclassic.com

"ကဲ... သောင်းမြင့်လဲ ပြောပြီးပြီ သိန်းဇော်လည်း ပြောပြီးပြီ မျိုးလွင်၊ မြင့်ဦး၊ ဝင်းမင်းတို့ ဘာမှမပြောရသေးဘူး"

"အေးပါကွာ ငါတို့ပြောပါ့မယ်။ ဒါပေမယ့် ဒီညတော့ ဒီလောက်နဲ့တော်ပါဦး။ ကျေနပ်လိုက်ပါဦး။ ဒေါ်လေးမြတို့အိမ်ကို အမေ နိုင်းလိုက်တာ ငါမေ့ပြီး မသွားရသေးဘူး ငါပြန်လိုက်ဦးမယ်"

"ဒါဆိုလဲ ... ငါတို့ပါ ပြန်ကြမယ် ... မနက်ဖြန်ညမှ ပြန်တွေ့ကြတာပေါ့။ အဲဒီကျတော့မှ ထပ်ပြောချင်တဲ့ ကောင်လည်း ထပ်ပြီးပြော၊ ကျန်တဲ့ကောင်တွေလည်း သိထားသမျှ ပြောပြကြ ဘယ်နှယ့်လဲ"

"အေး သဘောတူတယ်၊ ဒီည အကြောင်းအရာ နှစ်ခုထဲ ကြားလိုက်ရလို့ သိပ်ပြီးတော့ မကျေနပ်ချင်ဘူး။ . မနက်ဖြန်ည အားလုံးလာကြဖို့ မမေ့နဲ့၊ ငါမြေပဲလှော်ဝယ်ခဲ့မယ်"

မောင်ကျော်စကားကြောင့် မျိုးလွင်က

"ဟော့ကောင် ... လူကြားထဲ မြေပဲလှော်စားပြီး အီးပေါက်လို့မဖြစ်ဘူး။ မင်းကိုတော့ ပဲကြီးလှော်တို့ မြေပဲလှော်တို့ စားခိုင်းလို့မဖြစ်ဘူး"





"အေးပါ ငါအီးပေါက်မှာ စိုးရိမ်ရင်လည်း လက်ဖက်ပဲ ဝယ်ခဲ့ပါမယ်"

"သောင်းမြင့်တို့အိမ်မှာ ဆုံကြမယ်"

"မျိုးလွင် မင်းဦးလေးအိမ် ငါအဖော်လိုက်ပေးရမလား"

"နေ ... နေ ... ငါက .ကြာချင်ကြာဦးမှာ"

သို့ဖြင့် ညစဉ်ညတိုင်း တစ်နေရာမဟုတ် တစ်နေရာ ဆုံတွေ့ပြီး စကားဝိုင်းဖွဲ့ကြသော သူငယ်ချင်းတစ်စု ... လူစုခွဲပြီး မျိုးသိန်းတို့တဲမှ ပြန်ခဲ့ကြတော့သည်။


www.burmeseclassic.com

www.burmeseclassic.com

# သရဲစကားဝိုင်း (၂)

လဆန်းဆယ်ရက်ညဖြစ်သဖြင့် လရောင်က ထိန်ထိန်သာ
နေသည်။

လသာသာ လရောင်အောက်မှာ ဘုရားကြီးကွက်သစ်
သောင်းမြင့်တို့အိမ်ရှေ့တွင်ရှိသော ကွပ်ပျစ်ပေါ်တွင် လက်ဖက်
ရေနွေးကြမ်းသောက်ရင်း စကားဝိုင်းဖွဲ့ကြသည်။

ပြီးခဲ့သော ညက စကားဝိုင်းဖွဲ့ဖြစ်ကြသည့် မျိုးသိန်းတို့
တဲနှင့် သောင်းမြင့်တို့အိမ် သိပ်မဝေး။

ညခုနစ်နာရီခန့် သောင်းမြင့်တို့အိမ်မှာ လူစုံကြသည်။

"မျိုးသိန်းရေ မင်းလာရင် ရေနွေးတစ်အိုးယူခဲ့ကွ"

မောင်ကျော်က မျိုးသိန်းတဲကို လှမ်းအော်လိုက်သည်။





ခဏကြာတော့ မျိုးသိန်းဓါတ်ဘူးတစ်လုံးနှင့် သောင်းမြင့်တို့
အိမ်သို့ရောက်လာသည်။

သူတို့အားလုံး ဖရေနွေးကြမ်းနှင့် လက်ဖက်သုတ်၊ သောက်ရင်
စားရင်း စကားပြောကြသည်။

"ကဲ တို့ရေနွေးကြမ်းဝိုင်းလေး စိုပြေသွားအောင် စကား
စလိုက်ကြစို့ရဲ့"

"ကဲ ဘယ်သူ စပြောမလဲ"

မြင့်ဦးက

'ငါစပြောမယ်"

"ငါပြောပြမယ့် သရဲအခြောက်ခံရတဲ့ ဇာတ်လမ်းက ငါးကျီး
အိုင်မှာ ဖြစ်သွားခဲ့တာပေါ့ကွာ"

"ပြောကွာ ပေါက်တက်ကရတွေတော့ မပြောနဲ့"

"ငါတကယ့်အဖြစ်မှန်ကို ပြောမှာပါ"

နို့ချောင်းရင်းရွာက ဒေါ်ဂွက်ထော် သမီး အေးစိန်နဲ့ မအူတန်း
က ကျော်ဝင်းတို့ အိမ်ထောင်ကျပြီးကတည်းက ဒေါ်ဂွက်ထော်ရဲ့
လယ်မှာ တဲထိုးပြီး သွားနေကြတယ်။

သူတို့လယ်က ဆင်ကူးရွာ အရှေ့ကွင်း ငါးကျီးအိုင်မှာ
စားအိုးစားခွက်နဲ့ သွားနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



လယ်သိမ်းပြီးရင် ကိုင်းဆက်လုပ်ကြတယ်။

ငါးကျိုးအိုင်ကွင်းက မိုးအခါဆို ရဲနွယ်ချောင်း ရေလွှမ်းသော အနိမ့်ပိုင်းဖြစ်သဖြင့် မိုးကုန်လျှင် နုံးတင်မြေနုများ ကျန်ခဲ့သည်။

ဖရဲ၊ ပဲ၊ နှမ်း၊ ပြောင်း စိုက်ပျိုးဖြစ်ထွန်း အောင်မြင်သဖြင့် စပါးပြီးသည်နှင့် လယ်ငါးကေကို ဆောင်းသီးနှံ ကွင်းလုံးပြည့် စိုက်သည်။

ထိုသီးနှံအားလုံး အစိုဓာတ်ကောင်းစွာရသဖြင့် ရေသွင်းစရာ မလို၊ တမျိုးနှံထိုး ဖြစ်ထွန်းအောင်မြင်သည်။ ပေါင်းနုတ်မြေဆွပေး ရန်သာလိုသည်။

ဖရဲတစ်မျိုးသာ ရေမပြတ် လောင်းပေးရသည်။ ရေမပြတ် လောင်းပေးရသည့်အချိန်ရောက်မှ မအေးစိန် ကိုယ်ဝန်က ရင့်လာသည်။

နေ့စေ့လစေ့ ရောက်လာသည်။ ကျော်ဝင်းကလည်း ကလေး မီးဖွားရန် ရွာပြန်ဖို့ တိုက်တွန်းသည်။ မွေးရန် ရက်လိုသေးသည်၊ နီးမှပြန်မည်ဆိုပြီး ဖရဲရေလောင်းမပျက်ခဲ့။

နောက်တော့ ရွာမပြန်ဖြစ်ဘဲ ရုတ်တရက် တဲမှာပင် ကလေး မီးဖွားတော့သည်။

ဒေါ်ဂွတ်ထော်က အသက်ကြီး လမ်းကောင်းကောင်း





မလျှောက်နိုင်သဖြင့်၊ ကလေးမီးဖွားရာ မလာနိုင်ခဲ့။ တူမလေး တစ်ယောက်ကို ကျောင်း ခွင့်တစ်ပတ်ယူခိုင်းပြီး ခေါ်ထားရသည်။

တဲနီးနားချင်းများကလည်း ကူညီပေးကြသည်။ မအေးစိန်တို့ အကူအညီလာပေးနေသော တူမလေးကလည်း တစ်ပတ်ခွင့်စေ့ပြီမို့ ရွာပြန်သွားသည်။ လင်မယားနှစ်ယောက်တည်း ကျန်ခဲ့သည်။

ဆောင်းတွင်းကာလဖြစ်သဖြင့် ညဘက်အိပ်လျှင် ပေါက်၍ သုံးမရသော ဒယ်အိုးထဲ မြေကြီးထည့်ပြီး ထိုအပေါ်မှ ထင်းချောင်းများဖြင့် မီးရှို့ကာ မအေးစိန်တို့ သားအမိကို အပူဓာတ်ပေးထားသည်။

ညရှစ်နာရီကျော်ကတည်းက မအေးစိန် ကလေးနို့တိုက်ပြီး အိပ်ပျော်သွားသည်။

ည ဆယ်နာရီခန့်တွင် အိမ်တံခါးလာခေါက်သဖြင့် ကျော်ဝင်း ကထပြီး။

"ဘယ်သူလဲ"

"မင်းရဲ့မိတ်ဆွေပါ ကညင်နှစ်ပင်က လာခဲ့တာ"

ကညင်နှစ်ပင်ရွာဆိုသဖြင့် မည်သူများဖြစ်မည်နည်း စဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကညင်နှစ်ပင်ကဆို ကိုနီ၊ ကိုတင်ငွေတို့များလား၊ ကိုဘို များလား"

စဉ်းစားရင်း ကျူထရံတံခါးကို ကလန့်ထိုး ပိတ်ထားသည့်အတွက် ကလန့်ကို ဖြုတ်ပေးလိုက်သည်။

ကျူထရံကို တစ်ဖက်သို့ ဆွဲဖယ်နေစဉ်မှာပဲ ထိုလူစိမ်း တဲပေါ် တက်လာသည်။

တဲပေါ်တက်လာသော လူကဆံပင် ဘုတ်သိုက်နှင့် မျက်နှာက မျက်နှာသေ၊ ရုပ်ရည်က ကြမ်းကြမ်း လူနှင့်မတူသော လူတစ်ယောက် ဖြစ်သည်။

ထိုလူက ကျော်ဝင်းရှေ့တွင် ဆောင့်ကြောင့်ထိုင်လိုက်သည်။

ထိုလူစိမ်းက ခေါင်းငုံ့နေရာမှ ကျော်ဝင်းကို ခေါင်းမော့ကြည့်လိုက်ပြီး ပြုံးပြလိုက်သည်။

"ဟင်"

သူပြုံးလိုက်စဉ် ပါးစပ်အတွင်းမှ အစွယ်လေးချောင်းက ပြူထွက်နေသဖြင့် လူမဟုတ်၊ သရဲတစ္ဆေတစ်ကောင်မှန်း သိလိုက်တော့သည်။

"ဟင်း ... ဟီး ... ဟီး ..."





ထိုသရဲကောင်က မျက်လုံးကို အဖြိမ်မနေ ဟိုသည်ကြည့်နေသည်။

သူ့ရဲ့အကြည့်က မီးဖိုနားမှာ ခွေခွေလေးအိပ်နေသော ကြောင်လေးကို လက်ညှိုးထိုးပြသည်။

ကျော်ဝင်းက ပါးစပ်ပင်မဟရသေး။ ထိုသရဲက ကြောင်ကလေးကို လှမ်းယူလိုက်သည်။

ကြောင်ကလေးက သူ့ကို ပွေ့ချီလိုက်သည်ထင်ပြီး အလိုက်သင့်ပါသွားသည်။

ဒါပေမယ့် လက်တွင်ပါသွားသော ကြောင်ကို ဂုတ်ချိုးပြီး ပါးစပ်ထဲကို သွင်းလိုက်တဲ့ အချိန်မှာတော့ လက်သည်းနှင့် ခြစ်ကုတ်ချိန်ပင် မရလိုက်။

"ညောင် ..."

ဟုသာ တစ်ချက်အော်လိုက်ရပြီး သရဲပါးစပ်ထဲ ရောက်သွားသည်။

ကြောင်လေးကို ခဏအတွင်းမှာပင် စား၍ ကုန်သွားသည်။ ထို့နောက် သရဲကြီးလည်း ဟိုဟိုသည်သည် လှည့်ကြည့်ပြန်သည်။ ကျော်ဝင်း ဘုရားတနေသည်။ ကလေးကို မမြင်စေနှင့်ဟု ဆုတောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆုတောင်းမပြည့်ခဲ့ပါ။ သရဲကြီးက ကလေးလေးကို လက်ညှိုးထိုးပြပြီး တောင်းသည်။ ကျော်ဝင်းတစ်ယောက် စိုးရိမ်စိတ်က အထွတ်အထိပ်သို့ ရောက်သွားသည်။

"ဖြစ်လိုရာဖြစ် မကျွေးဘူး"

ဆုံးဖြတ်ချက် ပိုင်ပိုင်ချပြီး ကျော်ဝင်းရှေ့မှာထိုင်၍ အစာစားရန် ပါးစပ်ကြီးဖြဲပြနေသော သရဲပါးစပ်အတွင်းသို့ ရဲရဲတောက်နေသော ထင်းစကို အားကုန်ဆောင့်ထိုးထည့်လိုက်ရာ။

"အား"

ကြောက်မက်ဖွယ် အော်သံကြီး အော်ဟစ်ရင်း သရဲကြီးလည်း တဲအပေါက်မှ ခုန်ဆင်းထွက်ပြေးတော့သည်။

ပါးစပ်အတွင်းသို့ ရဲရဲတောက်နေသော မီးခဲတွေနှင့် ထင်းစကြီးပါ အဆုံးထိ ဝင်သွားသည်။

"အဲဒီ သရဲ တော်တော်လေး အီစလံဝေသွားမှာပဲ"

"အဲဒီသရဲ ဘာဖြစ်သွားမယ်ထင်လဲ"

"တော်ပါတော့ကွာ သူဖြစ်ချင်တာဖြစ်မှာပေါ့။ မြင့်ဦးသရဲအကြောင်းပြောတာ ပြီးသွားပြီဆိုတော့ ဘယ်သူပြောမလဲ မျိုးလွင်ပြောမလား"

"ဟိုကောင် ဝင်းမင်းက ဟိုလူ့ပြောခိုင်း သည်လူ့ပြောခိုင်း





နဲ့ မင်းသရဲအကြောင်းပြော"

"ငါသရဲနဲ့ တကယ်ကြုံဖူးတယ်။ ဒါပေမယ့် ဒီစကားဝိုင်းမှာတော့ ပြောလို့မဖြစ်ဘူး"

"တောက် ဈေးကလဲ ကိုင်နေပြန်ပြီ"

"တကယ့်ကို ပြောလို့မဖြစ်လို့ပါ သူငယ်ချင်းတို့ရာ၊ မင်းတို့ရဲ့ သန္တာလေးကို ချိုးနှိမ်လိုက်စမ်းပါ။ ငါပြောချင်ပါတယ် ဒါပေမယ့် ပြောလို့လဲ မဖြစ်ဘူး ... လုပ်ကြံဇာတ်လဲ မဟုတ်ဘူး ... သူများပြောတာလဲ မဟုတ်ဘူး။

ဒါဖြင့် ဘယ်က သရဲလဲ။ မင်းကလည်း ပဟေဠိ လုပ်နေရသေးတယ်"

"ငါကိုယ်တိုင် ပြီးခဲ့တဲ့ နှစ်နှစ်က သရဲနဲ့ တကယ်ကြုံခဲ့တာ"

"ဟုတ်လို့လားကွ"

"ဟုတ်ပါတယ်ဆို"

"ငါ ရန်ကုန်ကနေ ကျောင်းပိတ်လို့ ရွာကို ပြန်လာလည်တုန်း ငို့ချစ်ချစ်နဲ့ ချိန်းတဲ့တစ်ညက အဖြစ်အပျက်တစ်ခုပေါ့ကွာ။

"ဟေ့ကောင် ခွေးသူခိုး ... ဒီပြင်အကြောင်းပြော"

"သူ့အကြောင်း သူပြောတာ၊ မင်းအကြောင်းမပါဘူး မင်း



www.burmeseclassic.com

www.burmeseclassic.com



အမျိုး ဖြစ်နေလို့ နားမထောင်ချင်တာလား''

''ပေါက်ကရတွေ ပြောလို့ကတော့ ငါအကြောင်းသိမယ်''

''ငါပြောတာပဲ နားထောင်ဦး။ မင်းညီမ မကောင်းတဲ့ အကြောင်း မင်းညီမအကြောင်း ဘာမှမပါဘူး''

ကျော်ကြီးက စိတ်မရှည်နိုင်တော့။

''ကဲ ပြောကွာ ကြားချင်လှပြီ''

''ငါတို့အိမ်က ကျောင်းကြီးတောင်ပိုင်း ဝိုချစ်ချစ်အိမ်က ရိုးလေး ပိုင်းမှာလေကွာ''

''ဟေ့ကောင် သေချင်းဆိုး ချစ်ချစ်... ချစ်ချစ်ဆိုပြီး ထည့် မပြောစမ်းနဲ့ကွာ''

''ဆောရီးယောက်ဖရာ''

''နေ့ခင်းဆို သွားရသိပ်မဝေးပါဘူး''

အခုငါတို့နှစ်ယောက်ချိန်းထားတာက ည ဆယ့်တစ်နာရီ လူကြီးတွေ အိပ်ချိန်မှာ တွေ့ဖို့ ချိန်းထားတာ။

ငါ အိမ်က ဆယ်နာရီခွဲတော့ ထွက်ခဲ့တယ်။ တစ်လမ်းလုံးက လဆုတ်ရက်လဲဖြစ်တော့ မှောင်နဲ့မည်းမည်း။

ကိုထွန်းညွန့်တို့ အိမ်နောက်ဘက် ကျန်းမာရေးဆေးခန်း ရှေ့မှာ ကုက္ကိုလ်ပင်ကြီးတွေ ဝါးပင်ကြီးတွေက အုပ်ဆိုင်းနေတယ်။





တိတ်ဆိတ်တဲ့ ညမှာ လေတိုက်တော့ တကျွီကျွီမြည်သံတွေ ကလည်း ခြောက်ခြားမှုအတိ ဖြစ်နေတယ်။

အဲဒီနေရာက လမ်းလေးခွဆုံလည်းဖြစ်နေတယ်။ ရွာမှာ လျှပ်စစ် မီးကလည်းမရှိ၊ အိမ်တွေကလည်း တံခါးပိတ်ပြီး အိပ်ကြပြီဆိုတော့ မှောင်မိုက်နေတဲ့ ညမှာ အဖော်မရှိပေမယ့် မကြောက်မလန့်သွား ခဲ့တယ်''

''အချစ်ရဲ့ စွမ်းအားက တကယ်ကြီးတာ''

''အခြားရက်များ ယခုလို ညအချိန်လမ်းထဲ တစ်ယောက် တည်းသွားနိုင်းလျှင် သွားဝံ့မည်မဟုတ်''

ယခု ရပ်ကွက်ကျော် လမ်းကျော် တစ်ယောက်တည်း လာနေ မိသည်။

ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလမ်းအတိုင်း လျှောက် ခဲ့ရာ လမ်းဆုံးသည်နှင့် မိမိသွားလိုရာ ခြံကြီးသို့ ရောက်ခဲ့သည်။

ခြံကြီးပတ်ပတ်လည် ထိန်ရိုးဝါးများ၊ ဝါးပိုးဝါးများ ပေါက် ရောက်နေပြီး ခြံအတွင်း၌ သရက်ပင်များ အုန်းပင်များဖြင့် ခြံလုံး မြည့်မျှ စိုက်ထားသည်။

ခြံရှေ့မျက်နှာပြင်က ပေတစ်ရာခန့် အကျယ်ရှိပြီး ခြံအလျား က ပေသုံးရာခန့်ရှည်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခြံကြီးနှင့် တစ်ဘက်ခြံကြားမှာ ဆယ့်နှစ်ပေခန့် ကျယ်သော ရိုးလေးတစ်ခု ခြားထားသည်။

မိုးတွင်းအခါ ဒူးသာသာခန့်သာ အနက်ရှိသည်။ နွေအခါ ရိုးတလျှောက် သဲများဖြင့် ပြည့်နေသည်။ နွေအခါ ရွာထဲ သာသနာပြုရပ်ကွက် ရိုးလေးပိုင်၊ ရပ်ကွက်တို့မှ ရွာပြင်ထွက်သော လှည်းလမ်းလည်းဖြစ်သည်။

ရိုးလေး၏ ဘေးနှစ်ဘက်စလုံး ခြံစည်းရိုးများတွင် ဝါးပင်များစိုက်ထားခြင်းကြောင့် ကောင်းကင်မှ လရောင်ပင်မမြင်ရ။ နေ့အခါ နေပျောက်မတိုးအောင် ပိန်းပိတ်နေသည်။

ကျွန်တော်လည်း သူနှင့်ချိန်း၍ လာခဲ့သည်။

အခါတိုင်း ယိုရိုးလေးမှနေ၍ ခြံတစ်ဝက်ခန့် ရောက်သည်အထိ လျှောက်ခဲ့ပြီး အပင်ကျဲကျဲ အကာအရံကျဲ၍ ရှိနေသောနေရာမှ ခြံထဲဝင်မြဲဖြစ်သည်။

ထိုခြံကြီး၏ ကျောချင်းကပ်ခြံ လွန်သည်နှင့် အလင်းရောင်မြင်ရသည့် တစ်ဖက်မှ ရိုးအတွင်း လူဝင်လာလျှင်သော်လည်းကောင်း၊ ရိုးထဲမှ လူလျှောက်သွားလျှင်သော်လည်းကောင်း တစ်ဖက်မှ အလင်းရောင်ကြောင့် လူရိပ်မည်းမည်းကို အတိုင်းသားမြင်နိုင်သည်။

ယခု ရိုးထိပ်ရောက်ပြီမို့ ကျွန်တော်လည်း ရိုးလေးအတိုင်းမကြောက်မရွံ့ ဝင်ခဲ့သည်။

ရိုးတွင်းသို့ဝင်သည်နှင့် ရိုးအတွင်း လူရိပ်လူခြေကြည့်လိုက်သည်။

ကျွန်တော်မြင်လိုက်ရသည်က ကျွန်တော့် ရှေ့မလှမ်းမကမ်းတွင် အမျိုးသမီးတစ်ယောက်၊ ဂါဝန်ဝတ် မိန်းကလေးတစ်ယောက်ကို လက်ဆွဲ၍ သာသနာပြုရပ်ကွက်ဘက်သို့ သွားနေသည်ကို တွေ့လိုက်သည်။

ကျွန်တော်လည်း နောက်မှလိုက်လာသည်ကို သိမည်စိုး၍ ခြံဘက်သို့ တိုးကပ်ပြီး ခဏမျှ ရပ်နေလိုက်သည်။

ရိုးတစ်ဝက်ကျော်ကျော်လောက် ရောက်သွားပြီကိုတွေ့မှ နောက် [illegible] မကြားအောင် ရိုးအတွင်း ဖြည်းဖြည်းချင်းလျှောက်ခဲ့သည်။

ရိုးအတွင်း သဲများနှင့် ဝါးရွက်များသာရှိသည်။ အချိန်က ညဆယ့်တစ်နာရီဖြစ်သဖြင့် သစ်ရွက်ကြွေ အခြောက်များလည်း ကျွတ်ကျွတ်ရွရွ ရှိမနေတော့။

သို့ကြောင့် ခြေသံလုံလုံနှင့် လျှောက်ခဲ့သည့် ကျွန်တော် ဝင်နေကျနေရာအနားသို့ ရောက်လာသည်။

သို့ကြောင့် ဝါးပင်ဝါးကိုင်း ကျိုးတိုးကျဲတဲ ပိတ်ထားသော





www.burmeseclassic.com

www.burmeseclassic.com



နေရာမှ ခြံအတွင်းသို့ ဝင်လိုက်သည်။

ဝါးကိုင်းတချို့ အသံအနည်းငယ် မြည်သွားသည်။ ကျွန်တော့်ခန္ဓာကိုယ်က ရိုးအတွင်းမှာပင် ကုန်းကုန်းကွကွ ဖြစ်နေသည်။ ဝါးကိုင်းမြည်သွားသံကြောင့် စိုးရိမ်စိတ်နှင့် ထိုမည်းမည်းသဏ္ဍာန်နှစ်ခုကို ကြည့်လိုက်စဉ်။

ရှေ့ခပ်လှမ်းလှမ်းမှ ကလေးမလေးလက်ကို ဆွဲပြီး လျှောက်နေသော အရိပ်မည်းမည်းနှစ်ရိပ်လည်း မျက်စေ့အောက်မှာပင် ရုတ်တရက် ပျောက်သွားသည်ကို တွေ့လိုက်ရသည်။

"ဟင် ..."

ထိုအရိပ်နှစ်ရိပ် ရုတ်ချည်းပျောက်သွားမှန်း သိလိုက်သည်နှင့် ကျွန်တော်လည်း ဘာမှစဉ်းစားမနေတော့ဘဲ ခြံထဲဝုန်းခနဲ တိုးဝင်လိုက်တော့သည်။

ဝါးကိုင်းအစနှင့် အင်္ကျီလက်မောင်းငြိပြီး အင်္ကျီလက်မောင်း တစ်မိုက်ခန့် ပြဲသွားသည်။

ကျွန်တော်တို့ ချိန်းတွေ့နေကျ၊ အုန်းသီးမရှိသော အုန်းပင်ကြီးအောက် ရောက်သွားသည်။

အုန်းပင်အောက်မှာ ထိုင်ပြီး ရင်တဒိတ်ဒိတ်ခုန်နေသည်။

အမှောင်ထဲ ထိုသရဲမ ဘယ်နားကပေါ်လာမည်လဲဟု စိုးရိမ်





စိတ်ဖြစ်ပေါ်ကာ မျက်လုံးက ကျိုးကန်းတောင်းမှောက်ဖြစ်နေသည်။

ထိုအချိန် အနီးသို့ ခွေးတစ်ကောင် သို့မဟုတ် ကြောင်တစ်ကောင်၊ ပြေးလွှားရောက်လာရင်ပင်လျှင် သရဲမှတ်ပြီး ထအော်မိမည်လားမသိ။

တစ်ခြံလုံး ရှက်လှပင်များ၊ ရှက်လိမ်ပန်းပင်များ၊ ဇော်စိမ်း၊ ဇော်ကြား၊ တောင်စွန်ဖက်ပင်များဖြင့် မြေလွတ်မရှိအောင် စိုက်ထားသည်။

အုန်းပင်၊ သရက်ပင်များကလည်း ခြံလုံးပြည့် စိုက်ထားသေးသည်။

ခြံအလယ်တွင် ကစ်ထပ်ပျဉ်ဟောင်းအိမ်တစ်လုံးရှိသည်။

ထိုစဉ် ခြံထဲရောက်၍ ဆယ်မိနစ်ခန့်ကြာတော့မှ ကျွန်တော်မျှော်လင့်စောင့်စားနေသော သူမ ကျွန်တော်ရှိနေသော နေရာသို့ ရောက်လာသည်။

သူမကိုမြင်လိုက်မှ ... အကြောက်ကရားတို့ လွင့်ပျောက်ကာ အပျော်ကြီးပျော်သွားရသည်။

ရန်ကုန်မှ ရွာသို့ပြန်ရောက်တိုင်း တွေ့နေကြဖြစ်သည်။ လာတွေ့သည့်အခါတိုင်း သရဲနှင့်တစ်ခါမှ မကြုံရ။

ကျွန်တော်လည်း ချစ်သူနှင့် အဟုထိုင်ပြီး စကားတွေ တဝ



www.burmeseclassic.com

www.burmeseclassic.com



ပြောကြသည်။

ကျွန်တော့်လက်မောင်းမှ အကျီပြဲနေသည်ကိုမြင်၍ သူမ စပ်စုတော့သည်။ ကျွန်တော်လည်း သရဲမအကြောင်း ပြောပြလိုက်သည်။

"အဲဒါ အစ်ကို့ကို သရဲခြောက်တာပဲ"

ဟိုသရဲမ သားအမိအကြောင်းကို ပြောပြသည်။ နောက်ဆက်လမ်းက အိမ်တစ်အိမ်မှာ နာရေးရှိတယ်။ ရက်ကောင်းမလည်သေးဘူး။

"ဘယ်လို ရက်မလည်သေးဘူး ဟုတ်လား"

"အဲဒီ သားအမိပါတဲ့ကားနဲ့ ထော်လာဂျီ တိုက်မိပြီး ကားမှောက်တဲ့အထဲ ပါသွားတယ်"

"ကားပေါ်မှာ ပါတဲ့ ခရီးသည်သုံးယောက်သေသွားတာ။ သူတို့ သားအမိနဲ့ အခြားတစ်ယောက်ပဲ"

ကျွန်တော်လည်း စောစောက အဖြစ်ကို စဉ်းစားမိရင် ကျောချမ်းနေမိသည်။

ကျွန်တော်တို့ စကားတွေ ပြောမဝသေး။ အချိန်တို့က တရွေ့ရွေ့ ကုန်သွားသည်။

ညတစ်နာရီခန့်အရောက်တွင် အိမ်ကြီးပေါ်မှ မီးရောင်မြင်





သဖြင့် ကျွန်တော့်အား ထားခဲ့ပြီး သူမအိမ်ပေါ်သို့ ပြန်တက်သွားတော့သည်။

ကျွန်တော်တစ်ယောက်တည်း အုန်းပင်ကြီးအောက် ကျန်ခဲ့သည်။ အချိန်ကိုကြည့်ပြီး ကျွန်တော် မပြန်ဝံ့တော့။

အိပ်ချင်စိတ်လည်း မရှိတော့။ သို့ဖြင့် ခြံပြင်ကြည့်လိုက်ခြံထဲ ကြည့်လိုက်နှင့် သရဲမသားအမိ ဘယ်နားက ရောက်လာမလဲဟု တွေးပြီး လန့်နေမိသည်။

သို့ကြောင့် ခြံထဲထိုင်ပြီး အချိန်တို့ကိုဖြုန်းနေရတော့သည်။ တစ်ခုကောင်းသည်က အိမ်မှာမွေးထားသော ခွေးကြီး လွှန်ခဲ့သောနှစ်လခန့်က သေသွားပြီဆိုသဖြင့် ခွေးရန်ကို မစိုးရိမ်ရတော့။

သို့ဖြင့် တစ်နာရီပြီး၊ တစ်နာရီ အချိန်ကုန်အောင် စိတ်မောလူမောနှင့် ထိုင်နေရသည်။

မနက်သုံးနာရီခန့်ရောက်တော့ ကျွန်တော်ခြံထဲမှ မထွက်မဖြစ်ထွက်ရတော့မည့် အခြေအနေသို့ ရောက်ရတော့သည်။

အကြောင်းက အခြားခြံများမှ၊ ညဘက်လွှတ်ထားသော ခွေးသုံးကောင်ခန့်၊ တစ်ကောင်နှင့်တစ်ကောင် ဟောင်ရင်း ကိုက်ရင်း ကျွန်တော်ရှိနေသော နေရာအနီးသို့ ရောက်လာသည်။

ကျွန်တော် ခဲနှစ်လုံးကို ကောက်ကိုင်ထားလိုက်သည်။ ခွေး



www.burmeseclassic.com

www.burmeseclassic.com



သုံးကောင် ကျွန်တော့်ကိုမြင်သွားသည်။

စူးစူးဝါးဝါး ထိုးဟောင်သည်။

ကျွန်တော်ခဲနှင့် ပစ်ပေါက်လိုက်သည်။

ခွေးသုံးကောင် နောက်သို့ပြန်လှည့်ပြေးသည်။

ထို့နောက် ပြန်လှည့်လာပြီး ထိုးဟောင်ပြန်သည်။

နောက်ထပ် ကောက်ကိုင်ထားသော ခဲကိုမပစ်တော့ဘဲ ခြောက်ရုံ လှန့်ရုံကိုင်ထားပြီး လာစဉ်က တိုးဝင်ခဲ့သော နေရာမှ အမြန်တိုး ထွက်လိုက်သည်။

ခွေးသုံးကောင်က နောက်မှ လိုက်ထွက်လာသည်။ ကျွန်တော်လည်း သိရဲ့မသားအမိကို မကြောက်အားတော့ ခွေးသုံးကောင်ရန်က လွတ်ရန်သာ သတိထားနေရသည်။

ရိုးအတွင်း ရောက်တော့ နောက်ကြောင်းသို့ သုတ်ခြေတင် လျှောက်ခဲ့သည်။

ခွေးသုံးကောင်က အနီးသို့ကပ်မလိုက်ဘဲ ခပ်လှမ်းလှမ်းမှ ဟောင်ရင်း လိုက်လာသည်။

ရိုးအတွင်းမှနေ၍ လမ်းပေါ်ရောက်တော့ ရပ်ကွက်အတွင်းမှ ခွေးတစ်ချို့ ထိုးဟောင်လိုက်သဖြင့် နောက်မှ ပါလာသောခွေးများ ရိုးအတွင်းနောက်သို့ ပြန်လှည့်ပြေးသွားသည်။





အချို့အိမ်များ ထမင်းထုပ်ပြီး လယ်ကောဆင်းရန် မီးမွှေး ထမင်းထချက်နေကြပြီ။

လဆုတ်ရက်မို့ အရှေ့ဆီမှ လကွေးကွေးလေးထွက်နေပြီ၊ လမ်းမပေါ် ကျွန်တော်တစ်ယောက်တည်း ခွေးဟောင်သံ တစီစီနှင့် အိမ်သို့ပြန်ခဲ့ပါတော့သည်။

"ကဲ ... အဲဒါ ငါ့ရဲ့တကယ့်အဖြစ်အပျက်"

"အင်း ... အဲဒါတော့ တကယ်ဖြစ်နိုင်တယ် ... ဒီကောင် မစိတ်မွန်ပြီး အချိန်မရှိ၊ အချိန်မတော်သွားနေတာ၊ ဒီလောက်တော့ အခြောက်ခံရမှာပဲ"

"တော်ကွာ မင်းတို့စကား ဆက်မပြောနဲ့တော့။

ဟော့ကောင် မျိုးလွင် မင်းပြောရမယ့်အလှည့်ရောက်ပြီလေ ကွာ မင်း ဘာအကြောင်းပြောမှာလဲ"

"နောက်တစ်ခါမှ ပြောတော့မယ်။ အခုည ငါစိတ်မပါဘူး။ ဖြစ်နေတယ်"

"မင်းကလည်း ရှက်စရာမဟုတ် ရှက်နေပြန်ပြီ"

"ရှက်တာမဟုတ်ဘူးကွ၊ မျက်နှာပူနေတာ"

ဟော့ကောင် မြင့်ဦး ငါ့ဆောင့်ကန်လိုက်လို့ ကွပ်ပစ်ပေါ်က ခေါင်းနဲ့ကျသွားမယ်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ ... ကဲ ... ဒီညအဖို့တွက်တော့ သရဲအတွေ့အကြုံ သရဲအကြောင်းပြောတာ ရပ်လိုက်ကြရအောင် နောက်တစ်ခါဆုံမှ ပြောဖို့ အတွေ့အကြုံတွေ စုထားရှာထား"

မောင်ကျော်က စကားဝိုင်းကို လက်စသိမ်းရန် ပြောလိုက်သည်။

ကျွန်တော်တို့ သူငယ်ချင်းတစ်စုလည်း မျိုးလွင်ကို ဝိုင်း၍ စနောက်ရင်း သောင်းမြင့်တို့အိမ်မှ လမ်းခွဲကြပြီး အိမ်သို့ ပြန်ခဲ့ကြတော့သည်။

# မဖဲဝါကို စိန်ခေါ်သူ

(၁)

စည်သာရွာ၊ သင်္ချိုင်းဇရပ်အတွင်း လက်ပံလှရွာသား ရွှေဘိုကြီးရွာသား စည်သာရွာသားတို့ ချိန်းပွဲတစ်ခု ဆင်နွှဲနေကြခြင်း ဖြစ်သည်။

လောင်းကြေးနှင့် ဖဲချိန်းရိုက်ကြခြင်း ဖြစ်သည်။ စည်ပင်ရွာသား ကျော်တင့်နှင့် စံအေးတို့လည်း လောင်းကြေးငွေ သုံးသောင်းစီနှင့် ဝိုင်းထဲရောက်နေကြသည်။

တစ်လကို အနည်းဆုံး လေးကြိမ်၊ ငါးကြိမ်မျှ ကျင်းနေရာမှ ချိန်းပွဲရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ချိန်းပွဲရှိသည့် ရက်ဆိုလျှင် စံလေးက ကျော်စိုးကို လက်တို့ခေါ်ခဲ့သည်။

ကျော်စိုးက ရွာအရက်ပုန်းဆိုင်မှာ အကူရောင်းပေးသော ကောင်လေးဖြစ်သည်။

လူရိပ်လူခြေ ကင်းစောင့်ကြည့်ပေးရန်လည်း အဖော်ရသည်။ လွယ်အိတ်နှစ်လုံး စလွယ်သိုင်းလွယ်ပြီး ထည့်လာသော အရက်ခြောက်ပုလင်းလည်း ဖဲဝိုင်းမှာ ငါးပုလင်းမျှ အခေါက်တိုင်းကုန်သည်။

သို့ကြောင့် အရက်ရောင်းသော စိန်ထွန်းက သူ့တပည့် ကျော်စိုးကို လိုလိုချင်ချင် ထည့်ထည့်ပေးလိုက်သည်။

နေ့ဆယ်နာရီခန့်မှစ၍ ဖဲဝိုင်းစဖြစ်သည်။ ဝိုင်းက ကောင်းသည်။

ကျော်တင်နှင့် စံအေးလည်း အခြေအနေမဆိုး အရင်းမပျောက်သေးဘဲ အမြတ်လေးပင် ရနေသည်။

ရလေ ... ပို၍ရချင်စိတ်က ဖြစ်လာသည်။ သို့ကြောင့် ငွေအလိုက်ကြမ်းလာသည်။

သို့ကြောင့် နောက်ပိုင်းသုံးဝိုင်းလှည့်သည်နှင့် ရထားသော အမြတ်နှင့် အရင်းပါ ကုန်သွားတော့သည်။

"တောက် ... နိုင်ထားတာတွေလည်း ပါသွားပြီ"



"ဖဲက နှစ်ပွဲဆက် သေမှတော့ ရှုံးပြီပေါ့"

"ကိုကျော်တင့် ဘယ်လိုလုပ်မလဲ"

"မင်းမှာ ရှိသေးရင် ငါ့ကို နည်းနည်းလှည့်ပေးအုံး"

"စံအေး စိတ်ဓာတ်ကျသွားသည်"

"အစ်ကိုကျော်တင့် ကျွန်တော့်လက်ထဲရှိတဲ့ ပိုက်ဆံက တစ်ဝိုင်းလိုက်စာပဲ ရှိတော့တယ်"

"ဒါဆို ... ကိုစိုးကြီး ကျုပ်ကို နှစ်သောင်းချေးဗျာ"

နိုင်ကိုင်သော ရွှေဘိုကြီးရွာသား ကိုစိုးကြီးထံမှ ပိုက်ဆံချေးလိုက်သည်။

"မင်းက ဘယ်တော့ ပြန်ပေးမှာမို့လို့လဲ"

"ဒီဝိုင်းတွေ မသိမ်းခင် ခင်ဗျားငွေ ပြန်ရစေရမယ်"

"တကယ်လို့ မပေးနိုင်ရင်လည်း နောက်တစ်ပတ် ဝိုင်းချိန်းချင် ကျုပ်ယူခဲ့မယ်"

"အေး တစ်ခါမှ အကြွေးမယူဖူးသေးလို့ပေးတာ၊ မင်းစကားတည်ပါစေ"

"ဟာ စိတ်ချ ကိုစိုးကြီး ... ကျုပ် ကတိတည်ရပါစေ့မယ်"

ဝိုင်းမှာ လူလျော့နေခံချင်သဖြင့် ကျော်တင်ချေးသော ငွေနှစ်

www.burmeseclassic.com

www.burmeseclassic.com



သောင်းကို ကိုစိုးကြီး ပေးလိုက်သည်။

"ဖဲမဝေနဲ့ဦး ကာလဖန့်လိုးထားနှင့်၊ ကျွန်တော်အပေါ့သွားလိုက်ဦးမယ်"

"အရက်တွေ စွတ်သောက်ပြီး အပေါ့ ခဏခဏ သွားနေကြတာပဲ"

လက်ပံလှရွာသား တင်ဌေးက အပေါ့သွားရန် ထသွားစဉ် ကျော်တင့်လည်း ထသွားသည်။

ကျော်တင့်က အပေါ့သွားလိုခြင်းမဟုတ်၊ ရည်ရွယ်ချက်တစ်ခုရှိ၍ ထလာခဲ့ခြင်းဖြစ်သည်။

သချိုင်းဇရပ်နှင့် အနည်းငယ်လှမ်းသော နေရာတစ်နေရာသို့ သွားကာ ပါးစပ်မှ ဖာတွတ်တွတ်ရွတ်နေသည်။

"အမေမဖဲဝါ ... ကျွန်တော့်ကို ဖဲနိုင်အောင် ကူညီပေးပါ။ နိုင်ရင် နှစ်ပွဲပဲ ကစားပါတော့မယ်"

"အမေ့ကိုလည်း ကျေးဇူးဆပ်ပါ့မယ်။ အခုပွဲနဲ့ နောက်နှစ်ပွဲနိုင်အောင် အကူအညီပေးပါ"

ကျော်တင့်လည်း ပါးစပ်မှ အသံထွက်ပြီး အမေမဖဲဝါအား အကူအညီတောင်းကာ ဖဲဝိုင်းရှိရာသို့ ပြန်လာခဲ့သည်။

"ကိုင်း ဝိုင်းစမယ် ထိုင်ကြ"





ကာလဖန်တစ်ကြိမ်ထိုးပြီး ဖဲမျိုးတာ၊ ကချက်ချင်း ဖဲဝေလိုက်သည်။

ကျော်တင့် သူ့ရှေ့က ဖဲကို တစ်ချက်ကြည့်လိုက်သည်။ လက်ထဲမှ ပိုက်ဆံတချို့ ရှေ့သို့ ချလိုက်သည်။

လက်ရှောင်ကြ ဖဲဝေမယ်။

ကျော်တင့် ဖဲကို ပွကြည့်လိုက်ပြီး

"လိုက်တယ်"

လက်ထဲရှိသမျှ ပိုက်ဆံ ရှေ့သို့ချလိုက်သည်။

တင်စိုးက ဆက်မလိုက်၊ ကျန်သော လူသုံးယောက်က ဆက်လိုက်သည်။

ထိုပွဲသိမ်းတော့ ကျော်တင့် အနိုင်ရလိုက်သည်။

ထို့နောက် ဒုတိယပွဲမှာလည်း ကျော်တင့် နိုင်လိုက်တယ်။ ဒိုင်က သူချေးထားသော ပိုက်ဆံကို ပြန်ယူလိုက်သည်။

"ကျော်တင့်က ဘယ်ဆိုးလို့လဲ ပါးစပ်စိီးနေလားမသိဘူး"

"ဘာဖြစ်လို့လဲ ကိုစိုးကြီး"

"ဝိုင်းမသိမ်းခင် ငါ့ပိုက်ဆံပြန်ဆပ်မယ်လို့ မင်းပြောခဲ့တယ် မဟုတ်လား၊ အခုနှစ်ဝိုင်းပဲလှည့်ရသေးတယ် ငါ့ကြွေးမင်းပြန်ဆပ် နိုင်လိုက်ပြီမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com

ပွဲလက်ကောင်းလာပြီဖြစ်သဖြင့် ကျော်တင့်လည်း မဖဲဝါအ
ကတိစကား ပြုခဲ့သည်ကိုမေ့ခဲ့ပြီ။

တစ်ရက်တစ်ခွက် မော့လိုက်၊ ပိုက်ဆံလိုက်လိုက်နှင့် ကတိ
ပွဲမှာ ကျော်တင့် ရှုံးပွဲတွေ့သွားသည်။

ဖဲရှုံးပြီဆိုတော့ ရှုံးမဲ မဲတော့သည်။ အကြွေးလည်းဖေ
အရင်းထက် အမြတ်သုံးဆခန့်မြတ်ပြီးမှ ပြန်ရှုံးတော့သည်။

ပွဲသိမ်းတော့ ကျော်တင့်အကြွေးသုံးသောင်း စိုးကြီးအ
ဆင့်သွားသည်။

ရွှေဘိုကြီး ရှာသားနှင့် လက်ပံလှရှာသားတို့ ပြန်သွား
သည်။

စံအေး၊ ကျော်တင့်နှင့် ကျော်စိုးတို့သာ ကျန်ခဲ့သည်။ ကျော်
မှာပါလာသော အရက်ခြောက်ပုလင်း ကုန်သွားသည်။

အားလုံးဝိုင်းသိမ်းတော့ အရက်ပုလင်းဝက် ကျန်သ
ညစ်ညစ်နှင့် ကျော်တင့် မော့သောက်ပြစ်လိုက်သည်။

ကျော်တင့် ခေါင်းမထူနိုင်အောင် မူးနေပြီ။

"ကိုကျော်တင့် ရှာပြန်ကြမယ်"

"မကျေနပ်ဘူး၊ ငါလုံးဝမကျေနပ်ဘူး"

"ဘာကိုမကျေနပ်တာလဲဗျ"





"ဒီသချိုင်းထဲက မဖဲဝါဆိုတဲ့ သရဲမကို"

"ဟာ ကိုကျော်တင့် မဟုတ်တာတွေ မပြောနဲ့ဗျာ"

"ပြောတယ်ကွာ ဘာလဲ မင်းကြောက်လို့လား"

"ကြောက်တာပေါ့ဗျ၊ ခင်ဗျားက အမေမဖဲဝါကို ကြိမ်းဝါးတဲ့
စကားတွေပြောနေလို့"

"မင်းကြောက်ရင် ပြန် ... ငါ့ကို နိုင်အောင်လုပ်ပေးပါလို့
ပြောခဲ့တာ ... ခုဘယ်မှာ နိုင်လို့လဲ"

"လာပါဗျာ ... နိုင်တုန်းက မနည်းမနော နိုင်လိုက်တာ
မဟုတ်လား ... မရပ်ဘဲ ဆက်ပြီးရိုက်တော့ ပြန်ပါကုန်တာပေါ့"

သူတောင်းဆိုခဲ့သော နှစ်ပွဲဆက်နိုင်ခဲ့ရင် ရပ်ပါတော့မယ်ဆို
သော ကတိစကားကို မေ့သွားသည်လား မသိကျိုးကျွန် ပြုလေ
သည်လားမသိ။

သူ့အပြစ်ကို မဖဲဝါအပြစ်ဟုသာ ဆိုနေတော့သည်။

"ကဲ ကိုကျော်တင့် ရှာပြန်ကြမယ်ဗျာ"

"မင်းနဲ့ကျော်စိုး ပြန်ကြ ... ငါမပြန်သေးဘူး"

"လာပါဗျာ အားလုံးလဲ ပြန်ကုန်ပြီ"

ကိုစံအေးက ကိုကျော်တင့်ကို တွဲခေါ်ပေးမယ့် လက်ဖြ
ပုတ်ချကာ သချိုင်းဇရပ်ပေါ်က ဒယိမ်းဒယိုင်နှင့် ပြေးဆင်းသွား



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲမေမဖဲဝါ သိပ်ရက်စက်တယ်"

"ကျုပ် မကျေနပ်ဘူး၊ ကျုပ် မကျေနပ်ဘူး။ ကျုပ်မှာရှိသမျှ ကုန်ပြီဗျာ"

ချိုပုတ်တစ်ခုနားအရောက် လက်နှင့်ချိုပုတ်ကို ပုတ်လိုက်သည်။

ချိုပုတ်မှာ ကွယ်တက်ပေါက်ရောက်နေသော နွယ်ပင်များနှင့် လက်ငြိသွားပြီး ရုတ်တရက်လက်ပြန်နုတ်မရသဖြင့်

"ဟာ ... သောက်ချိုပုတ်က တမျောင့်"

ချိုပုတ်ကို ခြေထောက်နှင့် ပစ်ကန်လိုက်သည်။

"အား ..."

ခြေဖမိုးမှာ ပူခနဲဖြစ်သွားသည်။

"ဟာ ငါ့ခြေထောက် ပူခနဲဖြစ်သွားတယ်"

"ကိုကျော်တင့် ချိုပုတ်အောက်မှာ မြွေပွေးကြီးဗျ ... အကြီးကြီးပဲ"

စံအေး မြွေကြီးခဲကြီးကြီးကောက်ပြီး ဘယ်မှထွက်မပြေးသော မြွေပွေးအနေခွလိုက်ကြီးကို အားကုန်ထုပစ်လိုက်သည်။

မြွေကြီး မြွေကြီးခဲအောက်မှာ အသက်ပျောက်သွားသည်။





"လာလာ ဇရပ်ပေါ်မှာ ခဏထိုင်"

"ကျုပ်လဲ ဘာမှ မလုပ်တတ်ဘူး"

"ကျော်စိုး မင်း ရွာကို ပြန်ပြီး ကိုကျော်တင့်အမေနဲ့ သူ့နီးမကို အကြောင်းသွားကြား မြန်မြန်သွား"

"ဟုတ်ကဲ့ ကျွန်တော် အမြန်သွားပြောလိုက်ပါ့မယ်"

ကျော်စိုး သချိုင်းအတွင်းက အမြန်ထွက်သွားသည်။

"ကိုကျော်တင့် ရရဲ့လား"

"နာတယ်ကွာ ... ငါ့ကို အမေမဖဲဝါ ဆုံးမလိုက်တာ ...မယ်"

ခင်ဗျားက မဟုတ်တာတွေ လျှောက်ပြောနေတာကိုး"

"ငါ ... ငါ ... မ ... မဟုတ်တာ ... ပြောတာ ...တ်ဘူး၊ ငါ့ကို ... အမေ ... မ ... ဖဲဝါ ... နှစ်ပွဲဆက်... ...အောင် ... ကူညီ... ပေး.... ပါ... နှစ်ပွဲ... ဆက်... ... ရင် ... ဆက်မကစားတော့ဘူး ... လို့ ... ငါ ...တိ ... ပေးခဲ့တာ ငါ ... အခု ... ရှုံးသွားတယ် ... ... ..."

"ခင်ဗျား တကယ်နှစ်ပွဲဆက်နိုင်ခဲ့တာပဲ၊ ခင်ဗျား အ...ပ်ပြီး အနိုင်နဲ့ပိုင်းလို့ မလွယ်ဘူးဆိုလဲ အရင်းနှုတ်...တ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ထိန်းကစားသွားလို့ရတာပဲ"

"လက်ထဲရှိသမျှ ပုံအောလိုက်တော့ ... ရသံမျှပြောင်တဲ့ အပြင် အကြွေးပါ ထပ်တင်သွားတာ မဟုတ်ဟေး"

"အမေ မဖဲဝါက ခင်ဗျားကို တကယ်မ,ခဲ့ရဲ့သားနဲ့ သွား စော်ကားလိုက်တာကိုး"

"ဘာပဲဖြစ်ဖြစ် ငါ နိုင်ကိုနိုင်ရမှာ ငါ့ကို နိုင်အောင်လုပ်ပေး ရမှာ"

"ခင်ဗျားက ကတိလဲဖျက်သေး၊ ကိုယ့်အပြစ်ကို မမြင်ဘဲ၊ ကူညီသူကို အဆိုးမြင်နေတာပဲ"

"အခု ... ငါ့ကို မြွေနဲ့လဲတိုက်သေးတယ်။ ငါ လုံးဝ မကျေနပ်ဘူး"

BURMESE CLASSIC .com

"မဖဲဝါ ... အနားမှာရှိရင်ထွက်ခဲ့"

"ဟာ ... ဟာ ... ကိုကျော်တင့် လျှောက်မခေါ်နဲ့လေ... ကျုပ်ကြောက်တယ် ... ခင်ဗျားမှာလဲ ဒဏ်ရာကြီးနဲ့၊ သွေးရူး သွေးတမ်းစကားတွေ လျှောက်မပြောနဲ့ဗျာ"

"မြွေပွေးကိုက်မှတော့ ငါက သေလူဖြစ်နေပြီ။ မသေခင် ငါမကျေနပ်တာတော့ ပြောခဲ့ရမှာပဲ ... ငါသွေးရူးသွေးတမ်း ပြောနေတာ မဟုတ်ဘူးကွ"





"ငါ ... ငါ ... မတ ... ရားခံရလို့"

"ဟာဗျာ ကိုကျော်တင့် ကျွန်တော်မနေရဲတော့ဘူး"

"ဂျိမ်း ... ဝုန်း"

"ဟာ ... ဟာ ... ဟာ ... သူလာပြီ မဖဲဝါလာပြီ"

ဇရပ်ခေါင်မိုးပေါ်သို့ အနီးကပေါက်နေသော ကုက္ကိုပင်မှ သစ်ကိုင်းခြောက် ကျိုးကျခြင်းကို မဖဲဝါလာပြီဟုဆိုကာ ကျော်တင့် ထအော်သည်။

သူ့တကိုယ်လုံး မြွေဆိပ်တက်နေပြီ။

ရွာကလူများ ရောက်မလာသေး။

ထိုအချိန် ကျောင်းကင်အနားသို့ အသက် (၇၀)နီးပါးရှိ ပါးရေ တွန့်နေသော အဖွားကြီးတစ်ယောက် တောင်ဝှေးအားပြု၍ ရောက် လာသည်။

"ဟဲ့ကောင်လေးတို့ ဘာဖြစ်နေကြတာလဲ"

"အော် ... အဖွား ဒီကောင် မြွေပွေးအကိုက်ခံလိုက်ရလို့ အခုလဲနေတာ"

အို ... မြွေပွေးကိုက်လို့ ... ဟုတ်လား ... ဘယ်လောက် ကြာ...ပြီလဲ"

"ဆယ့်ငါးမိနစ်လောက်တော့ရှိပြီ။ ကျွန်တော်လည်း ဘာမှ



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တတ်ဘူး။ ရွာကို လှူလှတ်ပြီး ခေါ်ခိုင်းထားပါတယ်"

"ဟင် ... မြေခွေးပိပ်ပျို့နေပြီပဲ"

"အဖွားတယ်နိုင်ရင် ... ကယ်ပေးပါခင်ဗျာ"

"အင်း သတ္တဝါတစ်ခု ... ကံတစ်ခုပေပဲ"

"ဒီသူငယ်က စိတ်ရင်းကောင်းပေမယ့် ... မကောင်းတဲ့ အကျင့်ရယ်၊ ပါးစပ်ဆိုးတာရယ်၊ ကတိမတည်တာရယ် ... သူ့ကို လူကဲခတ်ကြည့်တာနဲ့ အဖွားသိတယ်"

"ဟုတ်ပါတယ် အဖွား"

"ဒီသူငယ် ... သချိုင်းစောင့် မဖဲဝါကို ကတိပေးပြီး ကတိကို လွယ်လွယ်နဲ့ဖျက်တယ်။ ဇော်ကားတဲ့စကားတွေလည်း ပြောခဲ့တယ် မဟုတ်လား"

"ဟာ ... ဟုတ်ပါတယ် ... ဒီလူ အဖွားပြောသလိုပဲ ဖဲရိုးပြီး လျှောက်ပဲနေတာပါ"

"အေး လူဆိုတာ ပေးပြီးတဲ့ကတိကို မဖျက်ရဘူး ... ဘယ်သူပဲဖြစ်ဖြစ်၊ လူပဲဖြစ်ဖြစ်၊ သရဲတစ္ဆေပဲဖြစ်ဖြစ် လေးစားသမှု ရှိရတယ်"

"မဖဲဝါဆိုတာ နာမည်ကသာ မဖဲဝါ ... သူ ဒီသချိုင်းတွေ စောင့်ခဲ့တာ မင်းတို့မမွေးခင်ကတည်းက"



BURMESE CLASSIC .com



"မင်းတို့ အဖိုး အဖွားတွေထက်တောင် အသက်ကြီးဦးမယ်၊ ယ်ဘုံသားပဲဖြစ်ဖြစ် ကြီးတယ်ငယ်တယ် ဂါရဝတရား ထား ရတယ်"

"ကဲ ... အဖွားကို ကတိပေး ကောင်လေးကြားလား" ကျော်တင့် လေသံတိုးတိုးလေးနှင့် ...

"ဟုတ် ... ဟုတ် ... ကဲ့ ... ကြား ... ပါ ... ယ်"

"အေး ... မင်းက အမေအိုကြီးကိုလည်း လုပ်ကျွေးရ ယ်။ မိန်းမနဲ့ ကလေးကိုလည်း လုပ်ကျွေးရဦးမယ် ... နောက်ကို ဖဲမရိုက်နဲ့တော့၊ အရက်မသောက်နဲ့ ... သရဲပဲ ဖြစ်၊ လူပဲဖြစ်ဖြစ် ပေးပြီးတဲ့ ကတိတော့ တည်ရမယ်"

ဟုတ် ... ဟုတ် ... ကဲ့ ... အ ... ဖွား"

"အေး ... မင်းအရက်မသောက်တော့ပါဘူး၊ ဖဲမရိုက် တော့ပါဘူး။ ကြီးသူကိုလေးစား ... ငယ်သူကို ကြင်နာတဲ့ ... မွေးပါတော့မယ် ... ဘာသာတရား လိုက်စားပြီး ယ်နှစ်တိတိ၊ သက်သက်လွတ် စားပါ့မယ်လို့ ကတိပေးရင် ပိပ်မတက်ဘဲ အကောင်း မြန်မြန်အောင် အဖွားကုပေးမယ် တိပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ အဖွား ကျွန်တော် အသက်မသေအောင် ကယ်နိုင် လား"

"ငါပြောတဲ့ကတိတွေ မင်းပေးနိုင်လား။ လွယ်လွယ် မပြောနဲ့။ ဖောက်ဖျက်တာနဲ့ လက်ရှိမြွေဆိပ်ပြန်တက်ပြီး ငေါက်ခနဲ သေလိမ့်မယ်"

"ဗျာ ကျွန်တော့်ရင်ထဲက လှိုက်လှိုက်လှဲလှဲ ကတိပေးပါတယ်။ ဖဲလည်း .. မရိုက်တော့ပါဘူး။ အရက်လည်း မသောက်တော့ပါဘူး။ သက်သက်လွတ်စားပြီး ဘာသာရေး လိုက်စားပါတော့မယ်"

"အေး ... မင်းရဲ့အသက်ခြောက်ဆယ်ကျော် အမေကြီးက အလွန်ဆုံး အသက်ရှည်မှ နောက်ဆယ့်နှစ် ဆယ့်ငါးနှစ်ပေါ့... အမေကြီးအသေဖြောင့်အောင် လုပ်ကျွေးရမယ်။ ဘာသာတရား လုပ်နိုင်အောင် ကူညီရမယ်။ အဲဒီတာဝန်တွေ မင်းမှာ ရှိသေးလို့ မင်းအသက် ငါကယ်မှာ"

"ဟုတ်ကဲ့ ... စိတ် ... ရင်း ... မှန်ကတိ ပေးပါတယ်"

"မင်းက ကတိတည်ရင် ... မင်းလုပ်တဲ့အလုပ်က အကျိုး ပေးမှာပါ။ ဖဲရိုက်စရာ မလိုပါဘူး"

"ကဲ ... မျက်လုံးမှိတ်ထား ... အဖွားရောက်လာ





တည်းက မင်းခန္ဓာကိုယ်မှာ ဟက်နေတဲ့ မြွေဆိပ်ကို ထိန်း ထားပြီးပါပြီ။

"ကဲ ... ကဲ ... မြွေဆိပ်တွေ ကျသွားပြီ၊ မျက်လုံး ဖွင့်လို့ ရပါပြီ"

"ကတိဖျက်တဲ့နေ့ဟာ မြွေဆိပ်ပြန်တက်ပြီး သေမယ့်နေ့ ကိုတာတော့ မြဲမြဲမှတ်ထား၊ ရက်တွေ နှစ်တွေကြာလို့ စမ်းသပ် ကြည့်မယ်လို့တော့ မကြံမိစေနဲ့"

"ဟုတ်ကဲ့ ... မြဲမြဲ မှတ်ထားပါ့မယ်"

"မင်းလည်း သူ့ကိုပဲ ပြောနေတယ်လို့ မထင်နဲ့၊ မင်းလည်း မရိုက်နဲ့၊ အရက်မသောက်နဲ့၊ ဘာသာတရားလိုက်စား၊ အကျိုး ပေးလိမ့်မယ် ဒုက္ခကြီးကြီးမားမား မရောက်ဘူး"

စံအေးလည်း အဖွားအား လက်အုပ်ချီထားပြီး ကတိ ကတန်တန် ပေးလိုက်သည်။

ကျော်တင့်လည်း မျက်လုံးများပြာဝေပြီး ဇရပ်ကြမ်းပြင်ပေါ် ၌နေရာက မြွေဆိပ်ကျပြီး ထထိုင်လိုက်သည်။

"ကျွန်တော် အဖွားကို ကန်တော့ပါရစေ"

"အေးအေး အမှားသိလို့ အမှန်ပြင်နိုင်တော့လည်း ခွင့်လွှတ် တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဖွားက ဘယ်ရွာကလာပြီး ဘယ်ကိုပြန်မှာလဲ အိမ်လိုက် ခဲ့ပါလား"

"အဖွားက ဒီလိုပဲ တစ်ယောက်တည်း ခရီးသွားနေတာပါ ... ဘယ်သူ့အိမ်မှ မလိုက်ပါဘူး"

"အဖွားနာမည် သိထားပါရစေအဖွား"

"အဖွားလို့ပဲ သိထားပေါ့ ... ကဲ အဖွားသွားမယ်"

အသက် (၇၀)ကျော် အဖွားအိုလည်း တောင်ဝှေးတစ်ချောင်း အားပြုရင်း သူတို့အနီးက ထွက်သွားတော့သည်။

မကြာခင် ရွာမှ လိုက်လာသူများ ဇရပ်အနီးသို့ ရောက်လာ သည်။

သူတို့ စိုးရိမ်သလို လူမမာကျော်တင့်ကို မတွေ့ရဘဲ ... ပြုံးပြုံးရွှင်ရွှင်ဖြစ်နေသော ကျော်တင့်ကို တွေ့လိုက်သဖြင့် အားလုံး အံ့အားသင့်နေကြသည်။

"ဘယ်လိုဖြစ်တာလဲ ငါတို့ကို ညာခေါ်တာလား"

"မဟုတ်ပါဘူး၊ တကယ်မြွေပွေးကြီး ကိုက်လိုက်လို့"

"စောစောကပဲ အဖွားအိုကြီးတစ်ယောက်သချိုင်းထဲ ဝင်လာ ပြီး ငါထာမန္တာန်နဲ့ ကုပေးလိုက်လို့ ပျောက်သွားတာ"

"ဘယ်မှာလဲ အဲဒီအဖွား"





"ကိုမှာ အခုပဲ ထွက်သွားတာ"

"ဟင် မရှိတော့ဘူး"

စံအေး လက်ညှိုးညွှန်ပြရာသို့ ကြည့်သေမင့် လူဟူ၍ မတွေ့ တော့။

"ကိုနားမှာလည်း ကျော်တင့်ကိုက်တဲ့မြွေပွေးကြီး ကျွန်တော် ခဲနဲ့ ထုထားလို့ သေနေတယ်။

စံအေးက ရွာသားများကိုခေါ်ပြီး မြွေသေရှိရာသို့ သွားပြ သည်။

ခဲလုံးအကြေများကို ဆွဲဖယ်ပစ်လိုက်ရာ ခဲလုံးများအောက်မှာ ဘာမြွေမှမရှိတော့။

စံအေး အံ့ဩသွားသည်။

"ဒီ ... ဒီမှာ ကျွန်တော်ကိုယ်တိုင် မြွေပွေးကြီးကို ဒီခဲလုံး ကြီးနဲ့ ထုသတ်ပစ်လိုက်တာ၊ ကိုကျော်တင့်လည်းသိတယ်"

"ဒါ ... ဒါဆို ကိုကျော်တင့် အမေမဖဲဝါကို စိန်ခေါ်လို့ မြွေတစ်ကောင် ဖန်ဆင်းပြီး ကိုက်ခိုင်းလိုက်တာဖြစ်မယ်"

"စောစောကလာတဲ့ အဖွားကလည်း အမေမဖဲဝါများလား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်စံအေး ... ငါ့ကို လာဆုံးမသွားတာ"

ကျော်တင့်စကားကြားတော့ အနီးမှာရပ်နေသည့် ကျော်တ[င့်]
ဘကြီးက ...

"အသေလုပ်မသွားတာ ကံကောင်းတယ်မှတ်၊ မင်းတို့[ကို]
အသေလုပ်ခဲ့ရမှာ"

"ဟာ ... ဘကြီးစံကလဲ"

"မင်းတို့က ဆန်ကုန်မြေလေးတွေ မဟုတ်လား"

"ကျွန်တော် ဒီနေ့ကစပြီး ဖဲမရိုက် အရက်မသောက်တော့
ဘူး။ အမေ့ကို လုပ်ကျွေးပါ့မယ်လို့ ကတိပေးလိုက်ပြီးပြီ ဘကြီး"

"အေး ကြည့်ကြသေးတာပေါ့ ကျော်တင့်ရာ"

ကျော်တင့်၏ ဘကြီး ဦးစံညွန့်က ကိုမှုသာပြောပြီး သချိ[ုင်း]
အတွင်းက ဦးဆောင်ပြီး ထွက်သွားတော့သည်။

ကျော်တင့်နှင့် စံအေးတို့လည်း သချိုင်းအတွင်းမှ စိတ်[ပေ]
ပေါ့ပါးစွာနှင့် ပြန်လာခဲ့တော့သည်။



# အလှူသွားစားသည့် တစ္ဆေကြီး

အင်တိုင်းရွာ၏ အလယ်တွင် ရေနံ့ဝနေသော နှစ်ဆောင်ပြိုင်
ခြေတံရှည်အိမ်ကြီးရှိသည်။ ထိုအိမ်ကြီးပေါ်တွင် အသက် (၅၀)
ကျော်ခန့်ရှိသော ယောကျာ်းကြီးနှင့် အသက် (၄၀)ကျော်ခန့်
မိန်းမကြီးတို့ စကားပြောဆို တိုင်ပင်နေကြသည်။ အချိန်က
ညကိုးနာရီခန့် ရှိပြီဖြစ်သည်။

ယောကျာ်းကြီးအမည်က ဦးကျော်၊ မိန်းမကြီးအမည်က
ဒေါ်သိန်းခင်ဖြစ်သည်။ သူတို့တွင် သမီးနှစ်ယောက်၊ သားတစ်ယောက်
ရှိသည်။

အကြီးဆုံးသမီးအမည်က မနှင်းအေး အသက် (၁၆)နှစ်၊
သမီးအလတ်အမည်က မပြုံးထွေး အသက်က ၁၄နှစ်၊ အငယ်ဆုံး
သားက အသက် (၁၂)နှစ်ရှိကာ မောင်ကျော်ဇောဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ့်လဲ ဒေါ်နှင်းခင်ရေ တို့သားလေး မောင်ကျော်ဇော လည်း ဆယ့်နှစ်နှစ်ရှိပြီ ရှင်သာမဏေပြုရမယ့်အရွယ်ရောက်ပြီ"

"တစ်နေ့က ဆရာတော်ကျောင်းကို ဆွမ်းချိုင့်သွားပို့တော့ ဆရာတော်က မိန့်မှာလိုက်တယ်"

"ဆရာတော်က ဘယ်လို မိန့်လိုက်တာလဲ"

"ဒကာကြီးတို့ သားရှင်ပြုရမယ့်အရွယ်ရောက်ပြီ မဟုတ်လား တဲ့။ ပိုက်ဆံရဖို့ပဲ လုံးပမ်းမနေနဲ့၊ ကလေးရှင်ပြုပေးဖို့ စဉ်းစား ကြဦးတဲ့"

"ဆရာတော် သတိပေးမှ ထလုပ်ရတဲ့ အဖြစ်မျိုးတော့ ရောက်ပါပြီတော်၊ ကျုပ်လည်း စဉ်းစားမိသေးတယ်။ တော် ဒကာ စမလာသေးလို့"

"ကဲ အဖြင့် မင်းသား မအိပ်သေးဘူးဆိုရင် ကျောင်းသွား ချင်တဲ့ဆန္ဒ ရှိ မရှိ ခေါ်မေးကြည့်ပါဦး"

"ရှင်သားကို မေးလို့ကတော့ ... ဘယ်တော့မှ သွားမယ်လို့ ပြောမှာ မဟုတ်ဘူး။ ကစားမက်တဲ့ကောင် မိုးလင်းကမိုးချုပ် ဘယ်မှာ အိမ်ကပ်လို့လဲ။ ဆူကာန်ဆူ ခြောက်တန်ခြောက်ပြီး ကျောင်းလွှတ်ရမှာပဲ"

"သမီးကြီး မနှင်းအေးရေ၊ မောင်ကျော်ဇောအိပ်ပြီလား"





"အိပ်ပြီတဲ့ အမေရေ"

"စောစောကပဲ မဖြူနဲ့ ငြင်းခုံနေသံ ကြားလိုက်ရသေး တယ်"

"အဖေနဲ့ အမေတို့ အပြင်ကပြောတဲ့ စကားကြားပြီး သူတို့ခေါ်ရင်း အိပ်ပြီလို့ ပြောခိုင်းနေတယ်"

"တယ် ... ခွေးဖြစ်ချင်တဲ့ကောင်၊ ဇါတ်ဆွဲပြီး ဝင်လာ ခဲ့ရမလား"

တုတ်အကြောင်း ပါလာတော့ အခန်းထဲက မောင်ကျော်ဇော အသံ ထွက်လာသည်။

"ဟာ မေကြီးရ အဲဒီရွာ အရှေ့ကျောင်း ဘုန်းကြီးက အရိုက်ကြမ်းတယ်ဆိုတာ တစ်ရွာလုံးသိတယ်။ သားမသွားချင် ပါဘူး"

မောင်ကျော်ဇောတစ်ယောက် ငြိမ်ခံနေ၍ မဖြစ်တော့။ မျက်နှာ ပုပ်၍ အခန်းထဲက ထွက်ရင်း အရေးဆိုလာသည်။

"ဘုန်းကြီးက သားကို စာသင်ပေးမယ့်ဟာ ဘယ့်အတွက် ကြောင့် သည့်လောက် ကြောက်လန့်နေရတာလဲ"

"ဟိုဗျာ ... ဘုန်းကြီးက အရိုက်ကြမ်းတယ်။ နောက်ပြီး ကျုပ်တို့ကို စာသင်ပေးမှာက ကိုရင်ကြီး သိန်းမောင်တဲ့ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုရင်ကြီးနဲ့ သားတို့သူငယ်ချင်းတွေ မတည့်ဘူး"

"မတည့်ဆို မင်းက ငရဲပြည် ဖောက်ထိုးသွားမယ့် ကလေ... တွေနဲ့မှ ပေါင်းသင်းနေတာကိုး ... သူတို့က မိမနိုင် ဖယ်... ကလေးတွေ"

"ဘုန်းကြီးကျောင်းပို့ထားတာ ဘုန်းကြီးစာမှ ကောင်းအော... မသင်ချင်။ ဆိုးချင်တိုင်းဆိုး ဆော့ချင်တိုင်းဆော့ စာမရလို့ ရိုက်... ကိုရင်ကြီးဆိုးတာ မဟုတ်ဘူး"

ထိုစဉ် အိပ်ခန်းအတွင်းက မနှင်းအေး ထွက်လာသည်။

"မနေ့က ကိုရင်ကြီး ဆွမ်းခံကြွတုန်း ကလေးတွေ ... ချောင်းပစ်တာ ယော်ထိပ်ကို မှန်ပြီး ဘုတောင် ထွက်သွားတ... တဲ့"

"ဘုရား ဘုရား ဒီလောက်တောင် ဆိုးကြတာလား"

"နေ့ခင်းက ဒေါ်ဂွတ်ထော် စပါးပေး ပိုက်ဆံလာယူ... သမီးကို ပြောသွားတာ။ အဲဒါ အမေ့သားတို့အုပ်စု ဖြစ်နိုင်တ..."

"မနှင်းအေး စကားအဆုံး မောင်ကျော်ဇောလည်း ... လက်ဝါး ကျောပေါ်ကျမလာခင် အမြန်ညင်းချက်ထုတ်ရတော့သ..."

"ဟာ အဲဒါ သံချောင်းပစ်တာ"

"အဲဒီ ... သံချောင်းနဲ့ ဂွတိုကို မပေါင်းနဲ့လို့ ပြောထား...





အကြိမ်ပေါင်း မနည်းတော့ဘူး။ မင်းမှာ ပေါင်းသင်းရမယ့် အခြား ကလေးတွေ မရှိတော့ဘူးလား"

"ရှိပါ့တော် မအေးမိသား၊ ရှင်ဒွေးလှသား အဲဒီကလေးတွေ ဟာ မိဘအလုပ်လည်း ဝိုင်းကူ၊ ရှာရိုးကိုးပေါက်လည်း လှည့်ပြီး မကစားဘူး။ ဘယ်အချိန်ကြည့်ကြည့် မိဘကို ဝိုင်းကူပြီး အိမ်မှာပဲ ကစားနေကြတာ။ အဲဒီ ကလေးမျိုးတော့ အပေါင်းအသင်း မလုပ် ဘူး"

"အဲဒီ ကလေးတွေက မင်းသားကို မပေါင်းတာ ဖြစ်မယ်"

သံချောင်းနှင့် ဂွတိုဆိုသော ကလေးနှစ်ယောက်က ဘုန်းကြီး ကျောင်းသို့ သေစာ ရှင်စာ ဖတ်တတ်လျှင်တော်ပြီ ဆုံးဖြတ်၍ မိဘများက ပို့ထားသော်လည်း ကိုရင်ကြီး အရိုက်ကြမ်းသည်ဟု အကြောင်းပြကာ၊ ကျောင်းမတက်သော ကလေးဆိုးများဖြစ်သည်။ ရှာတွင်း ရှာပြင် လေးဂွတစ်ချောင်းစီနှင့် မွေးထားသော ကြက်၊ ငှက်၊ တိရစ္ဆာန်များ ခိုက်ထားသော သရက်၊ မာလကာသီးများ လူလစ်လျှင် လစ်သလို ပစ်တတ်သည်မို့ သူတို့ရွာ၏ အော်ကြော လန့်လေးများ ဖြစ်ကြသည်။

မောင်ကျော်ဇောကိုလည်း ထိုကလေးဆိုးများနှင့် မပေါင်းရန် တားမြစ်ထားသော်လည်း လစ်သည်နှင့် ဆော့မြဲ ပေါင်းသင်းမြဲ



www.burmeseclassic.com

ဖြစ်သည်။

"ကဲ … ဟိုကလေးတွေအကြောင်း ပြောတာနဲ့ လိုရင်း မရောက်တော့ဘူး … မင်း ဘာမှသင်ပြေးပေးမနေနဲ့။ မနက်စောစော ဘုန်းကြီးကျောင်းလိုက်ပို့ပေးမယ် … စပါးသိမ်းပြီးရင် ရှင်ပြု ပေးမလို့။ အဲဒါဘုန်းကြီးစာ တတ်မှဖြစ်မှာ"

"သမီးမနှင်းအေး မနက်စောစော ထမင်းထချက်ရအောင် မောင်လေးကို ဘုန်းကြီးကျောင်းသွားပို့ရင် ဆွမ်းတစ်ချိုင့်တော့ ယူသွားမှဖြစ်မယ် … မနက်အမေနဲ့ ဗိုင်းကူချက်ကြဦး … သွားအိပ်ကြတော့"

"ကဲ … မင်းလည်းသွားအိပ် မနက်ကျောင်းသွားဖို့ နိုးလို့ မရရင် နွားရိုက်တဲ့ ကြိမ်လုံးတွေကလည်း ပေါ်မှပေါ်၊ ကိုယ့်ဘာ ကိုယ်သိ"

ဖခင်၏ တစ်ချက်လွှတ်စကားကြောင့် မထဘဲ ပေကပ်နေရာက မျက်နှာရှုံ့မဲ့ပြပြီး ထသွားတော့သည်။

တကယ်တမ်း ဘုန်းကြီးကျောင်းသို့ သွားရပြီဆိုတော့ မောင်ကျော်ဇော ငြိမ်လျက် လိုက်ပါလာသည်။

ကျောင်းရောက်၍ ဆရာတော်ထံ အပ်နှံပြန်တော့လည်း ငိုချင် သေသေ ရှိသည်။ ဆရာတော်က ကိုရင်ကြီးအား ခေါ်ခိုင်းလိုက်





သဖြင့် ကိုရင်ကြီး ရောက်လာသည်။

"အဲဒါ မောင်ကျောင်းသားတို့ စာသင်ပေးမယ့် ကိုရင်ကြီးပဲ ကိုရင်ကြီးနောက်က လိုက်သွားပေတော့"

ကိုရင်ကြီးလည်း ဆရာတော်အား ဝတ်ပြုကာ မောင်ကျော် ဇောလက်ကိုဆွဲ၍ ထွက်သွားသည်။

မောင်ကျော်ဇော ဘုန်းကြီးစာသင်ခဲ့သည်မှာ တစ်လကျော် နှစ်လအတွင်းသို့ ရောက်ခဲ့ပြီ။

သေဒိယံ၊ ဘက်နုံးတောင်းစသော ရှင်သာမဏေဝတ်ရန် ကျက်မှတ်စာများအပြင် မင်္ဂလသုတ်၊ နမက္ကာရ၊ လောကနီတိ၊ ပရိတ်ကြီးကို့ကိုလည်း သင်နေရပြီဖြစ်သည်။

ထိုအချိန်မှ ပေါ်များလည်း ရောင်းပြီးပြီ၊ ဆရာတော်သတ်မှတ် ပေးသော ရက်မှာ ရှင်ပြုရန်လည်း စီစဉ်နေကြပြီ။

အလှူရက် သတ်မှတ်ထားသည့်အချိန် နီးကပ်လာခဲ့ပြီ အလှူ အတွက် လွန်ခဲ့သော ဆယ့်ငါးရက်ခန့်ကတည်းက တစ်မျိုးပြီး တစ်မျိုး စီစဉ်နေသည်မှာ အပြီးမသတ်နိုင်။

ရွာအလှူဆိုတော့ သိသူရော မသိသူပါ အလှည့်ကျနေ့စဉ် လိုအပ်သမျှ လာလုပ်ပေးကြသည်။ ထိုသူများ၏ စားရေးသောက်ရေး အတွက် ဒေါ်သိန်းခင်နှင့်အတူ ရွာတွင်းရှိ မိန်းကလေးများက ဝိုင်းဝန်း



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကူညီချက်ပြုတ်ပေးကြသည်။

ထင်းခွေ၊ ဝါးခုတ်၊ အလှူမဏ္ဍပ် အမိုးအကာ ကိစ္စအဝဝ ပြီးခဲ့ပြီ။ အရံပဟင်းအတွက် ကျောက်ဖရုံသီး ချဉ်ပတ်အိုးတည်ခြင်း ပြောင်းဖူးဖတ် ဆေးပေါ့လိပ် လိပ်ခြင်းတို့လည်း လုံလုံလောက် လောက်ဖြစ်ပြီ။

နောက်ဆုံး ပရိက္ခရာ ဝယ်ရန်၊ ဝါးခြောက်တောင်းကြော်အတွက် ဝါးခြောက်များဝယ်ရန် ဘုန်းကြီးကျောင်း ဝါးကျောင်းအတွက် လှူဖွယ်ပစ္စည်းဝယ်ရန်သာ ကျန်တော့သည်။

ထို့ကြောင့် ညဘက်အရောက် ဦးကျော်လည်း ဒေါ်သိန်းခင် အား မှာစရာရှိသည်တို့ကို မှာသည်။

"မသိန်းခင် ဝယ်မယ့်စာရင်းဇယား ပြန်စစ်ပြီး လိုတာရှိရင် ဖြည့်ပေးထားဦး။ မနက်စောစော သွားကြမယ်။ ဒါမှ နေမပူမီ မြို့ရောက်မှာ။ သာဂိတို့လင်မယားကိုလည်း သတိပေးလိုက်ဦး"

ဦးကျော်စကား ကြားသည်နှင့် ဒေါ်သိန်းခင်လည်း ပြာပြာ သလဲ

"အံမယ် ... မိုးမလင်းခင်တော့ မသွားဝံ့ပါဘူးတော်။ ဟို နှစ်ရွာကြား သံရည်ကျိုချောက်နားမှာရှိတဲ့ ဘုရားပြို ဘုရားပျက်တွေ ကြားက ထွက်ထွက်ပြီး ခြောက်တဲ့ တစ္ဆေကြီးနဲ့ တိုးနေပါဦး





တော်"

"အဲဒီချောက်ကို ဖြတ်သွားတဲ့သူတိုင်း အခြောက်ခံရတယ်ဆို ရှင်လည်း ကြားနေရတာပဲ"

"အေးလေ ကြားသားပဲ။ စောစောဆိုပေမယ့် မိုးမလင်းခင် ဘယ်ဟုတ်ပါ့မလဲ။ လင်းရောင်သမ်းမှ အိမ်က စထွက်တာ မယ်စတို့လင်မယားလည်း ပါမယ့်ဟာ ကြောက်စရာမလို "

"ရှင့်တူမ မယ်စလား မကြောက်မှာ။ အဲဒီသရဲကြီး သူ့ကို ခြောက်လှတ်လိုက်တာ ဘာကြာသေးလို့လဲ"

"ဟို ... ဘုရားမယ့်အချိန်က လူသွားလူလာ မပြတ်တော့ပါဘူး။ ... ကဲ ... အိပ်ကြစို့ရဲ့"

ဦးကျော်လည်း ပြောဆိုပြီးသည်နှင့် အိပ်ရာဝင်သွားသော်လည်း သိန်းခင်က ဈေးဝယ်စာရင်းမှာ လိုအပ်သည်တို့ကို ဖြည့်စွက် မှ အိပ်ရာဝင်ခဲ့သည်။

ဒေါ်သိန်းခင် အိပ်ခန်းတွင်းရောက်တော့ ဦးကျော် အိပ်မော နေပြီဖြစ်သည်။ ဒေါ်သိန်းခင် အိပ်ချင်စိတ် ပျောက်နေသည်။

သံရည်ကျိုချောက်က တစ္ဆေသရဲကြီး မယ်စနှင့် သူ့ယောကျ်ား သာဂိတို့ ထိန်တောရွာက အပြန်မှာ အခြောက်အလှန့်ခံရပုံကို



www.burmeseclassic.com

www.burmeseclassic.com

မယ်စပြောပြ၍ သိထားသမျှ ပြန်စဉ်းစားနေမိသည်။ ဖြစ်ပုံကသည်လို ...

ထိန်တောရွာသူ မယ်စတစ်ယောက် အင်တိုင်းရွာသား ကိုသာဂိနှင့် နပူးစာရွာလည်ပြီး ပေါင်းဖက်မိကြသည်။ ကိုသာဂိနှင့်အတူ အင်တိုင်းရွာမှာ လိုက်နေပြီး လယ်ယာလုပ်၍ အသက်မွေးကြသည်။

သို့ကြောင့် မယ်စတစ်ယောက် အလုပ်ကိစ္စပါးသည်နှင့် ကြာ များရှိရာ ထိန်တောရွာသို့ မကြာခဏ လာဖြစ်နေသည်။ ယာသည့်အခါတိုင်း ခရီးကြုံအဖော်နှင့်လည်းကောင်း၊ ကိုသာဂိနှင့်လည်းကောင်း လာနေကျ။ ယခု ကိုသာဂိနှင့်အတူ လာခဲ့သည်။

အပြန်ကြတော့ ထိန်တောရွာက ပေးလိုက်သည့် ကောက်ညှင်းဆန်နှစ်ပြည်နှင့်၊ စားစရာ အသီးအနှံတို့ တောင်းထဲထည့်ရွက်ကာ စကားတပြောပြောနှင့် ပြန်ခဲ့ကြသည်။

ထိန်တောရွာက အထွက် ခင်တန်းတစ်ခုအရောက် ယုန်လေးတစ်ကောင် ဖြတ်ပြေးသွားသည်ကို မြင်လိုက်သဖြင့် လေးဂွနှင့်ချိန်၍ ပစ်လိုက်ရာ ယုန်လေးခေါင်းကို ထိမှန်ပြီး ယုန်သေသွားသည်။





မယ်စ၏ အူညံ့ပူသံကို ဥပက္ခာပြုရင်း ယုန်သေကို ကောက်၍ တောင်းထဲသို့ ထည့်ပြီး ယူလာခဲ့သည်။

"ယုန်ပစ်တာများကွာ အထူးအဆန်းလုပ်ပြီး ပြဿနာရှာနေတယ် ... အခုဆိုရင် ညနေစာအတွက် ဖူလုံသွားပြီ မဟုတ်လား"

"ကျုပ်ပြဿနာရှာတာက ... ယုန်ပစ်လို့မဟုတ်ဘူး။ ဒီလမ်းက ယုန်ကို ယူမသွားချင်လို့"

"သံရည်ကျိုချောက်နားရောက်ရင် မင်းတောင်းကို ငါယူထမ်းပေးပါ့မယ်"

မယ်စ ဘာမှမပြောတော့ဘဲ ဆက်လျှောက်ခဲ့ကြသည်။ သံရည်ကျိုချောက်အနီးအရောက်မှာ သာဂိက ကူညီထမ်းပေးရန် တောင်းကို ယူလိုက်သည်။

"ဟင် ... မယ်စ ... ဒါဘာတွေလဲ"

"နွားချေးတွေမဟုတ်လား ... ရှင့်ယုန်လည်း မရှိတော့ဘူး"

"သွားပါပြီ။ ကောက်ညှင်းဆန်တွေ ဟင်းသီးဟင်းရွက်တွေ နွားချေးတွေ ပေကုန်ပြီ"

"ဘယ်အချိန်က ယုန်ကိုယူပြီး ချေးတွေ ထည့်လိုက်လည်း မသိဘူး"

"တောက် ... သိလို့ကတော့ လေးဂွစာအမိပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဇေါင်"

အား ... လားလာ။

"ဝါ့ခေါင်းကို ခဲနဲ့ထုတယ်"

"ကဲ နွားချီးတွေ ရှင့်လက်နဲ့ ဖယ်ပစ်ကြည့်ပါဦး။ ကောက်ညှင်းဆန်တွေ ပေကုန်ပြီလားလို့"

"နွားချီးတွေက အပျော့တွေ ... ပေကုန်ပြီပေါ့။ သွန်သာပစ်လိုက်ပါကွာ"

သာကိပြောသည့်အတိုင်း အားလုံးကို လမ်းဘေးမှာ သွန်ချလိုက်သည်။

"မြင်တယ်မဟုတ်လား။ အားလုံး ပေရေညစ်ပတ်ကုန်ပြီ"

သို့နှင့် တောင်းအလွတ်ကိုသာ ပြန်ယူပြီး မကျေနပ်သော်လည်း ပါးစပ်မှ ပြန်မပြောရဲတော့ဘဲ မမှောင်ခင် ရွာရောက်ရန် ခြေလှမ်းသွက်သွက်နှင့် လျှောက်ခဲ့ကြသည်။

ထိုကဲ့သို့ ရွာသူရွာသား အင်တိုင်ရွာသား ထိန်တောရွာသားတို့သည် သံရေည်ကျိုးချောက်ကို မှောင်ရိပ်ိုးတဝါး ဖြတ်သွားတိုင်း၊ တစ္ဆေကြီး၏ အနုနည်းရော၊ အကြမ်းနည်းရော မျိုးစုံစွာ အခြောက်အလှန့်ခံကြရသည်။





နဂ္ဂုရွာသား ဦးညွန့်ခင် အခြောက်ခံလိုက်ရ၍ ရူးပင်ရူးသွားသည်။ ဆရာမျိုးစုံနှင့် ကုသည့်တိုင် ပြန်ကောင်းမလာတော့။

ဖြစ်ပုံက ဤသို့တည်း။

ညနေစောင်းစ ငါးနာရီထိုးလုလုအချိန် ဦးညွန့်ခင် သံရေည်ကျိုးချောက်အနီး ရောက်ခဲ့သည်။

မင်းကွန်းရွာမှာ လက်သမားသွားလုပ်နေရာက အလုပ်ပြီး၍ ငွေရှင်းကာ နေရပ်၊ နဂ္ဂုရွာသို့ မြို့မှ လှည်းကြုံဖြင့် လိုက်ခဲ့ပေမယ့် ... ခရီးအဆုံးထိ လှည်းကြုံမရ။

သံရေည်ကျိုးချောက်ကို နေမဝင်ခင် ကျော်ဖြတ်နိုင်ပါစေ ဆုတောင်းရင်း ခြေလှမ်းကျဲကျဲ လျှောက်ခဲ့ပေမယ့် ဆုတောင်းမပြည့်ပါ။

အဖော်ဟူ၍လည်း ရွာသုံးရွာမှ ခရီးသွားတစ်ယောက်မျှပင် မရှိ။ အရဲစွန့်ပြီး သံရေည်ကျိုးချောက်ကို အဖြတ် ဘုရားပျက်သုံးဆူတစ်ဝိုက်သို့ မျက်လုံးအကြည့်က ရောက်သွားသည်။

ထိုစဉ် ဘုရားပျက်အနီး သစ်ပင်ကြီး ခြေရင်းမှ မြေသားများ ဖွားခနဲ ဖွားခနဲ ထွက်လာပြီး မြေထဲမှ အခေါင်းကြီးတစ်ခုကိုးထွက်လာသည်။

ထို့နောက် မကြာခင် အခေါင်းကြီးတစ်ခုလုံး အပြင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။ ထိုအချိန် ဦးညွန့်ခင် ခန္ဓာကိုယ်တစ်ခုလုံး လှုပ်ရှား မရသလို ဖြစ်လာသည်။ ခြေလှမ်းပင် ရွှေ့မရတော့။

အခေါင်းကြီးအတွင်းမှ ပုတ်ပွနံစော်နေသော အလောင်းကောင်ကြီး ထလာသည်။ အသားအရည်များက ရှိရှဲနေပုံရကာ အချို့ ခြေ၊ လက်၊ မျက်နှာတို့မှာ အရိုးတစ်ဝက် အသားတစ်ဝက် ဖြစ်နေသည်။

"ဟီး ... ဟီး ... ဟီး ... ဝူး"

သရဲကြီးက အခေါင်းကြီးကို လက်တစ်ဖက်နှင့် ဆွဲပြီး တဖြည်းဖြည်း လျှောက်လာသည်။

အနီးသို့ ရောက်လာလေလေ ... အပုတ်နံ့က ဆိုးဆိုး ဝါးဝါး ပျံ့လွင့်နေသည်။ ဦးညွန့်ခင်အား ပါးစပ်ကြီး ဖြဲပြီး၊ သွားကြီးတွေ တဂေါက်ဂေါက်နှင့် ဟစိ ဟစိ လုပ်ပြ၊ လျှာကြီး အရှည်လိုက် ထုတ်ပြနေသည်။

ထို့နောက် သရဲကြီးက အခေါင်းကို နောက်ကြောင်းသို့ ပြန်လှည့်ဆွဲသွားသည်။

ဟီး ... ဟီး ... ဟီး ...

သစ်ပင်ခြေရင်း တူးထားသော မြေကျင်းအနီးသို့ အရောက် အခေါင်းအတွင်းသို့ ဝင်၍ အိပ်လိုက်သည်။





သရဲကြီး အခေါင်းတွင်းသို့ ဝင်အိပ်ပြီးသည်နှင့် အခေါင်းကြီး ကျင်းထဲသို့ တဖြည်းဖြည်း လျောဆင်းသွားသည်ကို တွေ့နေရသည်။

ထို့နောက် ပွယောင်းနေသော မြေစိုင်မြေခဲများလည်း လူမရှိဘဲ ကျင်းကို ပြန်ဖို့နေသည်ကို ဦးညွန့်ခင် အတိုင်းသား မြင်နေရသည်။

အားလုံး ပြန်လည်ငြိမ်သက်သွားတော့ ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်သန်းလာပြီ။ ထိုအခါမှပင် ဦးညွန့်ခင် သတိဝင်လာတော့သည်။

ချက်ချင်းပင် တစ်ကိုယ်လုံး တုံရင်လာကာ ဟီးတိုက် ငိုချလိုက်ပြီး ခွေးခနဲ လဲကျကာ သတိမေ့သွားတော့သည်။

မကြာခင်မှာပင် နဂူရွာမှ ကြက်သွန်ပွဲရုံသို့ ကြက်သွန်သွားရောင်းပြီး ပြန်လာသော လှည်းသုံးစီး ဦးညွန့်ခင် သတိမေ့နေသော နေရာသို့ ရောက်လာသည်။

ရှေ့ဆုံးမှ လှည်းမောင်းသမားက မြင်လိုက်သဖြင့် လှည်းရပ်ကာ ဆင်း၍ ကြည့်လိုက်သည်။

"ဟာ တို့ရွာက လက်သမား ကိုညွန့်ခင်ပါလား၊ သတိမေ့နေတာကွ၊ လာကြကွာ၊ ဒီလှည်းပေါ် ဝိုင်းတင်ပေးကြ



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်ပြီးပြတ်လို့ ပြန်လာတာဖြစ်မယ်"

"ဒီချောက်က သရဲအခြောက်ခံလိုက်ရပြန်ပြီ ထင်တယ်"

တစ်ယောက်တစ်မျိုးထင်ကြေးပေးပြီး လှည်းမောင်းပြန်ခဲ့ကြ သည်။ အိမ်သို့ရောက်သောအခါ သတိရအောင်ပြုစုကြ၍ သတိရ လာသောအခါ အကျိုးအကြောင်း သိလိုသမျှ မေးမြန်း စုံစမ်းကြ သည်။

တိကျသော အဖြေကိုမရ။ အခေါင်းကြီးနဲ့ သရဲကြီး လာနေ ပြီဟု ပြောသည့်အခါပြော နေစရာမရှိအောင် တစ်ခါကင်ရံ သူ့အား အခေါင်းထဲသို့ တစ္ဆေကြီးက ဝင်ခိုင်းနေပြီဟု ပြောသည့်အခါ ပြော၊ နေစရာ မရှိအောင် ကြောက်လန့်ခြောက်ခြားလျက် လုံခြုံမည် ထင်သည့် နေရာများတွင် လျှောက်ပုန်းနေတတ်သည်။

သရဲကြီးခြောက်လှန့်သည်မှာ အကြိမ်ကြိမ်အခါခါ တစ်မျိုး နှင့်တစ်မျိုး မတူကြ။

ထိန်တောရွာသားတွေ အခြောက်ခံရပုံက ရွာသားလေး ယောက် မြို့က အပြန်၊ လမ်းမှာ အမဲပေါ်သည့် အချိန်နှင့် ကြုံ၍ တစ်ယောက်တစ်ပိဿာစီ ဝယ်ခဲ့ကြသည်။

ငှက်ပျောဖက်နှင့် လုံခြုံစွာပတ်ကာ ကြိုးဖြင့် ခိုင်ခန့်အောင် ချည်၍ တစ်ပိဿာထုပ် ကိုယ်စီဆွဲပြီး စကားတပြောပြောနှင့်





ရွာသို့ ပြန်လာခဲ့ကြသည်။

နဂိုရွာရောက်တော့ လေးနာရီထိုးပြီ။ ထိန်တောရွာကို ညခုနစ် နာရီခန့်မှ ရောက်ပေတော့မည်။

သို့ဆိုလျှင် သံရည်ကျိုချောက်ကို နေဝင်ရီတရော ခြောက်နာရီခန့် မှာ သူတို့ ဖြတ်သွားရတော့မည်။

သံရည်ကျိုချောက်ဟု ခေါ်တွင်ရခြင်းမှာ ရှေးက စစ်ကိုင်း၊ အင်းဝ၊ ပင်းယမင်းများ မိုးစံစဉ် မင်းရေးမင်းရာကြောင့် တိမ်းရှောင် ထွက်ပြေးကြသည့် မင်းညီမင်းသားများ မင်းရိပ်မင်းအာဏာလွတ်ရာ တောကောင်းရာ ဤနေရာတွင် စခန်းချ လူသူစုရုံးခဲ့ကြသည်။

စစ်ရေးစစ်ရာ စစ်မှုပြော သပ်ကြရင်း ဓားလှံလက်နက်အတွက် ဤချောက်ကြီးအတွင်း ပန်းဘဲဖိုများ ဆင်ကာ၊ သံရည်ကျို၍ ဓားလှံများ ထုလုပ်ကြသည်။

စစ်အောင်နိုင်ရေးအတွက် အဓိဋ္ဌာန်ပြုပြီး အောင်စေတီများ တည်ကြသည်။

မင်းရေးမင်းရာကိစ္စအဝဝ ပြီးဆုံးသွားသည်နှင့် ထိုနေရာမှာ မည်သူမျှ ရှိမနေကြတော့။ သံများ အရည်ကျိုပြီး ဓား၊ လှံ၊ လေး၊ မြား ထုလုပ်ခဲ့ရာ ပန်းပဲဖို အဟောင်းအပျက်များသာ ကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ ထိုချောက်ကြီးကို သံရည်ကျိုချောက်ဟု ခေါ်တွင်ခဲ့ကြသည်။

နှစ်ကာလကြာခဲ့ပြီမို့ ပန်းပဲဖိုများလည်း မရှိတော့။ ရန်အောင်မြင် ဆုတောင်းပြည့်စေတီ သုံးဆူလည်း မိုးဒဏ်၊ လေဒဏ် လျှော်ဒဏ်တို့ကြောင့် အကောင်းမရှိကြတော့။

ဤချောက်ဝန်းကျင်မှာ လွန်ခဲ့သော သုံးနှစ်ခန့် မတိုင်ခင်က သရဲအခြောက်အလှန့် မခံခဲ့ကြရ။ လွန်ခဲ့သော သုံးနှစ်နောက်ပိုင်းမှစ၍ မကြာခဏ သရဲအခြောက်ခံလာရသည်။

စ၍အခြောက်ခံရသူမှာ ဟိန်တောရွာမှ နွားကျောင်းသားလေးဖြစ်သည်။ နွားကျောင်းရင်း ဘုရားပျက်များအကြား သွားလာကစားရာ ဖရုံပျက်ကြီးအတွင်းမှ အခေါင်းကြီးထမ်း၍ ထွက်လာသော သရဲကြီးကို မြင်လိုက်သဖြင့် ငယ်သံပါအောင် အိမ်သို့အော်ဟစ်ရင်းပြန်ပြေးလာခဲ့သည်။

အိမ်ရောက်တော့ သရဲအကြောင်း တစ်ခွန်းနှစ်ခွန်းသာ ပြောပြီး အဖျားဆို့ကာ အသက်ထွက်သွားခဲ့သည်။ နွားကျောင်းသားလေးမှ အစပြု၍ မကြာခဏ နည်းမျိုးစုံနှင့် အခြောက်ခံလာကြရသည်။

ယခုလည်း ထိန်တောရွာသားလေးယောက် အမဲသားကွဲများဆွဲရင်း သံရည်ကျိုချောက်နား ရောက်လာသည်။





မြန်မြန်လျှောက်ကြကွာ ခဏဆိုရင် တို့ရွာလမ်းခွဲရောက်တော့

"ဘယ်လိုစိတ်ကူးနဲ့များ ရွာသုံးရွာ လမ်းဆုံကို ဒီသံရည်ကျိုချောက်နား လာလုပ်ထားရလဲ မသိဘူး"

"ဒါကတော့ကွာ ... လမ်းလုပ်တာ ဖို့တုန်းကတော့ ဒီနေရာအမှ ကြမ်းသေးတာ မဟုတ်ဘဲ၊ ဒီတာလမ်းတွေက တို့မမွေးကတည်းက ရှိနေတာ။

"အင်း ဟုတ်တော့လည်း ဟုတ်တာပေါ့။ ဒါပေမယ့် ဒီနေရာထိရောက်ဘဲ ဖြတ်လမ်းတစ်လမ်းလောက်တော့ လူကြီးတွေ ဖောက်သင့်တယ်လို့ ထင်တယ်"

ထိုစဉ် သူတို့ရှေ့ရှိ သစ်ပင်ကြီးတစ်ပင်၏ အကိုင်းပေါ်မှ ကွဲလောင်းချ တိုင်နေသည့် မည်းမည်းအကောင်ကြီးကို တွေ့ကြ၍ ပြောလက်စ စကားများ ရပ်လိုက်သည်။

ဟီး ... ဟီး ... ဟီး ...

သရဲကြီးဆီက အသံထွက်လာသည်။ လက်ကြီးက တစ်စုံကို ကော့င်းနေသလို ဆန့်တန်းကာ လက်ဝါးဖြန့်ပြထားသည်။

သူတို့လေးယောက် ရှေ့ဆက်လျှောက်လျှင် သရဲကြီး၏ခြေ



www.burmeseclassic.com

www.burmeseclassic.com



ထောက်အောက်မှ ခေါင်းလျှိုး၍ လျှောက်ရတော့မည်မို့ မည်သို့ ရမည်နည်းဟု အကြံအိုက်နေစဉ် အကောင်ကြီး မြေပြင်သို့ လိုက်သည်။

"ဟီး ... ဟီး ... ဟီး ..."

မည်သည့်စကားမှ မပြောသော်လည်း သူတို့လက်ထဲမှ အ ကို တောင်းနေကြောင်း သိသည်။

"မ ... မ ... ပေးဘူးကွ ... မင်းကိုပေးဖို့ ယူ တာမဟုတ်ဘူး။ ငါ့ဟာတော့ လုံးဝမပေးဘူး"

အတောင်းခံရသော ရွာသားက အထုပ်ကို နောက်သို့ လိုက်ရင်း ကြောက်သော်လည်း ဟန်လုပ်၍ မပေးဘူးဟု ပြ လိုက်သည်။

မည်းမည်းကြီးက ဝုန်းခနဲ လေဝှေ့သလို ဝှေ့သွ ကိုယ်ပျောက်၍ ထွက်သွားသည်။

"ဟာ ... ပါသွားပြီ"

အမဲသားထုပ် အတောင်းခံရသော ရွာသားလက်ကို ထုတ်လိုက်သည့်အခါ ကြိုးတန်းလန်းနှင့် ငှက်ပျောရွက်များ တွေ့ကြရသည်။ အထဲမှာ အမဲသားများ မရှိတော့"

"အင်း လေးယောက်လာတာ ကံမကောင်းသူက





သွားပြီ ..."

"ကဲပါကွာ ... ရွာရောက်ရင် ငါတို့ မျှပေးပါ့မယ်။ စိတ်မကောင်း မဖြစ်ပါနဲ့ ... ဒီကောင်ကြီး မြန်မလာခင် သွားကြ ရအောင်"

သူတို့ လမ်းဆုံရောက်သည်နှင့် သံရည်ကျိုချောက်ကို ကျော ပေးခါ ခပ်သုတ်သုတ် လျှောက်ခဲ့ကြသည်။

ဟီး ... ဟီး ... ဟီး ...

သူတို့ ရှေ့လမ်းဘေးချုံအကွယ်မှာ ထိုင်နေသည့် သရဲကြီးကို မြင်လိုက်ကြရပြန်သည်။

"ဟာ ရှေ့မှာ လာကြိုစောင့်နေတာပဲ"

"တစ်ပိဿာအတွဲကြီး စားတာမြန်လိုက်တာ"

"သူ့ခန္ဓာကိုယ်နဲ့ဆို တစ်လုတ်စာပဲဖြစ်မှာပေါ့"

အမွေးအမှင်ရှည်ရှည် မျက်နှာတစ်ခုလုံး အရိအရွဲများ ဖုံး လွှမ်းလျက်ရှိပြီး သွားများ ငေါက်တောက်ထွက်နေသည်။

ကြောက်လန့်ဖွယ်ရာ တစ္ဆေသရဲကြီးကို မြင်နေရပေမယ့် လူက လေးယောက်မို့ သည်းခြေပျက်လောက်အောင် ကြောက် လန့်ကြသေး။



www.burmeseclassic.com

www.burmeseclassic.com



အမဲသားတဲ့ကို လက်ညှိုးထိုးပြပြီး တောင်းနေပြန်ပြီ အတောင်ခံရသူက စိတ်ညှို့ခံထားရသကဲ့သို့ လှမ်းပေးလိုက်သည်။

"တော်ပါတော့၊ ငါတို့အတွက်လည်း ချန်ပါဦး။ ငါတို့နှစ်တွေ မင်းလည်းနှစ်တွဲ နောက်တစ်ခါ လာမတောင်းနဲ့တော့ ဟုတ်လား"

အတောင်းမခံရသေးသည့် ရှာသားတစ်ယောက်က အမဲသားစားနေသည့် ကချွေကြီးအား နှမ်ပွဲစားပြီး နှစ်တွဲချန်ရန် ပြောနေပေမယ့် အရိအရွဲများ ယိုစီးကျနေသည့် ပါးစပ်ကြီးကို လျှာဖြင့် သိမ်းရင်း ကျန်နေသည့်နှစ်တွဲစလုံးကို လက်နှစ်ဘက်နှင့်ပြိုင်တူ ညွှန်ပြကာ တောင်းလေတော့သည်။

"ဟာ ရလေလိုလေပါပဲလား။ ဖြစ်ချင်ရာဖြစ် ငါတော့ ပြေးတော့မယ်။ မပေးဘူးကွာ ... ပေးမှန်းသိလို့ ရောင့်ဘက်နေတာ"

"ဟုတ်တယ် ပြေးကြမယ်"

အားလုံး နောက်လှည့်မကြည့်ကော့ဘဲ ပြေးကြသည်။

ဝုန်း ...

ဖိုး ... အား ...

ဝိုး ... ဒေါက် ...

အား .... အီး ...

မြေကြီးခဲများ သစ်ကိုင်းများဖြင့် အပစ်ခံလိုက်ကြရ၍ အော်





တစ်ညည်းညူကာ ဒလိမ့်ခေါက်ကွေး လဲကျကုန်တော့သည်။

သူတို့လဲကျရာမှ ... ကုန်းရုန်းထလိုက်သည်။

အမဲသားနှစ်တွဲက လက်ထဲမှာ မရှိတော့။

ဖျန်း ...

အား ...

ဝိုး ... ဖျန်း ... အား ...

သူတို့လေးယောက်စလုံး ပါးရိုက်ခံလိုက်ရ၍ မျက်နှာများ ... နေပြီ။ ခေါင်းမှာလည်း သစ်ကိုင်းနှင့် အပစ်ခံရ၍ မူးဖနောက်ရီဝေနေပြီ။

သူတို့ ပတ်ဝန်းကျင်မှာ လေပွေဖွေ့သကဲ့သို့ မည်းမည်းကြီးက ... လှည့်ပတ်နေသည်။ လက်မည်းမည်းကြီးနှင့်လည်း ထပ်ကာ တပ်ကာ အရိုက်ခံနေကြရသည်။

သူတို့လေးယောက် မည်မျှပင် အားတင်းထားကြသော်လည်း ကချွေသရဲနှင့် ရင်ဆိုင်နေရမှန်းသိလာသဖြင့် အကြောက်လွန်ပြီး အရပ်ကြီးပြုတ်သည့်နှယ် ခွေခေါက်လဲကျကာ၊ သတိမေ့ကုန်တော့သည်။

ထိုအခါမှပင် ကချွေကြီးလည်း ဘုရားကုန်းဆီသို့ ရိပ်ခနဲ ရွေ့လျား ပြေးထွက်သွားရာ သစ်ပင်ချုံပင်တို့ လှုပ်ရှားယိမ်းထိုး



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့တော့သည်။

သံရည်ကျိုချော့ကက အခြောက်ကြမ်းသော တစ္ဆေကြီး အကြောင်း စဉ်းစားရင်း ဒေါ်သိန်းခင် မျက်လုံးများ မှေးစင်းလာခဲ့သည်။

မယ်စ ယောက်ျား သာဂိက ဒေါ်သိန်းခင်၏ တူဖြစ်သည်မို့ မြို့တက်ဈေးဝယ်သွားလျှင် လှည်းမောင်း၍ သာဂိက လိုက်ပို့ရမည်ဖြစ်သည်။

မယ်စလည်း တစ္ဆေကြီးနှင့်တိုးပြီးကတည်းက မိခင်ဖခင်ရှိသော ထိန်တောရွာပင် မရောက်ဖြစ်တော့။ ယခု ဒေါ်သိန်းခင်ကကိုသာဂိနှင့်အတူ ဈေးဝယ်လိုက်ခဲ့ရန် ခေါ်သည့်အခါ မငြင်းဝံ့။

သို့ကြောင့် နောက်နေ့ရောက်မှာကို ကြိုတင်တွေးပြီး မယ်စလည်း အိပ်မပျော်နိုင်။

မယ်စ ယောက်ျား သာဂိက အိပ်မောကျ၍ တစ်ခေါခေါ်နှင့်ဟောက်နေသလို ဦးကျော်လည်း တစ်ချက်ကလေးမှပင် မလှုပ်ပေ။

မိန်းမသားနှစ်ယောက်မှာ မပျော်တစ်ချက်၊ ပျော်တစ်ချက်နှင့် အချိန်ကုန်ခဲ့ရာ နံနက်ရွာဦးကျောင်းက အုန်းမောင်းခေါက်သံ ကြားတော့ ဒေါ်သိန်းခင်က ဦးကျော်ကို အတင်းနှိုးရသလို မယ်စ





လည်း သာဂိအား ဆွဲညံ့ပူညံ့လုပ်မှ မျက်စေ့ကိုပွတ်ပြီး ညည်းညည်းညူညူနှင့် ထလာသည်။

"မိုးကလည်း လင်းတာ မြန်လိုက်တာ အိပ်ရေး မဝသေးဘူး"

"အိပ်ရေးမဝသေးလည်း ပြန်လာမှ အိပ်တော့တော်ရော့ တော်ကာ ဒေါ်လေးက အဆင်သင့်မဖြစ်လို့ ဆူတာ ခံရဦးတော့မယ်"

"ဒေါ်လေးက နေမြင့်မှ သွားချင်တာ အဖိုးကြီးကို မလွန်ဆန်နိုင်လို့ကွ"

"ကဲ အမြင့် မင်း အရင်မျက်နှာသွားသစ်ကွာ"

"ရှင်က မထသေးဘဲ ကျုပ်ကို မျက်နှာ သွားသစ်ခိုင်းနေတယ်။ ဘာလဲ ထပ်ပြီး အိပ်ရာပေါ်မှာ မှိန်းဦးမလို့လား။ ဒေါ်လေးကို လွှတ်လိုက်မှာနော်"

မယ်စ ပြောပြောဆိုဆို ထွက်သွားသည်။

"တောက် နည်းနည်းမှ အလိုက်ကန်းဆိုး မသိတဲ့ဟာမ"

သာဂိလည်း မကြားတကြား ပြောပြီး အိပ်ရာမှ ထကာ နောက်မှ လိုက်သွားတော့သည်။

ရေကပြင်မှာ မျက်နှာသစ်နေကြသော ဦးကျော်တို့လင်မယား



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဆုံ၍ မျက်နှာသစ်ရန် ထိုင်စောင့်ရင်း ... တိုင်ကိုမှီကာ မျက်မှိတ်ပြီး မှိန်းနေလိုက်သည်။

"အံမယ် ထိုင်ငိုက်နေတာ ... ဘယ်သူမှက်တယ် သာဂိပါလား။ အိပ်ရာက နိုးပြီဆိုလည်း နွားတွေဆီသွားပြီး ချေးသေးပါအောင် လုပ်တန်လုပ်၊ အိမ်မှသူတို့လည်း လန်းလန်းဆန်းဆန်း ရှိတော့မှာပေါ့"

"တို့ အဆာပြေစားသလို သူတို့လည်း ကြိုတင်စားထားပါစေပေါ့။ ကောက်ရိုးစဥ်းထားတာရှိတယ်။ တနင်းခွက်ထဲ ထည့်ပေးထားလိုက်။ ပဲဖတ်စိမ်ရေလည်း ထည့်ဖို့မမေ့နဲ့"

"ဟုတ်ကဲ့ ဦးလေး"

တိုင်ကွယ်မှာ ထိုင်ငိုက်နေသော သာဂိလည်း မျက်နှာသစ်ပြီး အိမ်ပေါ်တက်လာသည့် ဦးကျော်မြင့် သွား၍ ပြောဆိုမြည်တန်းတော့မှ မျက်လုံးကျယ်ကာ နွားတင်းကုတ်သို့ ထွက်လာခဲ့သည်။

မနက်အစာပြေ စားသောက်ပြီးကြသည်နှင့် ဦးကျော်တို့ လင်မယား သာဂိနှင့် မယ်စတို့ လှည်းတစ်စီးဖြင့် ဇီးနာရီခွဲခန့် အိမ်မှ ထွက်လာကြသည်။

အရှေ့ရှမ်းရိုးမပေါ် နေလုံးပြူလာသည်နှင့် သံရည်ကျိုချောက်





အနီး ဘုရားမျက်ကြီးများအနားသို့ ရောက်ခဲ့သည်။

ဒေါ်သိန်းခင်က အသံမထွက်ဘဲ မျက်လုံးမှိတ်ကာ ဘုရားစာ ရွတ်နေသည်။

မယ်စကလည်း တချော်ကြီး လှည်းပေါ် ခုန်တက်လိုက်လေမည်လား။ အသေကောင်ကြီးများ ပစ်တင်လိုက်လေမည်လားတု အတွေးရောက်ကာ သေးဘီမကြည့်ဘဲ လှည်းပေါ်ကိုသာ စိုက်ကြည့်နေသည်။

ထိုစဉ် မထင်မှတ်ဘဲ ဦးကျော်ထံမှ အသံထွက်လာသည်။

"မိတ် ... မိတ်ဆွေကြီးရေ ... လှည်းအနီးပတ်ဝန်းကျင်မှာ ရှိခဲ့ရင် အခုကပဲ ကြိုတင်ပြီး ဖိတ်ကြားလိုက်ပါတယ်။ လပြည့်ကျော် တစ်ရက်နေ့ သားရှင်ပြု တရားတော်နာ ကြွ ... ကြွပါ ... အလှူကကျွေးတဲ့ ထမင်းလည်း ပျော်ပျော်ပါးပါး သုံးဆောင်ပါ"

ဦးကျော် အသံပြုနေစဉ် သာဂိက လှည်းကို ခပ်သွက်သွက် မောင်းထွက်ခဲ့သည်။

သံရည်ကျိုချောက်မှ ခပ်လှမ်းလှမ်းသို့ရောက်သည်နှင့် မယ်စက မနေနိုင်တော့။

"ဦးလေးကဖြင့် လုပ်ပြီ။ တချော်ကြီးကို အလှူလာဖို့ သွားဖိတ်ခဲ့တယ်။ ဟိုက တကယ်လာပြီး ဦးလေးအလှူကို ဖျက်သွားရင်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နှယ့်လုပ်ကြမလဲ''

သာဂိကလည်း ဝင်ပြောတယ်။

''ဟုတ်တယ် ဒီကောင်ကြီး အစားအသောက်ကြမ်းတာ လူတိုင်းသိတယ်။ အလှူကျွေးဖို့ ချက်ထားသမျှ အကုန်စားပစ်ရင် ... မခက်ပေဘူးလား''

''ဟုတ်ပါ့တော်၊ ကျုပ်တို့အလှူလုပ်မလို့ အလှူတရားပွဲ ပြီးရင် အမျှဝေပါ့မယ် ... သာခုခေါ်ဖို့ စောင့်နေပါ။ အဲဒီလို ပြောလိုက်ရင် ပြီးမယ့်ဟာ တကယ်တည်း သရဲကို အလှူလာဖို့ ဖိတ်ရတယ်လို့ ကြားကြားဖူးပါဘူး''

''မင်းတို့ကလည်းကွာ အလှူလုပ်တယ်ဆိုရင် တောစောင့်နတ်၊ နယ်စောင့်နတ်၊ မြို့စောင့်၊ ရွာစောင့် ဆိုင်ရာပိုင်ရာ နတ်တွေလည်း ဖိတ်ရတယ် မဟုတ်လား။ ဖုတ် ပြိတ္တာ တစ္ဆေ သရဲ နာနာဘာဝ တွေလည်း ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်တွေက ခွင့်ပြုတယ်ဆိုရင် အလှူ ကိုလာကြမှာပဲ''

အမျှရလို့ သာခုခေါ်နိုင်ကြရင် ကျွတ်ထိုက်သူ ကျွတ်ကုန် ကြမှာပဲ။

ရဟာန်းခံရှင်ပြုရင် ရှင်ဥပဂုတ္တရဟန္တာ အရှင်မြတ်ကြီးကို ပင့် ဖိတ်ရတယ်။ မာန်နတ်ကိုတောင် ဆုံးမနိုင်တာ သရဲတစ္ဆေကို တို့





ကြောက်စရာမလိုပါဘူး။

ထိုစကားကြားသည်နှင့် မည်သူမှ စောဒကမတက်တော့။ မြို့ရောက်၍ အလှူအတွက် လိုအပ်သမျှဝယ်ကြသည်။ အားလုံး ပြည့်စုံပြီဆိုတော့ နေ့လည်စာ ထမင်းစားကြသည်။

ထမင်းစားပြီး ခဏတမြုတ် နားကာ နေ့နှစ်နာရီထိုးသည်နှင့် လှည်းကောက်ကာ ရွာသို့ပြန်လာကြသည်။

အမြန်သံရည်ကျိုချောက်ရောက်တော့ မနက်ကကဲ့သို့ ဘာမှ အကြိမ် ဖိတ်ကြားလိုက်ပြန်ပါသည်။

ရွာသို့ ပြန်ရောက်ပြီး နောက်နေ့ရှင်ပြုရန် အရပ်ရပ် ကိစ္စတို့ ကို စီမံပြုလုပ် ဆောင်ရွက်ကြလေသည်။

ချက်ရေး ပြုတ်ရေး ကျွေးမွေး ဧည့်ခံရေးအတွက် အဖွဲ့ငယ် လေးများ ဖွဲ့ကြသည်။

ရှင်လောင်းလှည့်သည့်နေ့သို့ ရောက်လာသည်။ ရွာစဉ် တလျှောက် ရှင်လောင်းလှည့်ပွဲကလည်း မြိုင်ဆိုင်လှသည်။

ကွမ်းတောင်းပန်းတောင်း ကိုင်ကြသော ရွာရဲ့ကာလသား သမီးပျိုနှေးလေးများကလည်း ချမ်းသာသမျှ ထုတ်ဆင်ကာ အလှပြိုင်ပွဲ ကျင်းပနေသည့်အလား လှပချင်တိုင်း လှပနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ပထမနေ့ ရှင်ပြုအလှူပွဲလည်း အောင်မြင် ပြီးမြောက်စွာ ပြီးဆုံးခဲ့သည်။

လပြည့်ကျော်တစ်ရက်နေ့ အကျွေးအမွေးဖြင့် ညွှန့်ခံကာ တရားနာ ရေစက်ချ အမျှဝေမည့်နေသို့ ရောက်ခဲ့ပြီ။

အင်တိုင်းရွာလုံးကျွတ် အလှူပွဲသို့ လာကြသည်။ အနီးအပါး ရွာများကလည်း တဖွဲဖွဲလာနေသည်။

နဂ္ဂရွာသားအချို့ အင်တိုင်းရွာရှင်ပြုအလှူသို့ နံနက်စောစော ထွက်လာခဲ့ကြသည်။

သံချည်ကျိုးချောက် အနီးသို့အရောက် တစ္ဆေကြီးအား အလှူရှင်က ဖိတ်ထားသည့်အကြောင်း တစ်ယောက်စကား တစ်ယောက် နားကြားပြီးပြီမို့ ရှတ်နောက်နောက် လူတစ်ယောက်က လှမ်း၍ အသံပြုလိုက်သည်။

"အင်တိုင်ရွာ ဦးကျော် ဒေါ်သိန်းခင်တို့ရဲ့ ရှင်ပြုပွဲ အလှူသွားမလို့ ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား"

"ဟကောင်ရ ကြောက်ရတဲ့အထဲ ... သရဲကို လျှောက်ခေါ်နေပြန်ပါပြီ"

"တို့လူစုက ငါးယောက်၊ သူပါတော့ ခြောက်ယောက် ဘာကြောက်စရာရှိလဲ။ သူ့ကို အလှူဖိတ်ထားတယ်ဆိုတာ အင်တိုင်း





ရွာက လူဖေပြောလို့ ငါသိထားပြီးပြီ။ ဒါကြောင့် ခေါ်ရတာပေါ့"

"ကောင်းပြီ လိုက်မယ်ဆိုလည်း လိုက်ပါစေကွာ၊ တို့လည်း အဖော်ရတာပေါ့"

တစ်ယောက်တစ်ပေါက် ပြောဆိုကာ ထိုနေရာမှ ခပ်သုတ်သုတ်ထွက်ခဲ့ကြသည်။ နဂ္ဂရွာသားတို့လည်း တာရိုးလှည်းလမ်းအတိုင်း အင်းတိုင်ရွာသို့ လာခဲ့ကြသည်။

သံချည်ကျိုးချောက်က သရဲကြီး သူတို့နှင့်အတူ လိုက်ပါလာသည်ကို မကြာခင် သိလိုက်ကြတော့သည်။

"ကိုလှမြင့် မြင်ရဲ့မဟုတ်လား"

"ဟုတ်တယ် သေချာအောင်ကြည့်နေတာ"

"သူလိုက်လာတယ်ဆိုတာ သိအောင်ပြနေတာ အကောင်က တော်တော်ကြီးတယ်"

"အကောင်လိုက်မပြလို့ တော်သေးတယ်"

သူတို့လူစုအား 'သူလိုက်လာသည်ကို သိစေရန် ရှေ့မှနေ၍ ကြီးမားသော တစ္ဆေတစ်ကောင်ဖြစ်ကြောင်း သိလိုက်သည်။

တင်ရယောက်က

"အလှူအိမ်ရောက်ရင် ကျုပ်တို့နဲ့အတူ ထမင်းဝင်စားပေါ့။ စားသောက်ပြီးရင် မိတ်ဆွေကြီး တရားနာချင်သေးတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သင့်တော်ရာမှာ နေပြီး စောင့်ပေါ့"

"ကျုပ်တို့ကတော့ တရားနာတဲ့ အချိန်ထိ မနေဘူး။ နေပူ ကျဲကျဲအောက်မှာလည်း ပြန်လို့မဖြစ်ဘူး။ လှဖေတို့အိမ်သွားပြီး နေနိုင်ကြမှာ အပြန် ရှာအနောက်ထန်းတောဝင်ပြီး ထန်းရည်သောက် ကြဦးမှာ"

ထိုလူစကားဆုံးသည်နှင့် သစ်ကိုင်းခြောက် တစ်ထွာခန့် ခေါင်းကို လာမှန်သည်။

"အောင်"

"အား လားလား"

"ငါ့ခေါင်းကို ဘယ်သူ သစ်ကိုင်းခြောက်နဲ့ ပစ်တာလဲ"

"ဘယ်သိမလဲ ... ကျုပ်တို့ကတော့ မပစ်ပါဘူး"

"အောင်"

"အားပါးပါး နာလိုက်တာ"

"သိပြီ တို့ရဲ့မိတ်ဆွေကြီး ပစ်နေတာ။ မင်းပါးစပ်သရမ်းလို့ ပစ်တာ"

"ဟ ... ငါ ဘယ်မှာ ပါးစပ်သရမ်းလို့လဲ"

"အလှူအိမ်ကအပြန် ထန်းတောဝင်ပြီး ထန်းရည်သောက် မယ်လို့ ပြောတာ မကြိုက်လို့၊ သိပြီလား"





"မကြိုက်ရင်လည်း မပြောတော့ပါဘူး။ ဒီနည်းနဲ့တော့ ပညာ မပေးပါနဲ့၊ မိတ်ဆွေကြီးရာ"

သို့ဖြင့် မကြာခင် အလှူအိမ်သို့ ရောက်ခဲ့သည်။ နှစ်ဆောင် အိမ်ကြီးရှေ့တွင် မြူးနွယ်ပန်းခက် ကနုတ်ကွက်များဖြင့် လက်စွမ်း ပြထားသည့် တရားနာ မဏ္ဍပ်ကြီးက ထည်ဝါခန့်ငြားလှသည်။

ထိုမဏ္ဍပ်ကြီးဘေးတွင် ထမင်းဟင်း မစားရသေးသူများ စောင့်စားနေထိုင်ရန် အရံမဏ္ဍပ်တစ်ခု၊ ထိုမှ ဘေးတွင် ထမင်း ကျွေးရုံ၊ အားလုံး စနစ်တကျ စီစဉ်ထားသည်။

"ထမင်းမစားရသေးသူများ ခင်ဗျာ၊ ဒီရုံမှာ အနားယူရင်း အလှည့်ကျ ထမင်းသုံးဆောင်ရန် စောင့်စားကြပါ။ ဘယ်သူမှ မစားရဘဲ အိမ်မပြန်ကြပါနဲ့ခင်ဗျ။ အားလုံးကျွေးပြီးမှ ထမင်းရုံ သိမ်းမှာ"

"ထမင်း စားပြီးရင် တရားနာလိုက ရှေ့မဏ္ဍပ်သွားပြီး အဖန်ရည်များ သုံးဆောင်၍ ဆရာတော်တရားဟောမည့် အချိန်ကို စောင့်နိုင်ကြပါတယ်"

အလှူပွဲ ကြည့်ကြပ်သူများကလည်း စနစ်တကျဖြစ်စေရန် မကြာခဏ အော်ဟစ်ပြောဆို နေရာချပေးနေသည်။

နဂုရှာသား ငါးယောက် ညှိခံမဏ္ဍပ်ရှေ့ရောက်သွားစဉ်



www.burmeseclassic.com

www.burmeseclassic.com



"ကြွပါခင်ဗျာ အခု ပေါ်ပင်တဲ့လူတွေက ဟိုဘက်မှာ ခင်ဗျ။ ဒီရွေ့က နှစ်သုတ်ခေါ်ပြီးရင် မိတ်ဆွေတို့အလှည့် ရောက်မှာပါ။ သိပ်မကြာပါဘူး"

နေရာချထားရေးအဖွဲ့ဝင်များက နဂ္ဂရှာသားတို့အား ပြောဆိုရှင်းပြပြီး နေရာချထားသည်။ သူတို့ငါးယောက် ရောနှောဝင်ထိုင်လိုက်ကြသည်။

"ဟော့ တို့မိတ်ဆွေကြီးလဲ ပါသဟ"

"ဟုတ်ပါ့ကွာ"

"သူ့နေရာကို ကြည့်စမ်း အနီးကလူ ဘယ်သူမှ သူ့ရှိနေကို မသိဘူး"

မှန်ပါသည်။ သူတို့ငါးယောက်အဘေးတွင် လူနှစ်ယောက်စာ အကျယ် လစ်ဟာနေသည်။ ထူးခြားသည်က ထိုကွက်လပ်အတွင်း မည်သူမျှ လာမထိုင်ကြ။

ထိုအချိန် ထမင်းစားရုံသို့ ဧည့်သည်များအား လှတ်ပေးသည့် ကြီးကြပ်သူလည်း ရုံးဝလာရပ်ရင်း

"ဧည့်သည်များကို ထမင်းစားရုံမှာ ထမင်းစားရန် လွှတ်ပေးပါ့မယ်။ စည်းကမ်းရှိရှိသွားပြီး စားသုံးကြပါ။

စောစောရောက်သူများ ထိုင်နေရာသို့ ထမင်းစားလွှတ်ပေးမည့်





ကြီးကြပ်သူ လျှောက်သွားသည်။ ထိုစဉ် သူ့အား တစ်ယောက်ယောက်က ဆွဲခေါ်လိုက်သည့်အလား နဂ္ဂရှာသားတစ်စု ထိုင်နေရာဘက်သို့ ရောက်လာသည်။

ထိုအဆွဲခံရသူလည်း ထမင်းစားရုံသို့ ထမင်းသွားစားမည့်လူ ရေတွက်၍ လွှတ်တော့သည်။

နဂ္ဂရှာသားများလည်း မိမိတို့အဖွဲ့ နောက်ကျမှရောက်ပြီး ရောက်ရောက်ခြင်း ထမင်းစားရုံသို့ ရောက်ခဲ့ကြသည်။

မောင်မင်းကြီးသား ကိုတစ္ဆေ ကျေးဇူးကြောင့်ပင် ဖြစ်မည်ဟု နဂ္ဂရှာသားတို့ သဘောပေါက်လိုက်သည်။

ထမင်းစားပွဲမှာ ပန်းကန်ခုနစ်ချပ်စီ ချထား၍ တစ်ဝိုင်းခုနစ်ယောက်စီ ဝင်ထိုင်ရမည်ဖြစ်သည်။ နဂ္ဂရှာသား ငါးယောက်ထိုင်သောဝိုင်းတွင် တစ်ခြားရွာသားတစ်ယောက်သာပါ၍ လူခြောက်ယောက် ထိုင်စားနေကြသည်။

နဂ္ဂရှာသားတို့ အမြင်မှာ လူခြောက်ယောက်သာမြင်၍ လွတ်နေသော နေရာကို လူထပ်မသွင်း ပန်းကန်ကိုလည်း ပြန်မယူ။

လူဟေ့အမြင်မှာ လူခုနစ်ယောက် ထိုင်စားနေသည်ကို မြင်ကြ၍ ပြဿနာ ဖြစ်မလာခြင်းဟု နဂ္ဂရှာသားတို့ တွေးထင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်စွတ်ကို နဂ္ဂါရှာသားတို့ မကျေနပ်ချင်သူတို့က ဘာကြောင့် မမြင်ရလဲဟု မေးချင်စိတ်က တဖွားဖွား ဖြစ်ပေါ်နေသည်။

ထမင်းပန်းကန်မှာ လူစားနေသည်သကဲ့သို့ တပြည်းပြည်း ကုန်စင်သွားသည်။ ထို့အတူ ဝက်သားနီချက်လည်း ထည့်မလောက် ငါးခြောက်ထောင်းကြော်၊ ကျောက်ဖရုံသီး၊ ချဉ်ပတ်ကြော်၊ ချဉ်ရည် ဟင်းတို့လည်း တစ်ပန်းကန်ပြီး တစ်ပန်းကန် ပြောင်စင်သွား သည်။

"တို့ဗိုင်းကိုတော့ ဝေသာလီပြည် ဘီလူးကျနေပြီလို့ ပြော ကြတော့မယ်"

"ငါ့ဖေတော့ ဟင်းပွဲလိုက်တဲ့ သူတွေကို မျက်နှာမော်မကြည့် ရဲတော့ဘူး"

"ဒီအလှူမှာ အရှက်တော့ ကွဲပါပြီ"

"ဖွတ်"

"ဟာ ... မင်းပါးစပ်ထဲက ထမင်းတွေ အပြင်ထွက်ကုန်ပြီ။ ဘယ်လို ဖြစ်ရတာလဲ"

"ငါ့ကို နရင်းအုပ်လိုက်တယ်ကွ"

ထိုအခါမှပင် တစ်ယောက်တစ်ပေါက် ပြောနေသော စကား တို့ ရပ်သွားတော့သည်။





ဟင်းလိုက်ပွဲချသူများ၊ ထမင်းလိုက်ဖြည့်သူများ သူတို့ထမင်း ဝိုင်းနားမှာများ ပျာပန်းခတ်မျှ ဖြစ်နေသည်။

ထူးခြားသည်က ဧည့်ခံကျွေးမွေးသူများ၏ ညည်းညူပြောဆို သံ လုံးဝမကြားရဘဲ လျော့သွားသမျှ ဖြည့်ပေးနေကြသည်။

"ငါမှတ်မိသမျှ ဝက်သားလိုက်ပွဲချည်း ဆယ်ပန်းကန် ရှိတယ်။

ငါးခြောက်ထောင်းကြော်က လေးပန်းကန်တိတိ အပြောင် စင်ပဲ"

"ထည့်ပြီးတဲ့ ပန်းကန်တွေ တစ်ခါတည်း ပြန်ယူသွားလို့ အရှက်မကွဲတာ။ နို့မို့ထမင်းစားပွဲပေါ်မှာ လိုက်ပွဲတွေ တောင်လို ပုံနေမှာ"

"မိတ်ဆွေကြီး ကျုပ်တို့တော့ ဗိုက်တင်းသွားပြီ ခင်ဗျား မသေးဘူးဆိုရင်လည်း ဆက်သာထိုင်နေတော့။ နောက်အသုတ် ဝိုင်းရင် စောင့်ပြီး စားလို့ရတယ်။ ကျုပ်တို့တော့ အဖန်ရည် သွားသောက်ပြီး လက်ဖက်လေး ဝါးလိုက်ဦးမယ်"

တိုးတိုးသာ့သာပြောဆိုပြီး နဂ္ဂါရှာသား ငါးယောက်တို့လည်း ထမင်းစားရုံမှ ထွက်ခဲ့ကြသည်။

"တရားမနာတော့ဘူး ဆိုမှတော့ ဝင်ထိုင်မနေတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရောက်တုန်းရောက်ခိုက် လှုဖေတို့အိမ် သွားလည်ရအောင်"

"လှုဖေလည်း အလှူမှာ လာပိုင်းကူနေလားမှ မသိတာ"

"ကဲပါဗျာ တရားမနာလည်း ခဏတဖြုတ် ထိုင်လို့ရ တယ်"

လက်ဖက်လေးစား ရေနွေးလေးသောက်ရအောင် လာမဏ္ဍပ် ထဲ ဝင်ထိုင်ကြမယ်။

"နဂူရွာသားတို့ တရားနာမဏ္ဍပ်အတွင်း ဝင်ခဲ့ကြသည်။ လူ အနည်းငယ်ချောင်သော နေရာရှာ၍ ဝင်ထိုင်ကြသည်။ ခဏ ကြာတော့ မိန်းကလေးတစ်ယောက် ရေနွေးကြမ်းနှင့် လက်ဖက် သုတ်ပွဲပါသော လင်ဘန်းတစ်ချပ် လာချပေးသည်။

ရေနွေးသုံးဆောင်ကြပါ။ လက်ဖက်လည်း စားကြပါ"

"တို့ မိတ်ဆွေကြီး ဒီနေရာကိုပါ မလာပါလား"

"သူက နာနာဘာဝ၊ ပရလောကသားမဟုတ်လား၊ ဒီမဏ္ဍပ် မှာက သံဃာစင်ရှိတယ်။ ဘုရားပွဲ သာသနာပွဲ၊ ရဟန္တာပွဲတွေ သူဝင်လို့ မရနိုင်ဘူး"

"အပြင်က သင့်တော်ရာမှာနေပြီး တရားနာချင်လည်း နာမှာ ပေါ့။ ဗိုက်ဝလို့ပြန်ရင်လည်း ပြန်သွားရောပေါ့"

"ပြန်မယ်တော့မထင်ဘူး။ ဒီတရားမနာဘဲ အပြန် ထန်းရည်





င်သောက်မယ်ဆိုလို့ ဒို့ကိုခေါ်တာ မင်းတို့အမြင်ပဲ မဟုတ် ား"

"ဟုတ်တယ် ဒီတို့ကိုလည်း အလှူလာတာ ... တရားနာ မှ ပြန်စေချင်လို့ဖြစ်မယ်"

"မင်းပြောတာနဲ့ ရွာထဲမသွားဖြစ်တော့ပဲ တရားပဲနာရမလို ်နေပြီ"

"ဒါ ကောင်းတဲ့အလုပ်ပဲကွ"

"တို့စားတဲ့ အလှူထမင်းအတွက်၊ အလှူရှင်လည်း ဒါန ကြာင်အောင် တို့လည်း ကုသိုလ်ရအောင် တရားနာပြီးမှ ပြန်ကြ ပေါ့"

"တရားပွဲပြီး ရွာပြန်ဖို့ အတော်ပဲ"

သို့ဖြင့် နဂူရွာသားငါးယောက်တို့လည်း ရှင်ပြုအလှူ တရား ကြရန် စကားပြောရင်း၊ ရေနွေးကြမ်းသောက်ရင်း၊ လက်ဖက် ရင်း စောင့်နေလိုက်ကြတော့သည်။

သူတို့ထင်သည့်အတိုင်း တစ္ဆေကြီးလည်း ခြံတွင်းသစ်ပင် ပေါ်မှာ တရားနာ အမျှဝေ သာဓုခေါ်ရန် စောင့်နေပါသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဦးကျော် ဇော်သိန်းခင်တို့လည်း သားဖြစ်သူအား ရှင်သာ မဏောအဖြစ် သွတ်သွင်းချီးမြှင့် လှူဒါန်းကြပြီး သကာလရွာဦ ကျောင်းမှာပင် ထားလေသည်။

ကိုရင်လေး၏ ဘွဲ့က ရှင်ကုမာရဖြစ်သည်။ ထိုကျောင်းတွ အမြဲလိုလို ရင်ဘတ်နာ ဝေဒနာခံစားနေရသော ဦးပဥ္ဇင်းတစ်ပါးမှ မျက်စိကွယ်လုနီးပါးမတတ် တိမ်စွဲကပ်ကာ မျက်စိနာနေသော ကိုရင်လေးတစ်ပါးတို့ သီတင်းသုံးလျက်ရှိသည်။

ဆရာဘုန်းတော်ကြီးသည် တပည့်များကိုလည်း သနားဂရုဏာ ရှိတော်မူသည့်အတိုင်း စိတ်မကြည်လင် အိပ်မပျော်နိုင် ရှိတော့သည်။

ဆေးဆရာလည်း စုံခဲ့ပြီ။ ရောဂါက အထူးသက်သာမလာ ခဲ့ချေ။ ဝေဒနာခံစားလျက်နှင့်ပင် တစ်ရက်ပြီးတစ်ရက် ကုန်လွန် လာခဲ့ရလေသည်။

ထိုသို့နေလာရင်း တစ်ညပ ကိုရင်လေးကုမာရ အိပ်ပေ ကျနေစဉ်။

"ကိုရင်လေး ... ကိုရင်လေး ... ထစမ်းပါဦး"

အိပ်မောကျနေသော ကိုရင်လေးကုမာရလည်း မထချ ထချင်နှင့် ထလိုက်ရသည်။

ကျောင်းရှိ ဦးပဥ္ဇင်းသော်လည်းကောင်း၊ ကိုရင်သော်လည်





ကောင်း လာနိုးသည်ဟု ထင်လိုက်သည်။

သို့သော် ကိုရင်ကုမာရမြင်လိုက်ရသည်က တစ်ခါမှ မမြင် ဖူးသည့် ဖိုးသူတော်တစ်ယောက် ဖြစ်နေသည်။

ထိုဖိုးသူတော်က နိုးလာပြီဖြစ်သော ကိုရင်လေးအား

"ကိုရင်လေးက အတော်အအိပ်ကြီးတာပဲ မနည်းထအောင် နိုးယူရတယ်"

"ကဲကဲ ပြီးမှ ပြန်အိပ်ချင်အိပ်၊ အခုတော့ ဦးသူတော် ပြောတာကို ကိုရင်လေး ... သေသေချာချာနားထောင်"

"ဒီမှာ ဆေးသုံးလုံး တွေ့ရဲ့မဟုတ်လား"

"တွေ့ပါတယ်"

"ဒီဆေးလုံးထဲက အကြီးဆုံးကို မိုက်အောင့် ရင်ဘတ်နာ နေတဲ့ ဦးပဥ္ဇင်းကို တိုက်ပါ"

"ဒီဆေးလုံးအလတ်ကို မျက်စိနာနေတဲ့ ကိုရင်ကို တိုက်ပါ"

"ဒီအသေးဆုံး ဆေးလုံးလေးကိုတော့ ကိုရင်လေး ကိုယ်တိုင် ဘးပါ"

"ကိုရင်လေး ဦးသူတော်ပြောတာ မှတ်မိလား။ အိပ်ချင်စိတ် တွေ များနေသလား"

"မှတ်မိပါတယ်ဗျ ... ဦးသူတော်ရ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဆေးလုံးအကြီးကို ရင်ဘတ်နာနေတဲ့ ဦးပဥ္စင်းကို တိုက်၊ ဒီအလတ်ဆေးလုံးကို မျက်စိနာနေတဲ့ ကိုရင်ကိုတိုက်၊ ဒီအသေး ဆုံး ဆေးလုံးလေးကို ကျုပ်သောက်ရမယ်ပေါ့ ဟုတ်လား"

"ဦးသူတော်အကြောင်း ကိုရင်လေးကို ပြောခဲ့ရဦးမယ်။ ဦးသူတော်က သံရည်ကျိုချောက်က တစ္ဆေကြီးပဲ ... ကိုရင် လေးရဲ့ ခမည်းတော် ကျေးဇူးကြောင့် အလှူမှာ တရားနာပြီး လိုလိုချင်ချင် သာဓုခေါ်ခဲ့တဲ့အတွက် အခုလိုအဆင့်မြင့်တဲ့ ဘုံကို ရောက်ရတာ"

"ဒါကြောင့် ကျေးဇူးဆပ်တဲ့အနေနဲ့ ဆေးသုံးလုံး လာပေး တာ။ ကိုရင်လေး ဒီဆေးလုံးလေးသောက်ပြီးရင် ကံသုံးပါး လုံခြုံအောင် ထိန်းသိမ်းပါ။

အမဲသား၊ ဝက်သား ရှောင်ပါ။ ငါးပါးသီလ လုံခြုံအောင် ထိန်းပါ။ ဒါဆိုရင် ကိုရင်လေး လူဝတ်ကြောင်ပဲဖြစ်ဖြစ်၊ သာသနာ ဝန်ထမ်းပဲဖြစ်ဖြစ် အားလုံးရဲ့ အထွတ်အထိပ်ကို ရောက်လိမ့်မယ်။

မိဘတွေအားကိုးတဲ့ သားကောင်းရတနာဖြစ်လိမ့်မယ်။ ကဲ ဖိုးသူတော်မှာတဲ့စကား သေချာမှတ်ပြီး လိုက်နာပေတော့ ... ဖိုးသူတော်သွားမယ် ... ကိုရင်လေး ပြန်အိပ်ချင်အိပ်တော့"





ဦးသူတော်ကြီး အနီးကထွက်သွားသည်နှင့် ကိုရင်လေးကုမာရ အိပ်ရာပေါ် ပြန်လှဲအိပ်လိုက်သည်။

* * *

မနက်လေးနာရီတိတိ

တုံ ... တုံ ... တုံ ... တုံ ...

အုံးမောင်းခေါက်သံက အိပ်မောကျနေသော ကိုရင်လေး ကုမာရ နားထဲသို့ စူးစူးရှရှ ဝင်လာသည်။

ထိုအသံစူးစူးက အိပ်မောကျနေသည့် ကိုရင်လေး ကုမာရ နားထဲသို့ စူးစူးရှရှ ဝင်လာသည်။

ထိုအသံစူးစူးက အိပ်မောကျနေသည့် ရဟန်း သံဃာ ကိုရင် ကျောင်းသားအားလုံး အိပ်မောကျနေရာမှ နိုးထစေသည်။

ကိုရင်ကုမာရလည်း အိပ်ရာက ထလိုက်သည်။

"ဟင် ငါ့လက်ထဲမှာ ဆေးလုံးလေးတွေ တကယ်ရှိနေတာ ပါလား။ ငါညက အိပ်မက် မက်တယ်ထင်ထားတာ ဆေးလုံးလေး တွေ တကယ်ရှိနေတာပဲ"

"မဖြစ်သေးဘူး ဆရာတော်ကို သွားလျှောက်ဦးမှ"

မျက်နှာအမြန်သစ်လိုက်သည်။

ထို့နောက် ဆေးသုံးလုံးကိုယူကာ ဆရာတော်သီတင်းသုံးရာ



www.burmeseclassic.com

www.burmeseclassic.com



အခန်းသို့ လာခဲ့သည်။

"ဟဲ့ မောင်ကိုငြင် ... ဘာယူနိုင်းလိုက်လို့လဲ"

"ဘာမှ မနိုင်းလိုက်ပါဘူး။ ဘုရားကပည့်တော် သရာတော်ကို လျှောက်တင်စရာရှိလို့ပါ"

"ကဲ ... ကဲ ... ဘာလျှောက်စရာရှိလို့လဲ"

"တပည့်တော် အိပ်ပျော်နေတုန်း ဘိုးသူတော်တစ်ယောက် ရောက်လာပါတယ် ဘုရား"

"အိပ်မက်ထဲမှာပေါ့ ဟုတ်လား"

"အိပ်မက်လို့ ထင်တာပါပဲဘုရား"

"တပည့်တော်ကို အိပ်ရာကထနိုင်းပြီး ဆေးသုံးလုံးပေးပါတယ်။ မှာစရာရှိတာ မှာပြီး ပြန်သွားတာပါပဲဘုရား"

"တပည့်တော်က အိပ်မက်လို့ထင်ပေမယ့် အိပ်ရာက နိုးတော့ လက်ထဲမှာ ဖိုးသူတော်ပေးတဲ့ ... ဆေးသုံးလုံးရှိနေပါတယ် ဘုရား ... ဒီဆေးသုံးလုံး ဖြစ်ပါတယ်ဘုရား"

"ဟင်း စိတ်ဝင်စားစရာပဲ၊ ဒီဆေးသုံးလုံးကို ဘယ်လိုသုံးရမလဲဆိုတာ ပြောသွားသေးလား"

"သေသေချာချာ ပြောသွားပါတယ်"

"အင်း ဆိုပါဦး"





"ဒီအကြီးဆုံးအလုံးက ဝမ်းဗိုက်နဲ့ပတ်သက်တဲ့ ရောဂါမှန်သမျှ ပျောက်တဲ့အတွက် လေထိုးလေအောင့်ဖြစ်နေတဲ့ ဦးပဉ္ဇင်းကြီးကို တိုက်ပါတဲ့"

"ဒီဆေးလုံးလေးက စက္ခုပသာဒဆေးဖြစ်တဲ့အတွက် မျက်စိရောဂါဖြစ်နေတဲ့ ကိုရင်လေးကို တိုက်ဖို့ မှာသွားပါတယ်ဘုရား"

ကျန်အသေးဆုံးလေးကိုတော့ တပည့်တော်ကို သောက်နိုင်းပါတယ် ဘုရား။

"အဲဒီဆေးက ဘာစွမ်းတယ်တဲ့လဲ"

"ဒီဆေးသောက်ပြီးရင် ကံသုံးပါး လုံခြုံရမယ်။ ငါးပါးသီလ စောင့်ထိန်းရမယ်။ ဝက်သား၊ အမဲသားရှောင်ရမယ်တဲ့။ ဒါဆို အရာရာ အောင်မြင်မယ်လို့ ပြောခဲ့ပါတယ်ဘုရား"

"ပြီးတော့ ဦးသူတော်က သံရည်ကျိုချောက်က အခြောက်ကြမ်းတဲ့ တစ္ဆေကြီး အလှူတာရားလာနာပြီး ဘုံမြင့်စံလိုက်ရလို့ ဦးသူတော်အဖြစ် ဖန်ဆင်းကာ ကျေးဇူးဆပ်တာလို့လည်း ပြောသွားပါတယ်ဘုရား"

"အင်း လူတွေကို အခြောက်အလှန့်ကြီးတဲ့ တစ္ဆေကြီး ကျွတ်သွား လွတ်သွားတာ ဝမ်းသာစရာပဲ ကဲ ... ကဲ ... ဒါဆို ကိုရင်နဲ့ ဦးပဉ္ဇင်းကို ခေါ်နိုင်းပြီး အမြန်ပဲ ဆေးတိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြရအောင်"

"ဆရာတော်လည်း အနီးအပါးသို့ ကြည့်လိုက်ရာ ဂန္ဓာကုဋိတိုက်အတွင်းရှိ ဘုရားသုံးဆူအား ဆွမ်းတော်ကပ်ရန် ပြင်ဆင်နေသော ကျောင်းသားနှစ်ယောက်ကို မြင်သဖြင့်"

မောင်ကျောင်းသား ဆွမ်းပန်းကန်တွေ သွားပြင်ရင်းနဲ့ နေမကောင်းတဲ့ ကိုရင်နဲ့ ဦးပဥ္စင်းကို ဆရာတော် ခေါ်နေတယ်လို့ အသံပြုလိုက်"

"တင့်ပါ့ဘုရား"

ကျောင်းသားလေး ထွက်သွားပြီး မကြာခင် ဦးပဥ္စင်းကြီးနှင့် ကိုရင်လေးတို့ ဆရာတော်အခန်းသို့ ရောက်လာကြသည်။

ဆရာတော်အား ဦးချလိုက်သည်။

"မိုက်နာရောဂါဘယ်သို့ ရှိလဲဘုရား"

"မထူးခြားပါဘူး ဆရာတော်ဘုရား"

'နံရိုးတွေကြားက နာလိုက်၊ ကျောပြင်က နာလိုက်၊ အစာအိမ်နဲ့ အူတွေထဲက စစ်စစ်ကိုက်လိုက် ညက တစ်ညလုံးနီးပါး ... အခံရ ဆိုးလွန်းလို့ မအိပ်ရသလောက်ပါပဲဘုရား"

"ကဲ ... ကဲ ... ဘာမှ စိုးရိမ်ပူပန်မနေကြနဲ့တော့။ ကာယ်မမယ့်သူက ပေါ်လာခဲ့ပြီ ယုံယုံကြည်ကြည် သောက်ဖို့ပဲ"





"ဦးပဥ္စင်းကြီးနဲ့ ကိုရင်လေးတို့အတွက် ဟောဒီ ကိုရင်လေး ကုမာရက ဆေးကုပေးမလို့တဲ့။ သူပေးမယ့်ဆေးကို ယူပြီး သောက်လိုက်ကြပေတော့"

ကိုရင်လေးပေးသော ဆေးဆို၍ ဦးပဥ္စင်းကြီးနှင့် မျက်စိနာနေသော ကိုရင်တို့ မသောက်ချင်သော်လည်း ဆရာတော်ကိုယ်တိုင်က သောက်ခိုင်းနေ၍ ကိုရင်လေး ပေးသောဆေးကို လှမ်းယူလိုက်သည်။

ဆေးက မည်းမည်း ရေနံချေးကို လုံးထားသလိုလို၊ ကြပ်ခိုးတွေကို ထမင်းရည်နှင့် နယ်ပြီး လုံးထားသလိုလို ကိုရင်ကုမာရက ဆရာတော်ကို မည်သို့သော လှိမ့်လုံးညာလုံးတွေဖြင့် အယုံသွင်းနိုင်ခဲ့သနည်း။

ရောဂါနှင့်ဆေး မတည့်၍ ဘူသော အပိုင်းပိုင်း ပြတ်ထွက်ကုန်လျှင် အခက်။ သို့သော် မအိပ်နိုင်၊ မစားနိုင် ခံစားရသော ရောဂါ၏ ဆိုးရွားပုံကို လက်တွေ့ခံစားသိပြီးပြီမို့ ဆေးမှား၍ တစ်ထိုင်တည်း သေသွားလျှင်လည်း သေပျော်သည်။

သို့ကြောင့်ကာမှ စဉ်းစားမနေတော့ဘဲ ရောဂါပျောက်လျှင်လည်း အမြတ်၊ သေလျှင်လည်း အမြတ်ဟု စိတ်ပိုင်းဖြတ်ကာ ရေတစ်ခွက်ခံပြီး ဖော့သောက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်စိနာနေသော ကိုရင်က ဆေး၏အရောင်အဆင်းကို မမြင်ရ။ သို့သော် ကိုရင်ကုမာရသည် ဆေးဆရာ မဟုတ်မှန်းတော့ သိသည်။ ဆရာတော်စကား မပယ်ရှားဝံ့၍ မသောက်ချင်သော်လည်း ဦးပဥ္စင်းပေးသော ရေခွက်ကိုယူကာ ဆေးကို သောက်ချလိုက်သည်။

"ကဲ ကိုရင်လေးလည်း လက်ထဲက ဆေးလုံးကို သောက်လိုက်ပေတော့"

ကိုရင်ကုမာရလည်း ရေတစ်ခွက်ခပ်ကာ ရေနှင့်အတူ ဆေးလုံးလေးကို သောက်လိုက်သည်။

ဦးပဥ္စင်းကြီးလည်း ထိုင်ရာမှ မထမိသေး။ စိတ်ထဲမှာ ထူးခြားသော ခံစားချက်တစ်ခုကို ခံစားရမိသလို ရှိလာသောကြောင့် သိလာသည်။ ဆရာတော်ခေါ်၍ လာစဉ်က ထိုင်မနေချင်၊ အိပ်ရာပေါ်မှာ လှဲနေချင်သည်။

ဆရာတော်ရှေ့မှ အမြန်ထသွားချင်နေမိခဲ့သည်။

ယခု နေရထိုင်ရ သက်သာသလိုလို ရှိလာသည်။ ဆရာတော်က အရိပ်အကဲ စောင့်ကြည့်နေပန်ရှိသည်။ မသွားနိုင်းသေး၊ ဦးပဥ္စင်းလည်း နေရထိုင်ရ သက်သာသလို ရှိလာသည်။





ထို့အတူ ကိုရင်လေးမှာလည်း မျက်လုံးကို တစ်ခုခုနှင့် ဖုံးကွယ်ထားသကဲ့သို့ဖြစ်ကာ မျက်ကြောများ တစစ်စစ်နှင့် နာကျင်ကိုက်ခဲနေခဲ့သည်။

ယခု ဆေးသောက်ပြီး မကြာခင် ထိုနာကျင်ကိုက်ခဲမှုများ ရော့နည်းလာသည်ကို သိသာစွာ ခံစားမိလာသည်နှင့် ငယ်ရွယ်သူပီပီ ဟန်မဆောင်နိုင်တော့။

"ဆရာတော် တပည့်တော်မျက်လုံး မနာတော့ဘူးဘုရား၊ ပြီးတော့ နည်းနည်း မြင်လာပါတယ်ဘုရား"

ဦးပဥ္စင်းကြီးကလည်း ဝမ်းသာသောအသံနှင့်

"တပည့်တော် ဗိုက်နာရောဂါလည်း သက်သာလာသလိုပါပဲဘုရား"

"ကဲကဲ ... ဦးပဥ္စင်းတို့ အခန်းပြန်ပြီး ခဏမျှ တုံးလုံးလှဲနေလိုက်ကြ၊ ဆေးစွမ်းရင် မကြာခင် အကျိုးအကြောင်း သိရမှာပ"

"ဆွမ်းစားလို့ ရရှင်လည်း ဆွမ်းစားဇရပ်ကို ကြွကြွလေတော့"

"တပည့်တော် အခန်းပြန်ပြီး ပြုနေဦးမယ်ဘုရား"

ကိုရင်လေးဟာ ကိုရင်ကုမာရကာ တွဲပြီး ဆွမ်းစားဇရပ်သို့ ထွက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရင်လေး ... ဆေး ဘယ်က ရတာလဲ"

"ကျေးဇူးသိတတ်သူဟစ်ယောက်ရဲ့ ကျေးဇူးဆပ်တဲ့ ဆေး ဆိုရင် ကိုရင်ယုံမှာလား"

"ဘယ်သူက ကျေးဇူးဆပ်တာလဲ"

"ကိုရင် ရှင်ပြုတဲ့နေ့က သံရည်ကျိုချောက်မှာနေတဲ့ သရဲ ကြီးကို ကိုရင်ရဲ့ ခမည်းတော်က အလှူဖိတ်လို့ အလှူမှာ လာစား ရင်း တရားနာခဲ့တယ်"

"အမှုဝေတော့လည်း သာဓုခေါ်လိုက်ရတဲ့ အကျိုးကျေးဇူး ကြောင့် အဆင့်မြင့်တဲ့ ဘုံကို ကူးပြောင်းရရှိခဲ့တယ်တဲ့"

"အဲဒါကြောင့် ကျေးဇူးတင်ပြီး ကိုရင်တို့ ဝေဒနာလည်း ကုပေးပြီး ကပည့်တော်ကိုလည်း ဆေးပေးခဲ့တာပါ"

"ဒါဆို သံရည်ကျိုချောက်မှာ အခြောက်ကြမ်းတဲ့ သရဲကြီး မရှိတော့ဘူးပေါ့"

"မရှိတော့ပါဘူး ကျွတ်လွတ်သွားပါပြီ"

သရဲကြီးမရှိတော့ဘူးဆိုတော့ ဒီအနီးနားရွာကလူတွေ စိတ် ချမ်းသာစွာနဲ့ သွားလာနိုင်ကြပြီပေါ့"

နောက်နေ့ရောက်သည်နှင့် ဝမ်းသာစရာ သတင်းစကား ကြားရသည်။ ဆေးဝါးမျိုးစုံ သောက်၍ မပျောက်သော ဦးပဥ္စင်းကြီး





၏ နာရောဂါလည်း ကိုရင်ကုမာရပေးသော ဆေးတစ်လုံးတည်းနှင့် ပျောက်သလို ပျောက်သွားခဲ့သည်။

မျက်စိရောဂါဖြစ်နေသော ကိုရင်သည်လည်း အကောင်းပကတိ ချမ်းသာမှုကို ရရှိခဲ့လေသည်။

အလှူသွားစားခဲ့သည့် တစ္ဆေကြီးကြောင့် လူတွေ ဒုက္ခရောက် ကြောက်လန့်ခဲ့ကြသလို ...

ကိုတစ္ဆေကြီးကြောင့်လည်း လူတချို့ ဝေဒနာဆိုးများ ပျောက် ကင်းချမ်းသာခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# ဘောက်ချောင်း ဗိုလ်တစ်ကြီး

မှန်နန်းရာဇဝင်တော်ကြီးသည် ဘောက်ချောင်းဗိုလ် သေလွန်
ပြီးနောက် တစ္ဆေဘဝနှင့် အမှုတော်ထမ်း ပြုလုပ်ကာ အတ္တဘော
ရုပ်ကို မပြဘဲ ဘွဲ့တံဆိပ်နှင့် ခန့်စာကို ဆွဲယူသွားကြောင်း
ထင်ရှား ရှိခဲ့ပါသည်။

နောင်တော်မင်းတရားကြီးတွင် အားကိုးအားထား ပြုရသော
ဥဒိန်ကျော်ခေါင်သည် တိုက်ပွဲတစ်ခုတွင် ဘုရင့်အမိန့်အရ ရန်သူ
များကို ရဲရဲဝံ့ဝံ့ တိုက်ခိုက်ခဲ့သည်။

ရန်သူများလည်း အတုံးအရုံး ကျဆုံးသွားခဲ့သည်။ တိုက်ပွဲမှာ
လူအင်အားနည်းသော်လည်း နောက်မဆုတ်စတမ်း ရှုံ့ရှုံ့ချွန်ချွန်
တိုက်ပွဲအောင်နိုင်ရေးသည်သာ ရည်မှန်းချက်ဖြစ်သည်။





အသက်သွေးချွေးပေးဆပ်ပြီး တိုက်ပွဲဝင်ခဲ့သည့်အတွက်
တိုက်ပွဲနိုင်ခဲ့ပါသည်။

တိုက်ပွဲကို ဦးဆောင်သူ ဥဒိန်ကျော်ခေါင်နှင့်အတူ တိုက်ပွဲ
ဝင်ရဲမက် သုံးပုံနှစ်ပုံခန့် ကျဆုံးခဲ့ရသည်။

စစ်ပွဲအောင်နိုင်ကြောင်း မင်းကြီးအား လျှောက်တင်ကြသည့်
အခါ အသက်ရှင် ပြန်ရောက်လာသူ ရဲမက်များအား ဆုတော်လာဘ်
တော်များ ချီးမြှင့်ခဲ့ပါသည်။

ထိုတိုက်ပွဲမှာ ငယ်ကျွန်ကြီး ဥဒိန်ကျော်ခေါင် ကျဆုံးသွား
သည့်အတွက် နောင်တော်မင်းတရားကြီးလည်း စိတ်မကောင်းရုံမှ
လွဲကာ ဘာမှမတတ်နိုင်ခဲ့။

လူ့ဘဝတွင် အသက်ထင်ရှားရှိစဉ် စစ်မှုထမ်းကောင်းခဲ့သူ
ဥဒိန်ကျော်ခေါင်(ခေါ်)ဘောက်ချောင်းဗိုလ်သည် သေလွန်ပြီးသော်လည်း
ဝေးတစ်နေရာကို မထွက်နိုင်ဘဲ မိမိတာဝန်ထမ်းဆောင်ခဲ့ရာသို့
စိတ်ဆန္ဒကြီးစွာ အစွဲပိုလျက်နှင့် ပြန်ရောက်လာခဲ့သည်။

နန်းတော်တွင် ညအချိန် မင်းတရားကြီး စက်တော်ခေါ်နေစဉ်
ဘောက်ချောင်းဗိုလ်လည်း မင်းကြီး၏ စက်ရာဆောင်အတွင်း ရောက်
သည်။

"အင်း ငါ့မှာတော့ အသက်စွန့်ပြီး တိုက်ပွဲတွေ ဝင်ခဲ့တာပဲ



www.burmeseclassic.com

www.burmeseclassic.com



ငါ့သခင် … ငါ့အရှင် ဘုရင်ကြီးကတော့ တခေါ်ခေါ်နှင့် အိပ်လို့ ပျော်နေလိုက်တာ”

“အေးလေ … ငါတို့က ရန်သူတွေကို ရှံ့ရှံ့ချွန်ချွန် တိုက် ပေးခဲ့တော့ အပြင်ရန်ငြိမ်းအေးပြီး စိတ်ချမ်းသာ ကိုယ်ချမ်းသာ စွာနဲ့ စက်တော်ခေါ်နေနိုင်တာပဲ”

“မဖြစ်သေးပါဘူး၊ ငါရောက်နေတယ်ဆိုတာ သိရအောင် ဘုရင်မင်းမြတ်ကို နှိုးပြီး အသိပေးမှဖြစ်မယ်”

ဘတ်ချောင်းဗိုလ်လည်း အချိန်မဆိုင်းဘဲ စက်တော်ခေါ်နေ သော နောင်တော်မင်းတရားကြီးအား ခြေတော်ကို လှုပ်ပြီး နှိုး လိုက်သည်။

“ဟဲ … ဟဲ … ငါ့ကို ဘယ်သူ နှိုးကာလဲ”

“ကျွန်တော်မျိုးပါ”

နောင်တော်ကြီးမင်းတရားလည်း စက်ရာဆောင်အထိ မည်သူ က ဝင်ခွင့်ပေး၍ ယခုကဲ့သို့ လာရောက် အနှောင့်အယှက်ပေး သနည်းဟု စိတ်တော်ခုပြီး သလွန်ပေါ်မှ ထလိုက်သည်။

လူဟူ၍ မည်သူကိုမှ မတွေ့။

“စောစောက ငါ့ကို ဘယ်သူလာနှိုးတာလဲ အခု ဘယ်ရောက် သွားပြီလဲ”





“ကျွန်တော်မျိုး အရှင်မင်းကြီးရှေ့မှာ ရှိပါတယ်”

အသံကိုသာ ကြားရပြီး လူမမြင်သဖြင့် မင်းတရားကြီး မျက်လုံး ပြူးသွားသည်။

“ငါ့ရှေ့ရှိတယ်ဆိုပြီး၊ ငါလည်း မမြင်ပါလား။ ဘယ်မှာလဲ၊ ဘယ်သူလဲ”

“ကျွန်တော်မျိုးက အရှင်မင်းတရားကြီးရဲ့ ကျွန်တော်ရင်း ဘတ်ချောင်းဗိုလ် ဥဒိန်ကျော်ခေါင်ပါ အရှင်မင်းကြီး”

“ဟာ … ဘတ်ချောင်းဗိုလ် ဥဒိန်ကျော်ခေါင် တိုက်ပွဲမှာ ကျသွားပြီဆို”

“မှန်လှပါ … တိုက်ပွဲမှာ ရန်သူရဲ့ လှံချက်ထိပြီး အသက် သေဆုံးခဲ့ပါပြီ။ [illegible]ပမယ့် ကျွန်တော်မျိုး အရှင်ရဲ့ သစ္စာကို ကျိုး အမှုထမ်းရတာ မဝသေးဘူး။ သေလွန်ပြီးသော်လည်း ရောက် ရာဘဝမှာပဲ အမှုတော်ကို သက်ဆက်ထမ်းခွင့် ပြုတော်မူပါ”

“မောင်မင်း အမှုတော်ထမ်းနိုင်လို့လား”

“ဝိညာဉ်လည်း ဝိညာဉ်အလျောက်၊ အရှင်မင်းကြီးကို မကောင်း ကြံစည်မည့်သူတွေ၊ ကျွန်တော်မျိုးအား သူတို့မမြင်စေဘဲ သူတို့ရဲ့ အကြံဉီးစွာ သိရှိနိုင်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com



"အရှင်မင်းကြီးအနား မည်သည့်ရန်သူမှ မကပ်နိုင်အောင် စွမ်းစွမ်းတမံ အမှုတော်ထမ်းရွက်ပါ့မယ်"

"ကောင်းလှပြီ၊ မောင်မင်းဆန္ဒရှိတယ်ဆိုရင် ငါ့ကိုယ်တော်ရဲ့ လေသာဆောင်မှာ အစောင့်အဖြစ် အမှုတော်ထမ်းရွက်ရမယ်"

"ဝမ်းမြောက်စွာနဲ့ တာဝန်ကျေပွန်အောင် အမှုတော် ထမ်းရွက်ပါ့မယ်ဘုရား"

"ကဲ ဒါဆို ... တာဝန်ထမ်းဆောင်ဖို့ သွားပေတော့၊ ငါ ကိုယ်တော် စက်တော် ပြန်ခေါ်လိုက်ဦးမယ်"

နောင်တော်မင်းတရားကြီးလည်း သလွန်ညောင်စောင်းပေါ် ပြန်၍ လဲလျောင်းကာ စက်တော်ခေါ်တော်မူလေသည်။

× × × × ×

ထို့နောက် မကြာခင်တစ်ရက်၌ အဝမြို့မှ မုတ္တမသို့ စေလွှတ် လိုက်သော မြင်းသည်ကျော် သားနှင့်ရွှန်း အချိန်နှင့်အညီ အဝမြို့သို့ ပြန်ရောက်ရမည်ဖြစ်ပါသော်လည်း ပြန်မရောက်နိုင်၍ ခရီးမကြာသင့်ဘဲ ကြာနေသည့်အတွက် မင်းကြီးလည်း သတင်းစကားကို သိလိုလှပြီ။ သို့ကြောင့် အဆောင်စောင့် ဘာတ် ချောင်းဗိုလ်တစ္ဆေကို ခေါ်လိုက်သည်။





"မောင်မင်းမုတ္တမသို့ လွှတ်လိုက်တဲ့ သားနဲ့ရွှန်းတို့ လမ်းခရီးအခြေအနေ ဘယ်လိုရှိလဲဆိုတာကို မောင်မင်းလိုက်ပြီး ကြည့်ချေ"

ဘာတ်ချောင်းဗိုလ်တစ္ဆေလည်း

"အရှင်မင်းကြီးနိုင်းစေသည့်အတိုင်း အမြန်သွားလိုက်ပါ့မယ်၊ စိတ်ချမ်းသာစွာနဲ့ စံနေရစ်ပါ"

ထိုသို့ မနက်စောစောပိုင်းမှာ မင်းကြီးစေခိုင်းသဖြင့် နန်းတော်မှ အလျင်အမြန် ထွက်ခဲ့သည်။

ေ..င်ပူမြို့အနီး ခပေါင်းချောင်းထိပ်တွင်ရှိသော မန်ကျည်း ပင် ကြီးအောက်၌ ဒ..ားအသောက် ချက်ပြုတ်နေသော သားနှင့် ရွှန်းကို လှမ်းတွေ့လိုက်သည်။

ဘာတ်ချောင်းဗိုလ်လည်း ထိုသူတို့အရိပ် ခိုနားနေသော မန်ကျည်းပင်အပေါ်သို့ တက်လိုက်သည်။

အံကိုင်းခြောက်တစ်ကိုင်းကို ချိုးပြီး သားကျောကုန်းပေါ်သို့ ပစ်ချလိုက်သည်။

"ဘုတ်"

"အမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဗျို့ ကိုရင်ရွှန်း ကျုပ်ကျောကုန်းကို ဒီသစ်ကိုင်းခြောက်နဲ့ ပစ်လိုက်သေးလား"

"ဟာ ကြံကြီးစည်ရာ ကိုရင်သားရာ၊ မီးမတောက်လို့ ကုန်းမှုတ်နေတာ ဖင်လိပ်ခေါင်းထွက်တော့မယ်"

"ခင်ဗျား မပစ်ရင်လဲ ပြီးရော၊ သစ်ကိုင်းကျိုးကျတာပဲ ဖြစ်မယ်"

"ကျုပ် ဘာစိုင်းကူညီပေးရမလဲ"

"ဟာ ရပါတယ် ... ထမင်းအိုးကျက်ရင် စားလို့ ရပါပြီ"

"ဘုတ်"

"အားလားလား"

"ဘာဖြစ်တာလဲ ကိုရင်ရွှန်း"

"ကျုပ်ကျောပေါ်ကို သစ်ကိုင်းကျလို့"

"ကျုပ်လုပ်တာ မဟုတ်ဘူးနော်"

"ခင်ဗျား မလုပ်တာ၊ ကျုပ်သိပါတယ်၊ အပင်ပေါ်က ကျ လာတာ မျက်လုံးထဲမှာ ရိပ်ခနဲ မြင်လိုက်တယ်"

ထိုစဉ် သစ်ပင်ပေါ်မှ ဘာတ်ချောင်းဗိုလ်သရဲလည်း မန်ကျည်း ကိုင်း အသေးလေးများကို တဖြောင်းဖြောင်းမြည်အောင် ချိုးဖဲ့ရင်း အောက်သို့ ပစ်ချလိုက်သည်။





"အမလေး ... သစ်ပင်ပေါ်မှ သရဲရှိတယ်ဗျို့"

"ဟာ ... သရဲ"

သားနှင့် ရွှန်းလည်း ငယ်သံပါအောင် ကြောက်လန့် အော်ဟစ်ရင်း အပြင်သို့ ပြေးထွက်သွားသည်။

အတော်လေးကြာမှ ထမင်းဟင်းချက်သည့်နေရာသို့ မရဲတရဲ ပြန်လာကာ မြင်းများချည်ထားရာ သယ်သွားပြီး စားသောက် ဗိုက်ဖြည့်ကြရတော့သည်။

"ကောက်သရဲရှိတဲ့ အပင်အောက်မှ ငင်နားမိရတယ် ကံ သီလို့"

ထိုအချိန်တွင် ဘာတ်ချောင်းဗိုလ်တာဆွေကြီးလည်း နန်းတော်သို့ ပြန်ခဲ့ပြီဖြစ်သည်။

ညနေပိုင်း နေမစောင်းခင်ပင် ဘာတ်ချောင်းဗိုလ်တာဆွေလည်း မင်းကြီးရှေ့မှောက် ပြန်ရောက်လာခဲ့သည်။

"အရှင်မင်းကြီး ဘာမှ စိုးရိမ်တော် မမူပါနှင့်၊ အရေးအကြောင်း ကိစ္စ အထူးမရှိပါ။ အေးချမ်းစွာနဲ့ ရွှန်းနဲ့ သားတို့ ပြန်လာ နေကြပါပြီ။ လမ်းတွင် တွေ့ခဲ့ပါသည်။

"မနက်ဖြန် ပြန်ရောက်မည် ထင်ပါသည် အရှင်မင်းကြီး"

"မောင်မင်း ... သူတို့နောက်ကို လိုက်လာတာ ရှိတို့



www.burmeseclassic.com

www.burmeseclassic.com



သိပါ့မလား''

"ကျွန်တော်မျိုး သူတို့ထမင်းချက်တဲ့အပေါ် မန်ကျည်းအကိုင်းတွေ ချိုးချလိုက်လို့ သရဲခြောက်တယ်ဆိုပြီး လန့်ပြီး ထွက်ပြေးကြပါတယ်ဘုရား''

"အင်း ... မင်းပြောတော့လည်း ငါ ယုံရတော့မှာပေါ့ ဥဒိန်ကျော်ခေါင်''

ထိုမျှသာ မိန့်သည်။ ဥဒိန်ကျော်ခေါင် တင်လျှောက်သည့် စကားကို သိပ်မယုံချင်။

အရှင်မင်းကြီး ဘာမှ ဆက်မမိန့်သဖြင့် ဥဒိန်ကျော်ခေါင်လည်း အရှင်မင်းကြီးအပါးက ထွက်ခဲ့သည်။

× × × × ×

နောက်နေ့ နေခင်းအရောက်မှာ မြင်းသည်ကျော် သောနှင့် ရွှန်းတို့ နန်းတော်သို့ ပြန်ရောက်လာကြသည်။

ခရီးရောက်မဆိုက် အရှင်မင်းကြီးအား ခိုင်းစေသည့်တာဝန် ကျေပွန်စွာ ထမ်းဆောင်ပြီး ကြောင်း တင်လျှောက်သည်။

သောနှင့် ရွှန်းတို့၏ လျှောက်တင်ချက်ကို သဘောကျနှစ်မြို့တော်မူသဖြင့် ဆုလာဘ်ချီးမြှင့်တော်မူသည်။





ထို့နောက် သောနှင့်ရွှန်းတို့အား လမ်းခရီး အတွေ့အကြုံများကို စုံစမ်းကြည့်ရာ ခပေါင်းချောင်းမှာ နေ့လည်စာ ချက်ပြုတ်နေစဉ် သရဲအခြောက်ခံခဲ့ရပုံကို မင်းကြီးအား ပြန်လည်လျှောက်ထားခဲ့သည်။

ထိုစကားကြားတော့ မင်းကြီး ပြုံးတော်မူလိုက်ကာ ဘောက်ချောင်းဗိုလ်တစ္ဆေ၏ စကားကို ယုံကြည်တော်မူခဲ့လေသည်။

ထိုသို့ အကြိမ်ကြိမ် အရေးကြီးသည်ရော အရေးမကြီးသည့် ကိစ္စမျိုးစုံ တာဝန်ကျေပွန်စွာ အမှုတော် ထမ်းခဲ့သည်။

တစ်နေ့ ဘောက်ချောင်းဗိုလ်တစ္ဆေက အရှင်မင်းကြီး စက်တော်ဆောင်မှာ စံနေစဉ် ရောက်ရှိလာပြီး

"အရှင်မင်းကြီး ကျွန်တော်မျိုး လူဖြစ်စဉ်က ဥဒိန်ကျော်ခေါင်တဖြစ် အသက်သေဆုံးသည်အထိ အမှုတော် ထမ်းရွက်ခဲ့ပါသည်ဘုရား''

"အခု သေလွန်ပြီးနောက် အရှင်မင်းကြီး၏ ဘုန်းရိပ်မှ မခွာလိုသောဆန္ဒကြောင့် အရှင်မင်းကြီးထံ အမှုတော်ကို သစ္စာရှိစွာ ထမ်းဆောင်ခဲ့ပါသည်''

"သို့ဖြစ်ခြင်းကြောင့် ကျွန်တော်မျိုး ဘောက်ချောင်းဗိုလ်တစ္ဆေကောင်အား ဘွဲ့တံဆိပ်ပြားတစ်ခု ချီးမြှင့်ပေးအပ်တော်မူပါ အရှင်



www.burmeseclassic.com

မင်းကြီးဘုရား"

ဒါဆို မောင်မင်းအား တံဆိပ်တော် ငါကိုယ်တော်မြတ် ချီးမြှင့်သည့်အခါ ကိုယ်ထင်ပြ၍ တံဆိပ်တော်ကို ယူရမယ် ဖြစ်နိုင်ပါ့သလား ဥဒိန်ကျော်ခေါင်"

"ကျွန်တော်မျိုး ကိုယ်တင်ပြလျှင် ရုပ်သဏ္ဍာန်ဆိုးဝါး၍ ကြောက်ရွံ့ဖွယ်ဖြစ်ခြင်းကြောင့် မတင့်တယ်သဖြင့် မပြဝံ့ပါ"

"အိမ်း အမြင့် ရှိစေတော့"

ထို့နောက် မင်းတရားကြီးလည်း ဥဒိန်ကျော်ခေါင်၏ ဂုဏ်ထင်းကောင်းဘွဲ့တံဆိပ်တော် ပေးအပ်ရန် စီစဉ်လေသည်။

"ဇဝနယက္ခကျော်ခေါင်"ဟူသော ဘွဲ့တော်ကို ရွှေပြားတွင် ရေး၍ မင်းတရားကြီး၏ရှေ့တော်ရှိ ကလပ်ပေါ်တွင် တင်ထားလေသည်"

"ကဲ ဥဒိန်ကျော်ခေါင် မောင်မင်းအတွက် ငါကိုယ်တော်က "ဇဝနယက္ခကျော်ခေါင်"ဆိုပြီး ဘွဲ့တံဆိပ် ပေးသနားတော်မူမယ်။ သင်ကိုယ်တိုင်လာပြီး ဘွဲ့တံဆိပ်တော်ကို ယူနိုင်ပါပြီ"

ဘုရင်မင်းတရားကြီး အမိန့်တော်ရှိလိုက်သည်နှင့် ကလပ်အတွင်းမှ ရွှေပြားအား ယူသွားသည်ကို ဘုရင်မင်းမြတ်နှင့်တကွ မှူးမတ်ဗိုလ်ပါအားလုံး မြင်လိုက်ကြသည်။





ထိုရွှေပြားတံဆိပ်ကို သူတာဝန်ကျရာ ပေသာသဆောင်း၏ အပေါ်ထုတ်တန်းတွင် ချိတ်ထားလိုက်သည်ကို အားလုံးမြင်ကြရသည်။

ထိုကဲ့သို့ ရှေးဘုရင်နောင်တော်ကြီးမင်းလက်ထက်တွင် တစ္ဆေသရဲဖြစ်သွားသော ဥဒိန်ကျော်ခေါင်(ခေါ်)ဘာတ်ချောင်းဗိုလ် အမှုတော်ကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြောင်း မှန်နန်းရာဇဝင်တော်ကြီးတွင် ရေးသားထားလေသည်။

www.burmeseclassic.com

# လောင်မီးလက်နက်

ဒေါ်မြရီတစ်ယောက် ဈေးထဲမှာ လိုအပ်သည်များ ဝယ်ခြမ်းပြီးပြီမို့ အိမ်သို့ပြန်လာခဲ့သည်။

အိမ်မှာ မည်သူမှ မရှိ၊ သားကြီးက အလုပ်သွားသည်။ သမီးလတ်နှင့်သားငယ်က ကျောင်းသွားပြီး ခင်ပွန်းဖြစ်သူ ဦးတင်စိုးက ပန်းရံအလုပ် သွားလုပ်သည်။

ဈေးမှ ပြန်ရောက်ပြီမို့ အိမ်တံခါးကို သော့ဖွင့်၍ ဝင်လိုက်သည်။

"အမလေး"





ဒေါ်မြရီလည်း ထိတ်လန့်တကြား အော်ဟစ်ပိုက်ရာ လက်ထဲမှ ဈေးခြင်းတောင်းပင် လွတ်ကျသွားရသည်။

"မီး … မီး … အိမ်ထဲမှာ မီးလောင်နေလို့ လာကြပါဦးရှင်"

ဒေါ်မြရီ၏ အထိတ်တလန့် အော်သံကြောင့် အနီးရှိ ခြံတို့မှ လူတစ်ချို့ အပြေးအလွှား ရောက်လာကြသည်။

"ဘယ်မှာလဲ မီး"

"ဟိုစားပွဲပေါ်က စာအုပ်တွေ မီးလောင်နေတာ"

ဒေါ်မြရီက ခြံထဲဝင်လာသူများကို အိမ်တံခါးပေါက်မှ နေ၍ စားပွဲပေါ်ကို လက်ညှိုးညွှန်ပြလိုက်စဉ် မီးက မရှိတော့။

"ဟင်"

"စောစောက တဟုန်းဟုန်း လောင်နေပါတယ်"

အိမ်ပေါ်သို့ လူသုံးယောက် ရောက်လာသည်။

"ဟုတ်တယ်၊ စာအုပ်တွေ မီးလောင်ပြာကျသွားပြီး စားပွဲကို မီးမကူးဘူး"

"အဒေါ် မီးငြိမ်းလိုက်တာလား"

"အဒေါ်က တံခါးဝမှာပဲ ရှိသေးတယ်။ မီးတဟုန်းဟုန်းတောက်နေလို့ လှမ်းအော်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့၊ စာအုပ်ပဲ လောင်သွားလို့"

"စာအုပ်သုံးလေးအုပ်လောင်တဲ့ မီးအရှိန်နဲ့ဆို ဒီကျွန်းသား စားပွဲပါ ဆက်လောင်ရမှာ အခု ... မီးလုံးဝမကျွမ်းဘဲ ငြိမ်းသွားတယ် အံ့ရော"

သူတို့အားလုံး စားပွဲပေါ်မှစာအုပ် မီးလောင်ပုံ ထူးသန်းမှုကို ဝေဖန်နေစဉ်

"ဟာ ... ဟိုမှာ ... မီး ... ဟ မီးလောင်နေတယ်"

ကြိုးတန်းမှာ တကျီချိတ်ဖြင့် ချိတ်ထားသော အမျိုးသမီး အင်္ကျီတစ်ထည် မီးလောင်သွားသည်ကို တွေ့လိုက်ကြသည်။

အင်္ကျီကို မီးကုန်အောင်လောင်ပြီး အောက်ပြုတ်ကျသွားသည်။

ထူးဆန်းသည်က ထိုအင်္ကျီတစ်ထည်သာ မီးလောင်ကျွမ်း သူနှင့် ကပ်လျက်ရှိသည့် အခြားအဝတ်အထည်များကို လုံးဝ မီးမကူး။ မစွဲလောင်ခြင်းပင်။

"ဟာ ... ဒီ ... ဒါ ရိုးရိုးမီးမဟုတ်ဘူး။ အောက်လမ်း နည်းနဲ့ ပြုစားတာဖြစ်မယ်"

"ဘယ်လို ဖြစ်ရတာလဲ တော်တော်ထူးဆန်းတယ်"

"အဒေါ်လဲ မရှင်းပြတတ်အောင်ပါပဲ"

"အဒေါ်တို့မိသားစုနဲ့ မတည့်တဲ့ တစ်ယောက်ယောက်က





သတိပေးတဲ့အနေနဲ့ လုပ်တာများလား"

"အဒေါ်နဲ့ မတည့်တဲ့လူ၊ ရန်ဖြစ်ထားတဲ့လူ၊ ငွေအရှုပ်အရှင်း ရှိတဲ့လူ တစ်ယောက်မှ မရှိပါဘူး ... မင်းတို့ဦးလေးလည်း မနက်အလုပ်သွား ညနေအလုပ်ကပြန် ရန်ဖြစ်စကားများရမယ့် အချိန်လည်း မရှိပါဘူး"

"ထူးတော့ ထူးဆန်းတယ်"

"ဟာ လောင်ပြန်ပြီး လောင်ပြန်ပြီး ဟိုမှာ မီးဖိုထဲက လက်နှီးလားမသိဘူး၊ လောင်နေတယ်"

မီးက ဟုတ်ခနဲ ထလောင်ပြီး အနီးက ပစ္စည်းကိုလည်း ကူးစက်မလောင်ကျွမ်းဘဲ ဟိုနားတစ်ခု ဒီနားတစ်ခု လျှောက်လောင်နေတယ်။

"ဒီမျိုး ကြုံလည်း မကြုံဖူးဘူး၊ ကြားလည်း မကြားဖူးဘူး။ တော်တော် ထူးဆန်းတယ်"

တစ်ယောက်စကား တစ်ယောက်ကြားပြီး အိမ်မှာ လူများ ရုတ်ရုတ် ရုတ်ရုတ်ဖြစ်လာသည်။

လူများလာတော့ ... မီးလောင်ခြင်းက အကြိမ်ရေ နည်းသွားသည်။

လမ်းလူကြီးများလည်း ရောက်လာပြီး စူးစမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မလောင်တော့ဘူး၊ ကျေနပ်သွားပြီနဲ့တူတယ်။ အချိန်နည်းနည်း ကြာသွားပြီ"

ထူးဆန်းမှုကို လက်တွေ့မြင်လိုက်ရသော လူများလည်း မိမိတို့မြင်လိုက်ရသည်များကို နောက်မှ ရောက်လာသူများအား တအံ့တဩ ပြောပြကြသည်။

မြင်လိုက်ရသူများက ထပ်မစောင့်နိုင်၍ ပြန်ကြသော်လည်း မမြင်လိုက်ရသူများက ဇွဲကောင်းကောင်းနှင့် စောင့်ကြည့်နေကြသည်။

"ဒါ လူကြီးတွေ ပြောပြောနေတဲ့ လောင်မီးကျတယ်ဆိုတာများလား"

"ပုဏ္ဏကတိုက်တာလည်း ဖြစ်နိုင်တာပဲ"

"တို့ ဒီအသက်အရွယ်ထိ တစ်ကြိမ်တစ်ခါမှ မကြုံဖူးသေးဘူး"

နေ့ခင်းထမင်းစားချိန်ရောက်ပြီဖြစ်သဖြင့် မစောင့်နိုင်သူများ ပြန်ကုန်ပြီ။

အနီးနားရှိ ရင်းနှီးသူ သုံးလေးယောက်သာ ကျန်တော့သည်။

"အဒေါ်မြရီ ... ထမင်းဟင်း မချက်ရသေးဘူး မဟုတ်လား ... ထမင်းဟင်းချက်စရာရှိကာ ချက်လိုက်ဦး၊ ကျွန်မတို့ ပြန်လိုက်ဦးမယ်"

"မနက်စာ ချက်စရာ မလိုတော့ပါဘူး၊ အလုပ်သမားနဲ့ ကျောင်းသားတွေရှိလို့ ညကတည်းက ဟင်းချက်ထားပြီး မနက်ထမင်းတစ်အိုးချက်ထားလို့ မနက်စာ ချက်စရာ မလိုတော့ဘူး"

"ညစာကိုတော့ ညနေ သုံးနာရီလောက်မှ ချက်တော့မယ်"

"ဒါဆို ကျွန်တော်တို့လည်း ပြန်လိုက်ဦးမယ်၊ မီးလည်း မလောင်တော့ဘူးဆိုတော့ စိုးရိမ်စရာ မရှိတော့ပါဘူး"

အားလုံး ပြန်သွားကြပြီ။

ဒေါ်မြရီလည်း ဈေးခြင်းတောင်းကို သိမ်းရန် ခြင်းတောင်းဆွဲ၍ မီးဖိုတွင်း ဝင်ခဲ့သည်။

"အမလေး"

ကြက်သွန်နီ ကြက်သွန်ဖြူ ထည့်ထားသော ပလတ်စတစ်ခြင်း မီးထလောင်သည်ကို တွေ့လိုက်သည်။

ဒေါ်မြရီလည်း ကြောင်ပြီး ရပ်ကြည့်နေသည်။

မီးငြိမ်းရန်လည်း မကြိုးစား အချိန်တန်လျှင်လောင်ပြီး ငြိမ်းသွားမည်။







www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ထမိကို မီးလောင်ပြီ"

"ဟ ... ပလတ်စတစ်ပုံးပါဆက်ပြီး လောင်ပြန်ပြီ"

"ဘုရား ... ဘုရား ... ဘာကြောင့်များ မီးလောင်နေရပါလိမ့် ... ဇါ ... မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ မကြိုက်တဲ့ အမှားတစ်ခုခုများ လုပ်မိလို့လား"

ဒေါ်မြရီဘယ်လိုမှ မစဉ်းစားတတ်တော့။

မျက်စိအောက်မှာပင် မီးသုံးကြိမ်ဆက်တိုက် လောင်သွားသည်။

သို့ကြောင့် အိမ်ခြေရင်းဘက်ရှိ ပြတင်းပေါက်ကို ဖွင့်၍

"မောင်လှသန်း မင်းအမေ မမအေးတင်ရှိလား"

"မရှိဘူး အဒေါ်ကိစ္စ ရှိလို့လား"

"ရှိဆို မင်းတို့ပြန်သွားကြပြီး အခုထပ်လောင်တာ သုံးကြိမ်ဆက်တိုက်ပဲ ... မင်းဘယ်သွားစရာရှိလဲ ... မရှိရင် အဒေါ်အိမ်မှာ ခဏလာနေပေးပါလား"

"လာခဲ့မယ်အဒေါ် ဂျွန်ပေါ်ထမင်းစားနေလို့ ခဏလေး"

"အမေပြန်ရောက်လာရင်လည်း လွှတ်လိုက်မယ်"

"အေး ... အေး အဖော်တစ်ယောက်ယောက်ရှိရင် တော်သေးတယ်"





ခဏအတွင်းမှာပင် မောင်လှသန်းတို့ သားအမိ ဒေါ်မြရီအိမ်ရောက်လာသည်။

"အစ်မမြင်တဲ့အတိုင်းပဲ၊ စောစောကလူတွေရှိတော့ မီးလောင်တာ ကျဲသွားတယ်၊ ထပ်မလောင်တော့လို့ လူတွေ ပြန်လဲသွားရော ကျွန်မ မီးဗိုထဲဝင်ခဲ့တယ်"

"အဲဒီမှာ ကြက်သွန်ခြင်း မီးထလောင်တာပဲ၊ ထမိကတော့ အပေါက်ပဲ ပေါက်သွားတယ်"

"တစ်ခုပြီးတစ်ခု ဆက်တိုက်လောင်တာ"

"ဟော ... ဟော မမြရီရေ ... တံမြက်စည်းကို လောင်နေပြီ"

သူတို့ [illegible] ထောင်ထားသော တံမြက်စည်း မီးထလောင်သည်ကို တွေ့လိုက်သည်။

"ကျွန်မလည်း မစဉ်းစားတတ်တော့ဘူး၊ ဘာကြောင့် အခုလိုဖြစ်နေရတာလဲ"

"ဒါ ရိုးရိုးမဖြစ်နိုင်ဘူး၊ ဆရာကောင်းသမားကောင်းတွေ စုံစမ်းပြီး ယောဂလား၊ စုန်းတိုက် နတ်တိုက်လား၊ မေးကြည့်ကြရင်ကောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ညအိပ်နေတုန်း တစ်အိမ်လုံး မီးလောင်သွားမှဖြင့် မတွေးတက်အောင်ပါပဲ"

"အိပ်နေတုန်း လောင်ရင် လူပါ အန္တရာယ်ရှိနိုင်တယ်"

"အစ်မအေးတင်ရဲ့ အသိမိတ်ဆွေတွေအထဲမှာ ဆရာကောင်း သမားကောင်းများ မရှိဘူးလား"

ထိုစဉ် မောင်လှသန်းက ရုတ်တရက်

"ကျွန်တော့် အသိတစ်ယောက်ရဲ့ မိသားစုကတော့ ပယောဂ ကုနိုင်တဲ့ ဆရာရှိတဲ့ နေရာကို ညွှန်ပြနိုင်လိမ့်မယ်ထင်တယ်"

"ကျွန်တော် အေးသိန်းတို့အိမ်ကို အလည်သွားတုန်းက ပယောဂကုတဲ့ဆရာ၊ သူ့အစ်မကို ဆေးကုနေတာ တွေ့ခဲ့ရတယ်"

"မင်းသူငယ်ချင်းအစ်မက ဘာရောဂါဖြစ်လို့လဲ"

"သူ့အစ်မရောဂါက စုန်းပြူစားသလိုလို သိုက်ကပဲ အနှောင့်အယှက်ပေးထားသလိုလို ခေါ်မရ မေးမရ၊ ရူးကြောင်ကြောင် ဖြစ်နေတာနဲ့ အဲဒီဆရာနဲ့ ကုလိုက်တာ အေးသိန်းအစ်မ နေကောင်းသွားတယ်"

"ဟာ ... ဒါဆိုရင် မောင်လှသန်း သွားပြီး စုံစမ်းပေးပါလား၊ အဲဒီဆရာရှိတဲ့နေရာ သိရရင် အဒေါ်တို့သွားပြီး ပင့်ပါ့မယ်"

"ဝုန်း"





"အမလေး"

ဒေါ်မြရီထိုင်နေသော ကြိမ်ထိုးဆက်တီ မီးရှုတ်တရက် ထတောက်သဖြင့် ထိတ်လန့်မှု ကြီးစွာနှင့် ထအော်လိုက်သည်။

"ဆရာ ပင့်မယ်ဆိုလို့ မကျေနပ်လို့များလား"

"တို့ ဒီအတိုင်းတော့ နေလို့ မဖြစ်ဘူး"

"သွား မောင်လှဆန်း ... အမြန်သွား"

"အစ်မတင်အေး မနက်စာ စားပြီးပြီလား"

"မစားရသေးဘူး၊ မနက်က ထမင်းကြမ်းနဲ့ ဘူးသီးကြော် စားလေးလို့ ထမင်းစားဖို့တောင် မေ့နေတယ်။ မောင်လှသန်း ပြန်လာမှပဲ သွားစားတော့မယ်"

"ကျွန်မနဲ့အတူ စားလိုက် ... ကျွန်မလည်း ဗိုက်ဆာလို့ စားတော့မလို့ တစ်ခါတည်း ရှုံးခဲ့လိုက်မယ်"

ဒေါ်တင်အေးလည်း ဘာမှမပြောတော့၊ နှစ်အိမ်တစ်အိမ် သူ့ရှိ ကိုယ်စား ကိုယ့်ရှိသူစား ရင်းရင်းနှီးနှီး နေခဲ့ကြသူများဖြစ်သည်။

ဒေါ်အေးတင် ပိုင်းကူထည့်ပေးရန် မီးဖိုခန်းထဲ လိုက်သွားသည်။

ဒေါ်အေးတင်နှင့် ဒေါ်မြရီတို့ ထမင်းစားနေစဉ် မောင်လှသန်း ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပယောဂကုတဲ့ ဆရာ ပြီးခဲ့တဲ့ ရက်က ခရီးသွားနေတယ်တဲ့။ မနက်ဖြန်ရောက်မယ်လို့တော့ ပြောလိုက်တာပဲ"

"အေးသိန်းတို့ အိမ်နဲ့ ဆရာကြီး အဆက်အသွယ် အမြဲတမ်း ရှိတယ်တဲ့"

"ဒါဆို ကောင်းတာပေါ့။ တစ်ရက်တော့ သည်းခံပြီး စောင့်လိုက်ပါဦး၊ ကျွန်မတို့လည်း တစ်နေကုန် နေပေးပါ့မယ်"

"ညဘက် သတိထား အိပ်ရတော့မှာပဲ၊ ကိုတင်စိုးကိုလည်း နောက်နေ့အလုပ် မသွားဖို့ ပြောရမယ်"

ထို့နောက် ညနေပိုင်းတွင် အဝတ်အစားအချို့ မီးထတောက်သော်လည်း တစ်ထည်လုံး မလောင်သွားတော့ဘဲ မီးကျွမ်းသည့်အဝတ်က မီးကျွမ်းသလို၊ အပေါက်ဖြစ်သည့်အထည် အပေါက်အဖြစ် ကျန်ခဲ့သည်။

အားလုံး ထိုနေ့တစ်နေ့လုံး အကြိမ်နှစ်ဆယ်နီးပါး လောင်ကျွမ်းခဲ့သည်။

အလုပ်မှ ပြန်လာသော သားနှင့်ခင်ပွန်း ကျောင်းမှ ပြန်လာကြသော သားနှင့်သမီးတို့က မိခင်နှင့် ဒေါ်အေးတင်တို့ ပြောပြသည့် မီးလောင်သည့်ကိစ္စကို တအံ့တဩနှင့် နားထောင်နေကြသည်။





မီးကျွမ်းထားသော ပစ္စည်းများကို လက်တွေ့မြင်မှုကြောင့် မယုံချင်သော်လည်း ယုံကြရသည်။

"တကယ်ထူးဆန်းတာပဲ၊ ညဘက် မီးထလောင်ရင် သမီးတော့ အိပ်ပျော်တော့မှ မဟုတ်ဘူး"

"ဟုတ်တယ် ... သားတို့လည်း အိပ်နေတုန်း မီးလောင်မှာကို ကြောက်တယ်"

"ဘယ်လိုများ ဖြစ်ရတာလဲ ... တို့အိမ်နဲ့ ရပ်ကွက်နဲ့လည်း တည့်ပါတယ်"

"ကျွန်မလည်း မစဉ်းစားတတ်တော့ဘူး၊ လူတွေကတော့ စုန်းတိုက် နတ်တိုက်တာလို့ ထင်ကြေးပေးကြတယ်"

"အချို့ကလည်း ပုဏ္ဏကတိုက်တာလို့ ပြောကြတယ်"

"နားလည်တဲ့ လူရှိရင် ကောင်းမှာပဲ"

မောင်လှသန်းရဲ့အသိအိမ်က ပင့်ဖူးတဲ့ ဆရာကြီးကို မနက်ဖြန်ရှင်နဲ့ ကျွန်မသွားပြီး ပင့်ကြမယ်။ အိမ်ရဲ့အခြေအနေကို ကြည့်ရှုခိုင်းမယ်"

"ဒါဆို ငါအလုပ်သွားလို့ မရတော့ဘူးပေါ့"

"ဪ မနက် ဘုရားတန်ဆောင်းအပြီးသပ်ဖို့ တာဝန်ပေးထားတယ်။ ဒီအတိုင်းဆို သန်ဘက်ခါမှပဲ အလုပ်လာခဲ့မယ့်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသွားဆက်လိုက်ဦးမယ်”

ထိုအချိန် လူစုံတော့၊ မီးက ထမတောက်။

သို့သော် ညရှစ်နာရီခန့် ညစာစားသောက်အပြီး ဆက်တီပေါ် ထိုင်၍ တီဗွီထိုင်ကြည့်နေကြစဉ်

ကျောင်းကအပြန်ချွတ်ထားသော အင်္ကျီချိတ်မှာ ချိတ်လျက် ဝုန်းခနဲ မီးထတောက်သည်ကို အားလုံး တွေ့လိုက်ကြသည်။

“ဟော ... ဟောအမေ ... သားအင်္ကျီ မီးလောင်သွားပြီ”

အငယ်ကောင်လည်း ပါးစပ်ဟပြောရင်း သောက်ရေအိုးဆီ ပြေးသည်။

“ဟဲ ... ကျော်ကျော် ဘာလုပ်မလို့လဲ”

“ရေနဲ့ပက်ပြီး ငြိမ်းမလို့”

“နေပစေ ... အင်္ကျီလောင်ပြီးသွားရင် သူ့ဟာသူ ငြိမ်း သွားလိမ့်မယ်”

“နောက် အင်္ကျီတွေ လောင်ကုန်မှာပေါ့”

သူတို့တစ်ယောက်တစ်ပေါက် ပြောနေတုန်းမှာပင် မီးက ရုတ်တရက် ငြိမ်းသွားသည်။

ရှပ်အင်္ကျီကျောမှာ အပေါက်ကြီးဖြစ် ကျန်ခဲ့သည်။

“ထူးဆန်းတယ်နော်”





“ဟုတ်တယ်၊ ဒီအထည်လောင်ရင် ဒီအထည်ပဲ နောက် တစ်ထည်ကို ကူးပြီး မလောင်ဘူး”

“ဒါဆို အဝေးကများ ထိန်းချုပ်နေတာ ဖြစ်မလား”

“အံမယ် ဗွီဒီယိုတွေကြည့်ပြီး ... မဟုတ်မဟတ်တွေ ပြော တော့မယ်”

“ကဲ ... သမီး၊ တန်းပေါ်ကအထည်၊ လျှော်ပြီးသားတွေ ခေါက်လိုက်၊ မလျှော်ရသေးတဲ့ အဝတ်တွေ လျှော်မယ့်ပလားထဲ ထည့်လိုက်။ မြမြသွား စာနောက်မှဖတ် အမေခိုင်းတာ အရင်လုပ်”

“သမီး ကြောက်တယ်”

“ဘာကြောက်စရာရှိလို့လဲ၊ လူတွေ အားလုံးရှိနေတာပဲ။ သွားခေါက်ရမယ့် အထည်တွေ အမေ့ဆီယူခဲ့”

မြမြလည်း အဝတ်များသိမ်းရန် ထသွားစဉ် စားပွဲပေါ်ချထား သော စာအုပ် ဟုန်းခနဲ မီးထတောက်သည်။

“ဟာ ဖတ်စာအုပ် မီးလောင်ပြီ”

ဦးတင်စိုးက စာအုပ်ကို လှမ်းဆွဲရန်အထ မီးက ရုတ်တရက် ငြိမ်းသွားသည်။

မြမြက စားပွဲကိုပြေးလာပြီး စာအုပ်ကို ကြည့်လိုက်သည်။

“တော်ပါသေးရဲ့ အဖုံးကိုပဲ လောင်သွားတယ်”



www.burmeseclassic.com

www.burmeseclassic.com



ဦးတင်စိုးက ဖြစ်ပျက်ပုံအလုံးစုံကို အပြေရှာမတွေ့ဖြင့် ခေါ်ပြီး ကုတ်လိုက်မိသည်။

"အင်း ဂဠုန်းစားရ တော်တော်ခက်တယ်"

သို့ဖြင့် မီးလောင်မှုကို အဖြေရှာ၍ မရဘဲ နောက်နေ့သို့ ရောက်ခဲ့သည်။

အားလုံးမိသားစု စုံစုံညီညီ အိမ်မှာ ရှိနေကြသည်။ ကျောင်းသားများလည်း ကျောင်းမသွား ဆရာပင့်မည်ဆို၍ စိတ်ဝင်တစား ရှိနေကြသည်။

ညနေ သုံးနာရီခန့် ရပ်ကွက်တွင်းရှိ လူတချို့၏ ကူညီမှုကြောင့် ပထမဆရာလှကို အိမ်သို့ပင့်နိုင်ခဲ့ပါသည်။ အိမ်နီးနားချင်းများလည်း စုရုံးရောက်ရှိနေသည်။

ဆရာ့အသက်က ခြောက်ဆယ့်ငါးခန့်ရှိမည်ဟု ခန့်မှန်းမိလိုက်သည်။ မိမိတို့ အခက်အခဲကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု ဖေါ်မြရီတထစ်ချ ယုံကြည်လိုက်သည်။

ဆရာကြီးအိမ်ပေါ်ရောက်သည်နှင့် အိမ်အနှံ့ကြည့်လိုက်ပြီး ဘာမှမပြောဘဲ ဘုရားကို ဦးချလိုက်သည်။

ထိုစဉ် ဆရာကြီးက

"စုန်းတိုက် နတ်တိုက်လည်း မဟုတ်ဘူး။ အမှောင့်ပယောဂလည်း မဟုတ်ဘူး၊ အခုဖြစ်နေတာက ဒီအိမ်က အိမ်ရှင်ယောကျာ်းနဲ့ သက်ဆိုင်တယ်"

"ဗျာ"

"ဟုတ်တယ် နာမည်ဘယ်လိုခေါ်လဲ"

"တင်စိုးပါ ဆရာကြီး"

"မောင်တင်စိုး အခုရက်ပိုင်းအတွင်း အမှားတစ်ခုလုပ်ခဲ့တယ်တဲ့"

"ဗျာ ... ကျွန်တော် ဘာမှ မလုပ်ပါဘူး၊ ဆရာကြီး"

ထိုစဉ် ဆရာပင့်၍ မီးလောင်သည့်ကိစ္စ မေးမြန်းမည့်အကြောင်း တဆင့်စကား တဆင့်ကြားပြီး ပတ်ဝန်းကျင်ရှိလူများ အိမ်လုံးပြည့်နီးပါး လာရောက် နားထောင်ကြသည်။

ထိုလာရောက်သူအကြားမှ အမျိုးသမီးတစ်ယောက် ရုတ်တရက်

ဟီ ... ဟီ ... ဟီ

ဝုန်း ... ဝုန်း ... ဝုန်း

ငိုသလို ညည်းသလို အသံပြုပြီး ကိုယ်ခန္ဓာ တုန်တုန်ရီရီ ဖြစ်လာကာ လက်နှစ်ဖက် လက်သီးဆုပ်၍ ထခုန်တော့သည်။

အနီးရှိလူများ နောက်သို့ ရှဲသွားသည်။





www.burmeseclassic.com

www.burmeseclassic.com



"ကဲကဲ အကျိုးအကြောင်း သိရအောင် ထိုင်ပြီး ပြောပြစေချင်ပါတယ်"

ထိုသို့ ဆရာကြီးက ပြောလိုက်သည်နှင့် ပုန်းခနဲ မြည်အောင် ပစ်ထိုင်ချလိုက်သည်။

ခဏနေတော့ ဆရာကြီး စတင်မေးတော့သည်။

"အိမ်ထဲက ပစ္စည်းတွေကို ဘာကြောင့် မီးလောင်အောင် ပြုနေရလဲ ရှင်းပြပါ"

"မကျေနပ်လို့ကွ မကျေနပ်လို့"

"သင်က ဘယ်သူလဲ ... ဘာကြောင့် မကျေနပ်ရတာလဲ"

"တင်စိုးအလုပ်လုပ်နေတဲ့ ဘုရားဝင်းထဲမှာ စောင့်နေတဲ့ နတ်ဘီလူးပါ"

နတ်ဘီလူးဆို၍ တင်စိုးအပါအဝင်အားလုံး မျက်လုံးပြူးသွားကြသည်။

"ဘယ်လိုကြောင့် မကျေမနပ် ဖြစ်နေရတယ်ဆိုတာ ပြောပြပါ"

"စောင်းတန်းနားက ပြိုကျနေတဲ့ ကျုပ်ရဲ့ အုတ်တိုက်ပြသာဒ်လေးကို ဖြိုပြီး ရှင်းပစ်လိုက်တယ်၊ ကျုပ်ရဲ့ကိုယ်စား ရုပ်တုကိုလည်း အုတ်ကျိုးအုတ်ပဲ့တွေ ပုံထားတဲ့ အပုံထဲ ပစ်ထည့်ထားလိုက်တယ်။ ဒါကြောင့် မကျေနပ်လို့"





"ဒီကိစ္စ မသိရိုးအမှန်ပါ။ လွန်ခဲ့သော သုံးနှစ်ကမှ ကျောင်းထိုင်ဖြစ်လာတဲ့ ဆရာတော်ကလည်း ဘီလူး...စောင့်တာ မသိလို့ ဖြစ်ပါလိမ့်မယ်၊ ဒါကြောင့် တန်ဆောင်းအသစ်နဲ့ မလွတ်လို့ ရှင်းလင်းခိုင်းခဲ့တာပါ"

"တကယ်ပဲ အစောင့်ရှိတာ မှန်ရင် ဆရာတော်ကို ပြန်လျှောက်ပေးပါ့မယ်။ အနီးနားမှာ နတ်ဘီလူးရဲ့ အဆောင်ပြသာဒ်ကို ကျွန်တော် တာဝန်ယူပြီး ပြန်ဆောက်ထားပေးပါ့မယ်"

"ကျုပ်ကို ဘုရားတည်ကတည်းက အထက်ပုဂ္ဂိုလ်တွေက တာဝန်ပေးလို့ စောင့်ရှောက်ခဲ့တာ"

"နတ်ဘီလူးရုပ်လေးကလည်း တစ်တောင်လောက်ပဲရှိတာဆိုတော့ ကျွန်တော် အမှတ်တမဲ့ အုတ်ပုံမှာ ပစ်ထားလိုက်မိတာပါ"

"ဆရာတော်ကို လျှောက်ပြီးတာနဲ့ သင် ဘီလူးမင်းအတွက် ပြသာဒ်တစ်ဆောင် ဆောက်ပေးပါ့မယ်။ ဖြစ်ပျက်ပြီးသမျှကို သည်းခံခွင့်လွှတ်ပေးပါ"

"အုတ်တိုက်ပြသာဒ်ကလည်း ပျက်စီးနေတာကြာပြီဆိုတော့ ဆရာတော်ကလည်း အစောင့်ရှိမှန်း မသိလို့ ဖြစ်ပါလိမ့်မယ်"

"ကဲ ... အသင်ဘီလူးမင်း ကျေနပ်သည်အထိ တောင်းပန်ပြီးပြီ ကျေနပ်လိုက်ပါ။ အသင်နတ်ဘီလူးမင်းအတွက် ပြသာဒ်



www.burmeseclassic.com

www.burmeseclassic.com


တစ်ဆောင် ဆောက်ပေးဖို့ ကတိပေးတဲ့အတွက် လောဝမ်းလက်နက်နဲ့ ခြိမ်းခြောက်တာတွေ မလုပ်ပါနဲ့တော့"

"နေရာပေါင်းမဟုတ်တဲ တန်ဆောင်းနဲ့လွတ်တဲ့ နေရာပေါင်းနဲ့ နီးနီးဆိုရင် ဖြစ်လား"

"ရတယ် … ကျုပ်အတွက် သင့်တော်မယ့်နေရာ ဆရာတော်ကို အချိန်တန်ရင် အိပ်မက်ပေးမယ်၊ ဆရာကော်ပြတဲ့နေရာမှာ ဆောက်ပေး"

"မနက်ဖြန် ကျုပ်အတွက် ရည်စူးပြီး တင်စိုးမိသားစုက ခုနှစ်း ငှက်ပျောတစ်ပွဲ၊ သစ်သီးကိုးမျိုး၊ ပန်းပွင့်ကိုးပွင့်၊ ဆီမီးကိုးတိုင် ဘုရားမှာ သွားပြီးလှူလိုက်ပါ"

"ဘယ်ဘုရားကို သွားလှူပေးရမှာလဲ"

"ကျုပ် စောင့်နေတဲ့ ဘုရားမှာ"

"သိပါပြီ"

ထိုကဲ့သို့ မှာစရာရှိတာ မှာပြီးသည်နှင့် ထိုအမျိုးသမီး တစ်ကိုယ်လုံး ဘုန်ယင်လာပြီးနောက် မကြာခင် ငြိမ်သွားသည်။ ဝင်ပူးကပ်နေသော ဘီလူးလည်း ထွက်သွားတော့သည်။

"ကဲ ကြားကြတယ်မဟုတ်လား၊ ဘုရားမှာ အစောင့်ထားတဲ့ ဘီလူးရုပ်ကို ပျက်စီးသွားပြီဆိုပြီး ဖယ်ပစ်လိုက်လို့ စိတ်ဆိုးပြီး အခုလို သတိပေးတာ"

"ဘုရား ဘုရား ကံကြီးလို့ စိတ်ဆိုးပြီး လူကိုသေအောင် လုပ်လိုက်ရင် မတွေးဝံ့စရာပဲ"

"ဘုရားနားကနေတဲ့ အစောင့်တွေက ဘုရားပစ္စည်း မဖျက်ဆီးသမျှ အသက်အန္တရာယ်သေသည်အထိ မပြုပြင်ကြဘူး။ သိပ်လည်း စိုးရိမ်မနေနဲ့။ အခုဆို ဘာလုပ်ရမယ်ဆိုတာလဲ သိပြီးပြီ။ လုပ်စရာရှိတာ အမြန်လုပ်လိုက်ကြ"

"ဟုတ်ကဲ့ ဆရာကြီး၊ ကျောင်းမှာလည်း ခုတ်သဲ ဘိလပ်မြေ အဆင်သင့်ရှိနေတာမို့ ဆရာတော်နေရာပြတာနဲ့ အမြန်ဆုံး တည်ဆောက်ပေးပါ့မယ်"

"မနက်ဖြန် ပွဲသွားလှူလိုက်ကြ" ကဲ … ဆရာကြီးလည်း ကိစ္စပြီးပြီမို့ ပြန်တော့မယ်"

ဆရာကြီးလည်း ဘုရားကို ဦးချပြီးနောက် အိမ်မှ ပြန်သွားတော့သည်။

ပြဿနာအရင်းခံကို သိပြီးပြီမို့ အားလုံးစိတ်ချမ်းသာ သွားကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် တစ်ပတ်အတွင်း တန်ဆောင်းအသစ်ဘေး တစ်လုံ ခန့်အကွာ ဘီလူးရုပ်လေးကို ဆေးကြောသန့်စင်ကာ ဆေးရောင် ခြယ်ပြီး အုတ်တိုက်ပြသာဒ်အသစ်လေးနှင့် ထားပေးလိုက်သည်။

ထိုအချိန်မှစ၍ ကိုတင်စိုးတို့အိမ်လည်း လောင်မီးကျခြင်းမှ ကင်းဝေးချမ်းသာ ရခဲ့လေတော့သည်။

---

BURMESE CLASSIC .com

# တစ္ဆေ တကယ်ရှိသည်

လောကတွင် တစ္ဆေ သရဲ ဘုတ်ပြိတ္တာတို့ တကယ်ရှိကြောင်း အဆိုးအမစကားတို့၌ အတိအလင်း ပြဆိုခဲ့သည်။

ငါးရာငါးဆယ် ဇာတ်တော်များတွင်လည်း တစ္ဆေ ပေတ၊ တော်တော်များများ ရှိခဲ့သည်။

ဤကဲ့သို့ တစ္ဆေ သရဲ ပြိတ္တာ အစရှိသော နာနာဘာဝ ကြောင်းကိုလည်း ပေတဝတ္ထု၊ ဝိမာနဝတ္ထု၊ ဓမ္မပဒ၊ အဋ္ဌကထာ တော်ကြီးများတွင် မြတ်စွာဘုရား ဟောကြားသော တရား တော်များ အသေအချာ ရှိခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



ဘုတ်ပြိတ္တာ၊ ကျက်ပြိတ္တာများသည်လည်း နေဝင်ရီတရော နွားရိုင်းသွင်းချိန် သန်းခေါင်ယံအချိန်များတွင်သွားကာ ကျက်စား တတ်သည်။

ယခုရေးသားတင်ပြမည့် သရဲကား၊ အင်္ဂလိပ်ခေတ်က အောက်မြန်မာနိုင်ငံကြီးကို ဦးစွာပထမ ဆာအာသာဖယ်ရာ စစ်ဗိုလ်ကြီး အုပ်စိုးခဲ့သည်။

ထိုစစ်ဗိုလ်ကြီး အင်္ဂလန်ပြည် ပြန်သွားပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး ရာထူးနှင့် ဒုတိယမြောက် ဆက်ခံအုပ်စိုးသော စစ်ဗိုလ်ကြီး အယ်လဘတ်ဖိုက် ကိုယ်တိုင် ရေးသားခဲ့သည်။ စာအုပ်တစ်အုပ်တွင် ရေးသားထားသည့် အကြောင်းအရာတို့ကို ပြန်လည်ရေးပြရသော် ...

အယ်လဘတ်ဖိုက်မင်းကြီး၏ ကျောင်းနေဖက်လည်းဖြစ်၊ အလွန်ချစ်ခင်ရင်းနှီးလှသော သူငယ်ချင်းတစ်ယောက်နှင့်အတူ အင်္ဂလန်တွင် ကောလိပ်ကျောင်းကြီးသို့ အတူတက်ခဲ့ကြသည်။

သို့အတွက်ကြောင့် ကျောင်းတွင် အခြားသူငယ်ချင်းများထက် သူတို့နှစ်ယောက်က အမြဲ တတွဲတွဲ ရင်းနှီးမှု ပိုခဲ့သည်။

အယ်လဘတ်ဖိုက်သည် အသက်(၁၉)နှစ်အရွယ်တွင် ဘင်္ဂလား စစ်တပ်၌ အမှုထမ်းခွင့်ရခဲ့သည်။





သို့ကြောင့်ပင် သူငယ်ချင်းနှစ်ယောက် တို့ဒ႑ချိန်မှစ၍ ခွဲခွာကြရတော့သည်။

အယ်လဘတ်ဖိုက်၏ သူငယ်ချင်းမှာ အင်္ဂလန်တွင် စာသင်ကြားပြီး ကျန်ခဲ့သည်။

ထိုသို့ ခွဲခွာလာပြီးနောက် တိုင်းပြည်အနှံ့ စစ်ရေးစစ်ရာကြောင့် သွားလာနေခဲ့ရသည့်အတွက် တစ်ယောက်နှင့်တစ်ယောက် မတွေ့ကြသည်မှာ နှစ်ပေါင်းအတော် ကြာခဲ့သည်။

အယ်လဘတ်ဖိုက်လည်း ဆိုင်ရာ အလုပ် ဝတ္တရားတို့ကို ကျေပွန်စွာ ထမ်းဆောင်လာခဲ့သည်။ သို့ကြောင့် ဘုရင်မကြီးက အယ်လဘတ်ဖိုက်အား ဝန်ရှင်တော်မင်းကြီးအဖြစ်သို့ ရာထူးတိုးပေးခဲ့သည်။

ဝန်ရှင်တော်မင်းအဖြစ်သို့ ရောက်ရှိ၍ ခရစ်သက္ကရာဇ်(၁၈၅၇)ခုနှစ်တွင် တနင်္သာရီနယ်သို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရသည်။

ထိုအခါ တနင်္သာရီနယ်သို့ မသွားသေးဘဲ၊ မော်လမြိုင်မြို့၌ ခေတ္တ ရုံးထိုင်နေသည်။

တစ်နေ့သော နံနက်စောစော အိပ်ခန်းအတွင်း၌ အဝတ်အစား လဲလှယ်နေစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဃယ်သူငယ်ချင်းဖြစ်သူသည် ဝန်ရှင်တော်မင်းကြီး အဝတ်လဲ နေရာ အိပ်ခန်းအတွင်းသို့ ဝင်လာလေသည်။

ဝန်ရှင်တော်မင်းကြီးလည်း မတွေ့တာကြာပြီဖြစ်သော သူငယ်ချင်းကို ရုတ်တရက် တွေ့လိုက်သဖြင့် ဖော်မပြတတ်အောင် ဝမ်းသာသွားသည်။

"ဟိုင်း သူငယ်ချင်း မော်လမြိုင်ကို လာလည်သလား။ မင်းနဲ့ တွေ့ချင်တာနဲ့ အတော်ပဲကွ"

"အေး ငါလည်း သူငယ်ချင်းနဲ့ ကွဲကွာသွားတာ အမြဲသတိရ နေတယ်။ အခု သူငယ်ချင်း ဒီမှာရှိတယ်ဆိုတာသိလို့ နှုတ်ဆက်ရအောင် လာခဲ့တာပဲ"

"ဝမ်းသာတယ် သူငယ်ချင်း၊ အဝတ်အစား လဲလိုက်ဦးမယ်၊ လက်ဖက်ရည်သောက်ပြီး စကားပြောကြတာပေါ့"

"ဟိုဧည့်ခန်းထဲမှာ ခဏစောင့်ပေးပါ"

ထိုသို့ပြောလိုက်သည်နှင့် သူငယ်ချင်းဖြစ်သူလည်း အခန်းပြင်သို့ ထွက်သွားတော့သည်။

ဝန်ရှင်တော်မင်းကြီးလည်း သူငယ်ချင်းအပြင်သို့ ထွက်သွားသည့်အတွက် အဝတ်အစားအမြန်လဲပြီး အပြင်သို့ ထွက်ခဲ့သည်။

ဧည့်ခန်းထဲသို့ ရောက်သောအခါ သူငယ်ချင်းဖြစ်သူကို မတွေ့



ဟိုဟိုသည်သည်များ လှည့်ပတ်ကြည့်နေလေ သလား။ မြို့တွင်းဆင်းပြီး ပန်းအလှများ ကြည့်နေလေသလား။ အိမ်တွင်း အိမ်ပြင် လှည့်ပတ်ရှာသော်လည်း သူငယ်ချင်း၏အရိပ်အယောင်ကိုမျှ မမြင်။

ထိုအခါ အိမ်ရှေ့တွင် အမြဲစန္ဒာရီ စောင့်နေသော အမှုထမ်းကို ခေါ်ပြီး၊

"ဧည့်သည်တစ်ယောက် ဘယ်ထွက်သွားလဲ"

စန္ဒာရီအစောင့်က

"ကျွန်တော်မျိုး၊ အရှင်မင်းကြီးရဲ့ ဘယ်အသိမိတ်ဆွေမှ မတွေ့ပါဘူး။ ဝင်လာတာလည်း မတွေ့ပါဘူး။ ထွက်သွားတာလည်း မတွေ့ပါဘူး မင်းကြီး"

"မဖြစ်နိုင်ဘူး၊ ဧည့်သည်ရောက်လာတယ်"

"ဒီမနက်ပိုင်းမှာ မင်းကြီးကို တွေ့ဖို့ ဘယ်ဧည့်သည်မှ မလာပါဘူး ခင်ဗျာ။ ကျွန်တော်မျိုး အချိန်ပြည့် စောင့်နေတာပါ မင်းကြီး"

ဝန်ရှင်တော်မင်းကြီးလည်း အစောင့်၏ ပြန်ဖြေသော စကားကို သိပ်မကျေနပ်ချင်၊ စိတ်ထဲ၌

"ဘယ့်နှယ်လဲ၊ ငါ့သူငယ်ချင်းနဲ့ငါ၊ မျက်နှာချင်းဆိုင် စကားပြောလိုက်ရပါလျက်၊ ဘယ်လိုက ဘယ်လို ပျောက်သွားရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ကို ကွဲကွာသွားတာ ကြာလို့ သတိလည်း မရတော့ဘူး။ တမ်းတနေတာလည်း မရှိတော့ဘူး၊ ငါ့စိတ်လည်း မကူးမိပါဘူး။ သူတကယ် ရောက်လာတာပဲ"

ထိုသူ မော်လမြိုင်မြို့သို့ တကယ် မရောက်နိုင်ခဲ့ရာမရှိ။

အကြောင်းက မော်လမြိုင်မြို့ကို ပင်လယ်ကူး သင်္ဘောမျိုးစုံ အရပ်ရပ်အတိုင်းတိုင်းရှိ မိတ်ဖက်နိုင်ငံများမှ မီးသင်္ဘောများ ဝင်ထွက်သွားလာနေသည်။

စည်ကားသော ပင်လယ်ကူးသင်္ဘောဆိပ်ကြီးဖြစ်သဖြင့် နိုင်ငံခြားခရီးသည်များ၊ ကုန်သည်များ ဥဒဟို ဝင်ထွက်နေကြသည်။

ဤသို့ဖြင့် ဝန်ရှင်တော်မင်းကြီးလည်း သူငယ်ချင်းရောက်လာပြီး၊ မနှုတ်ဆက်ဘဲ ချက်ချင်း ပြန်ပျောက်သွားသည့်ကိစ္စ စိတ်ထဲမတင်မကျနှင့် ရက်တို့ရွေ့လျား ကုန်လွန်ခဲ့သည်။

စိတ်ထဲ ဒွိဟဖြစ်နေ၍ (၁၄)ရက်ခန့်အကြာ သတင်းစာတစ်စောင်၌ မိုင်(၆၀၀)ခန့် ဝေးကွာသော ပင်လယ်ရေလမ်းခရီးတွင် အဆိုပါသူငယ်ချင်း သေဆုံးကြောင်း သတင်းစာမှာ ဝန်ရှင်တော်မင်းကြီး ဖတ်လိုက်ရသည်။





ထိုသေဆုံးသောရက်နှင့် ဝန်ရှင်တော်မင်းကြီးအိမ် သူငယ်ချင်းရောက်လာသော နေ့ရက်တို့ကို ပြက္ခဒိန်မှာ ကြည့်မိရာ သေသော နေ့နှင့် တစ်နေ့တည်း ဖြစ်နေသည်။

ထိုရက်မှစပြီး ဝန်ရှင်တော်မင်းကြီးလည်း ငါ့အခန်းကို ရောက်လာပြီး ငါ့ကို စကားလာပြောသွားတာ၊ နာနာဘာဝ၊ ဝိနာဘာဝ၊ တစ္ဆေတစ်ကောင်သာဖြစ်ကြောင်း ယုံကြည်သွားတော့သည်။

ထို့နောက် မည်သူကမှ တစ္ဆေသရဲမရှိဟု ပြောဆိုခြားသော်လည်း ကျုပ်မယုံ၊ ကျွန်ုပ်ကိုယ်တိုင် ဒိဋ္ဌတွေ့မြင်ရသောကြောင့် တစ္ဆေသရဲ နာနာဘာဝရှိကြောင်း ကျမ်းသစ္စာဆို၍ သက်သေခံဝံ့သည်ဟု ဝန်ရှင်တော်မင်းကြီး အယ်လဘတ်ဗိုက်ကိုယ်တိုင် Ghost Story ခေါ် စာအုပ်တစ်အုပ်ကို ရေးသားထားခဲ့သည်။

ထို့အတူ လူမျိုးကွဲ ဘာသာခြား နာနာဘာဝ သရဲတစ္ဆေ ရှိကြောင်း မယုံမကြည် အယူမရှိခဲ့သည့်သူကိုယ်တိုင် ယုံကြည်၍ သေချာစွာ ရေးသားခဲ့ခြင်းလည်း ဖြစ်သည်။

ထို့အတူပင် တစ္ဆေ သရဲ အထင်အရှား ရှိကြောင်းကို လယ်တီဆရာတော်ကြီး၊ သက်တော်ထင်ရှား ရှိစဉ်က

သက္ကရာဇ်(၁၂၇၀)ပြည့်နှစ်က မြောင်းမြနယ်၊ ဆ[illegible]ချောင်းရွာတွင် ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး [illegible]ရေးပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



မိန့်တော်မူသည့်စကားကို မှတ်သားလိုက်ရသည်။

သီပေါဘုရင်မင်းမြတ်လက်ထက်၌ ဆရာတော်ဘုရားကြီးသည် မန္တလေးရွှေမြို့တော် မဟာဇောတိကရာမ၊ စံကျောင်းတိုက်၌ သီတင်းသုံး၍ စာပေပို့ချနေစဉ်၊

ဆွမ်းခံခြင်းဝတ်ကိုလည်း မပြတ်ပြုကာ နေခဲ့သည်။

တစ်နေ့သော နံနက်၊ မိုးလင်းကာနီး အုန်းမောင်းခေါက်သည်နှင့် မိုးမလင်းမီ ကပ္ပိယအား အကြောင်းကြားလျက် သပိတ်ကိုပိုက်ကာ မြို့တွင်းသို့ ဆွမ်းခံထွက်ခဲ့သည်။

ထိုသို့ ဆွမ်းခံထွက်လာခဲ့ရာ လမ်းငယ်၏ လမ်းအလယ်တွင် ဆရာတော်ဘုရား ကြွမည့်လမ်းကို ပိတ်ဆို့လျက် မတင့်တယ် ကြောက်စရာကောင်းသော ရုပ်ရည်ရူပကာယ၊ အနိဋ္ဌဖြစ်ဖွယ်သော တစ္ဆေသရဲကြီးကို တွေ့မြင်လေသည်။

ဆရာတော်ဘုရားက မေတ္တာပို့သ အမျှပေးဝေသောအခါ ထိုတစ္ဆေသဘက်ကြီးက သာဓုအနုမောဒနာ ခေါ်လိုက်သည်။

သာဓုခေါ်လိုက်ပေမယ့် တစ္ဆေကြီးက မပျောက်ကွယ်သွားဘဲ ဆရာတော်ဘုရားကိုလည်း လမ်းမပယ် နေမြဲအတိုင်းပင် နေလေသည်။



ထိုအခါ လယ်တီဆရာတော်ဘုရားကြီးက "ဒါယိကာ ငါ့မှာ ဆွမ်းခံဝတ်ရှိသေးသည်။ သင် လမ်းမပယ်၍ ဆွမ်းခံပျက်မှာ စိုးပါသည်"

"လင်းကြက်တွန်သံများလည်း ကြားပြီးပြီ။ အချိန်မရှိတော့ပါ။ လမ်းဖယ်ပေးပါဘိ"

တောင်းပန်စကား ပြောကြားလိုက်ရာ တစ္ဆေသဘက်ကြီးက ဆရာတော်ဘုရားအား

"အရှင်ဘုရား သည်းခံတော်မူပါ။ အရှင်ဘုရား၏ ဆွမ်းခံဝတ် မပျက်စေရပါ။ တပည့်တော်၏ ဝဋ်ဒုက္ခဆင်းရဲခြင်းတို့ကို လျှောက်ထားပါရစေဘုရား"

ဟု သရဲကြီးက ခွင့်တောင်းလေသည်။

"အရှင်ဘုရား တပည့်တော်၏ မတင့်မတယ် အပါယ်ဘုံသား မကောင်းကျိုးပေးသော ဒုမနရူပကာယကို ကြည့်ပါတော့ဘုရား၊ တပည့်တော်သည် အတိတ်ဘဝဟောင်းက ဆယ့်ငါးဝါရ၊ သာသနာ ဝန်ထမ်း၊ ရဟန်းဖြစ်ခဲ့ပါတယ်ဘုရား"

"ရဟန်းဖြစ်ပါလျက် ဗျာပါဒ၊ နိဝရဏတည်းဟူသော ဒေါသမှု လှိုင်းဂယက်ဖြင့် ကမ်းမမှီ၊ ဝဲသြဃကွင်း လှေပျက်၍ စိတ်မြုပ် ဆိုးရှုံးရသည့်နယ်ပင် လယ်ကို လက်ပစ်ကူးသော သူများနှင့်

www.burmeseclassic.com

www.burmeseclassic.com



တူသော တပည့်တော်အား

"အစဉ်သနားသဖြင့် ပစ္စက္ခ၊ မျက်မှောက်ဘဝတည်းဟူသော အပယဒုက္ခ၊ ဝဋ်ဆင်းရဲသံသရာမှ မြန်မကြာ ကျွတ်လွတ်ပြီး ထွက်မြောက်နိုင်ပါရန် အရှင်ဘုရားအား လျှောက်ထားရပါသည်။

အရှင်ဘုရားနှင့် တွေ့ဆုံရာ ဤနေရာမှာ တပည့်တော် ရှိနေပါသည်။

"အရှင်ဘုရားကောင်းမှုပြုသည့်အခါတိုင်း ဤနေရာသို့ စိတ်ညွတ်ပြီး အမျှပေးဝေတော်မူပါဘုရား"

"အရှင်ဘုရား အမျှဝေတိုင်း သာဓုခေါ်ရပါလိုၡ၏ဘုရား"

လျှောက်ထားအသနားခံပြီး ကွယ်ပျောက်သွားလေသည်။

ထိုကဲ့သို့ ဝန်ရှင်တော်မင်းကြီး သရဲနှင့် ဆုံတွေ့ခဲ့ပုံ၊ လယ်တီဆရာတော်ဘုရားကြီးကိုယ်တော်တိုင် ဒုမနတစ္ဆေသဘက်ကြီးက စကားပြောလျှောက်ထားသည်ကို ကြားရမြင်ရခြင်း အစရှိသော

ဒိဋ္ဌပုံသက်သေတို့ကို ထောက်ထား၍

အယူမှားသောသူများ မကောင်းမှုပြုမိသောသူများ ကုသိုလ်ကောင်းမှု မရှိသောသူများ သေသည့်အခါ ယုတ်ညံ့သောဘဝ၌ ဖြစ်တတ်သည်ကို သတိသံဝေဂ ရစေသည်။





မကောင်းမှုဒုစရိုက်ကို ရှောင်ကြဉ်ပြီးလျှင် ကုသိုလ်ကောင်းမှု တိုးတက်စွမ်းသမျှ ပြုကြရန် လိုအပ်ပေသည်။

ထို့ကြောင့် ရေဗူးနှင့် ဖိနပ်မပါလျှင် နွေအခါမှ သိမည်။ ဒါနနှင့် သီလမပါလျှင် သေခါနီးမှ သိမည်ဟူသော ရှေးစကား မှတ်သားနာယူဖွယ်ကောင်းလှပေသည်။

**ကျော်မင်း**

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါကို ပြန်ခြောက်တဲ့သရဲ

ကောန်မင်း

BURMESE CLASSIC .com

ဖြန့်ချိရေး
မိတ်ဆွေစာပေ
(၆၀)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်
၀၉ ၂၅၀၆၆၁၃၀၁၊ ၀၉ ၇၉၉၇၅၃၃၉၃

www.burmeseclassic.com